
www.burmeseclassic.com

အောင်မြင်စာပေ

ဂမ္ဘီရ ဆန်းကြယ် လုံးချင်း ဝတ္ထုသစ်

# ကြိုခဏ္ဍ

ဆယ့်နှစ်ကြိုး မောင်ရဲ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# အောင်မြင်
## စာပေ



၈၉၅.၈၃
ကြိုစက္က
ဆေယ်နှစ်ကြိုး မှော်ရ/ ကြိုစက္က။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၃။
၂၅၀ - စာ၊ ၁၂.၅ x ၁၈.၃ စင်တီ။
(၁) ကြိုစက္က

ထုတ်ဝေသူ ဦးဇေအောင်မြင့်၊
ဖြန့်ချီရေး အောင်မြင်စာပေ၊
အတွင်းပုံနှိပ် နှင့် မျက်နှာဖုံးပုံနှိပ်
အောင်မြင်ပုံနှိပ်တိုက်၊ ပထမအကြိမ်၊ ၂၀၁၃ ခုနှစ်၊ (ဇူလိုင်လ)၊ အုပ်ရေ (၅၀၀)၊



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

❖ သစ်ပင်တစ်ပင်မှာ
အပြင်က ကောက်နေသော်လည်း
အတွင်း၌ ဖြောင့်နေပါက အသုံးပြုနိုင်သေးသည်။
လူတစ်ယောက် အတွင်းစိတ် ကောက်နေပါက
မည်သည့်နေရာမှ အသုံးမတည့်တော့ပေ။

❖ ဘဝက ခွန်အားတစ်ခုစီကို
လူတိုင်းမှာ ထည့်ပေးထားပြီးသားပါ။
ထိုခွန်အားကို အသုံးမချတတ်ရင်တော့
ညှိုးဖျင်းတဲ့လူစာရင်းထဲကို
အလိုလို ရောက်သွားပါလိမ့်မယ်။

❖ ချစ်တတ်တဲ့စိတ်လည်း ရှိပါတယ်...
ချစ်ချင်တဲ့ အသည်းနှလုံးလည်း ရှိပါတယ်...
မရှိသေးတာက...
အချစ်စစ်ကို ဝေခွဲပေးနိုင်တဲ့ မျက်စိပါပဲ။

BURMESE CLASSIC .com

# ဒဿနလက်ဆောင်

❖ ဘဝဆိုးက လွတ်မြောက်ချင်ရင်တော့
စိတ်ပျက်အားငယ်နေရုံနဲ့ မရပါဘူး၊
သောကရောက်နေရုံနဲ့လည်း အဆင်မပြေပါဘူး၊
အဲဒီအကြောင်းကို မေ့ထားပြီး
တစ်ခုခုကိုသာ လုပ်ဖြစ်အောင် လုပ်ပါ
မလွဲမသွေ အဆင်ပြေလာပါလိမ့်မယ်။

❖ ဒေါသမထိန်းနိုင်ခြင်းသည်
အခြားသူထံမှ အကုသိုလ်ကို
အခမဲ့ ဝယ်ယူလိုက်ခြင်းသာဖြစ်ပေ၏။

❖ သင့်အတွက် မုန်းစရာကောင်းသောသူမှာ
အခြားသူတစ်ယောက်အတွက်
ချစ်စရာအကောင်းဆုံး ဖြစ်နေတတ်သကဲ့သို့
အခြားသူများ ဝိုင်းဝန်းမုန်းတီးနေသူကိုမှ
သင်က အမြတ်နိုးဆုံး
ဖြစ်ချင်လည်း ဖြစ်နေတတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ဒေသနလက်ဆောင်

❖ မေတ္တာစစ် မေတ္တာမှန်ကို
လူတိုင်းလိုချင်သော်လည်း
လူတိုင်းမရနိုင်ကြပါပေ။
မုန်းတီးနာကြည်းမှုများကတော့
မလိုချင်လည်း...
နေ့စဉ်လိုလို ရောက်လာလေ့ရှိပါတယ်။

❖ ကမ္ဘာကြီးကို အရာရာ ပြည့်စုံစေဖို့
သဘာဝတရားတို့က ဖြည့်ဆည်းပေးကြရတယ်...
အချစ်ကို ဖြည့်ဆည်းပေးဖို့တော့
ချစ်သူနှစ်ဦးရဲ့တာဝန်သာဖြစ်ပါတယ်...
သို့ကြောင့်...နှလုံးသားမှ ဝတ္တရားရှိသည့်အတိုင်း
လိုက်နာဆောင်ရွက်ပေးကြရပါတယ်...။

❖ ပေးလိုက်ပြီး မဆုံးရှုံးတဲ့အရာ ရှိပါတယ်
တစ်ခုက မေတ္တာတရားဖြစ်ပြီး
နောက်တစ်မျိုးက......
အချစ်စစ်ပဲ ဖြစ်ပါတယ်...။

# ဒေသနလက်ဆောင်

❖ သစ်ပင်တစ်ပင်.....
အမြင့်မှာ တလူလူ လွင့်ပြီး....
ဖူးပွင့်ဝေဆာနေတာကို အားမကျပါနဲ့...
သစ်ပင်မြင့်လေလေ.....
မြေတွင်းထဲ နက်အောင်ဆင်းပြီး.....
ရေရှာပေးနေရတဲ့ သစ်မြစ်ရဲ့ကြိုးစားမှုကိုသာ
အသိအမှတ်ပြုပေးပါ။

❖ သင့်ကလေးရဲ့အနာဂတ်ကို
အဝေးကြီး မျှော်မကြည့်ပါနဲ့
ဒီကနေ့ သူ ဘယ်အခြေအနေ ရောက်နေပြီဆိုတာ
သိအောင် အရင်ကြိုးစားသင့်ပါတယ်။

❖ မိမိလက်နှစ်ဖက်ကို
လက်တွဲဖော်တွေအတွက်ပဲ ထားပါ။
မလိုက်ချင်သူတွေကို
အတင်းဆွဲခေါ်ဖို့ မကြိုးစားပါနဲ့
သင်ပါ ရှေ့မတက်နိုင်ဘဲ
ဖြစ်နေတတ်ပါတယ်။

www.burmeseclassic.com

# ဤဝတ္ထုတွင်ပါဝင်သောအခန်းများ


အခန်း(၁) ဦးဗန်ကောင်းနှင့် ထူးခြားသောဗိုးသူတော်

အခန်း(၂) သိဒ္ဓိပေါက်သော အဂ္ဂိရတ်ပညာများ

အခန်း(၃) အဂ္ဂိရတ်လှူသတ်သမားနှင့် တွေ့ရခြင်း

အခန်း(၄) အလောင်းပျောက်သောည

အခန်း(၅) ဗိုးသူတော်နှင့် နိမိတ်ကောက်ပုံများ

အခန်း(၆) အမှောင်ရိပ်ထဲမှ မျက်နှာမည်း

အခန်း(၇) ပရလောကနှင့် ဆက်စပ်နေသော ဆေးပညာ

အခန်း(၈) လူလော နာနာဘာဝပေလော

အခန်း(၉) အမှောင်ရိပ်ထဲမှ သဲလွန်စ

အခန်း(၁၀) မရဏကြိုးယုက်လိမ် ပုဆစ်အိမ်

အခန်း(၁၁) ပုဆစ်အိမ်အတွင်းမှ ကယ်တင်ရှင်

အခန်း(၁၂) မိစ္ဆာဝိဉာဉ်နှင့် အစတေးခံ သားကောင်များ

အခန်း(၁၃) ဦးသူတော်နှင့် ဂမုန်းနက်မှော်ဝင်ကြိုး

အခန်း(၁၄) မှော်ဝင်ကြိုးနှင့် ကိုယ်ပွားမိစ္ဆာ

အခန်း(၁၅) ကိုယ်ပွားမိစ္ဆာနှိမ်နင်း

အခန်း(၁၆) ဆယ့်နှစ်ကြိုးမှော်ရုံ




## အခန်း(၁)

## ဦးဗန်ကောင်းနှင့် ထူးခြားသောဗိုးသူတော်

ရှေးနှစ်ပေါင်းများစွာကပင် ရွှေတိဂုံစေတီတော်မြတ်ကြီး တည်ရှိရာ သိင်္ဂုတ္တရကုန်းတော်ကို ဝန်းရံထားသော ကုန်းပေါင်း (၉၉)ကုန်းရှိသည်ဟု အဆိုရှိခဲ့ပေသည်။

ရန်ကုန်မြို့ နယ်နိမိတ်အတွင်း၌ ကုန်းအမည်ပါသော နေရာအတော်များများ ရှိနေသေးရာ ထိုမှတ်တမ်းမှာ မှန်သည်ဟု ယူဆရပေသည်။

နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သဖြင့် ကုန်းအမည်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ပါသော အချို့နေရာများမှာ ကွယ်ပျောက်သွားခဲ့ကြပြီး အချို့နေရာများမှာတော့ မူလရှိခဲ့သော ကုန်းပါသော အမည်များအစား အခြားအမည်များဖြင့် ပြောင်းလဲခဲ့ကြလည်း ရှိသည်။

ထိုသို့ပြောင်းလဲကြသည့်တိုင် ယနေ့တိုင် မပျောက်မပျက် လူသိများနေသည့် နေရာအချို့ကတော့ ရှိနေကြသေး၏။

၎င်းတို့မှာ စော်ဘွားကြီးကုန်း၊ ဒညင်းကုန်း၊ မြေနီကုန်း၊ မရမ်းကုန်း၊ မင်းဓမ္မကုန်း အစရှိသောနေရာများတို့ပင် ဖြစ်ကြသည်။

ရန်ကုန်မြို့အကြောင်း ပြောမည်၊ ရေးမည်ဆိုပါက ထိုအမည်များမှာ ပြောင်းလဲမရသောအမည်များပင် ဖြစ်ကြလေသည်။

အခြား. . . စော်ဘွားလေးကုန်း၊ ပန်းပင်ကုန်း၊ မလွှကုန်း၊ နှင်းဆီကုန်း၊ ပေပင်ကုန်း၊ ပုရွက်ဆိတ်ကုန်း (ယခင်ပွဲဆိပ်ကုန်း)ဆူးလေကုန်း၊ ကွမ်းခြံကုန်း၊ သိမ်တောင်ကုန်း၊ ပိန္နဲချော်တွင်းကုန်း၊ ဘို့ကုန်း၊ အောင်မင်းခေါင်ကုန်း ဓမ္မရက္ခိတကုန်း၊ နောင်တော်ကြီးကုန်း၊ ရွှေခုံတိုင်ကုန်း (ယခုရွှေဂုံတိုင်) ရွှေတောင်ကုန်း၊ ငါးထပ်ကြီးကုန်း၊ ခြောက်ထပ်ကြီးကုန်း၊ မုန့်လက်ဆောင်းကုန်း၊ ဆယ်မိုင်ကုန်း၊ အောင်ချမ်းသာကုန်း၊ မှော်ဘီဘိုးဘိုးကြီး ကုန်းတော်၊ ကြို့ကုန်း. . . အစရှိသည်ဖြင့် အမြောက်အမြား ရှိပါသည်။

ကုန်းပေါင်း(၃၉)ကုန်း ပြည့်အောင် ရေးရမည်ဆိုလျှင်





တော့ ဆုံးနိုင်တော့မည် မဟုတ်ပေ။

ထိုကုန်းများထဲမှာ ယခုဝတ္ထုတွင် ပါဝင်သော ကုန်းနှင့် ပတ်သက်သော အကြောင်းအရာအချို့ကို ဦးစွာဖော်ပြပေးလိုပါသည်။

စော်ဘွားကြီးကုန်းမှာ ရန်ကုန်မြို့ မတိုင်ခင်ကတည်းက ရှိခဲ့သော နေရာတစ်နေရာပင်ဖြစ်သည်။

အင်းစိန်မြို့နယ်အတွင်း၌ ပါဝင်ပြီး ပြည်လမ်း၊ လမ်းသစ်လမ်းနှင့် အင်းစိန်ဘူတာရုံလမ်းတို့ ဆုံတွေ့သော နေရာတစ်ဝိုက်ကို စော်ဘွားကြီးကုန်းဟု အမည်ပေး ခေါ်ဝေါ်ခဲ့ကြပေသည်။

စော်ဘွားကြီးကုန်းမှာ ရှေးနှစ်ပေါင်းများစွာကပင် သိဂုတ္တရကုန်းတော်ကို ဝန်းရံနေသည့် ကုန်း(၃၉)ကုန်းတို့တွင် တစ်ကုန်းအပါအဝင်ဖြစ်ကြောင်း ဆိုကြသည်။

အင်းဝမင်းဆက်ကို စတင်တည်ထောင်ခဲ့သူ သတိုးမင်းဖျားလက်ထက်တွင် ရှမ်းစော်ဘွား မောင်နှမသုံးယောက်တို့သည် စော်ဘွားကြီးကုန်း၏တောင်ဘက်(ယခု လေယာဉ်ပျံကွင်း) ကုန်းတော်ထက်တွင် ပျော်ဆောက်လုပ်နေထိုင်ခဲ့ကြလေသည်။

၎င်းမောင်နှမသုံးယောက်တို့မှာ သမာဓိ၊ သီရိကဥ္စနနှင့် ကျမိုင်းသီဟာရာဇာတို့ ဖြစ်ကြသည်။

ထိုအချိန်ကာလကတည်းက ထိုနေရာတစ်ဝိုက်တွင် စော်ဘွားမောင်နှမတို့ နေထိုင်ခဲ့ကြသဖြင့် စော်ဘွားကုန်းဟု ခေါ်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြရာမှ နောက်ပိုင်း ညီတော်စော်ဘွားကလေးက အောက်ပိုင်း (ယခု ချော်တွင်းကုန်းလမ်း မြောက်ဘက်နေရာ)နေရာ၌ ပြောင်းရွှေ့နေထိုင်သောကြောင့် ညီတော် နေသောနေရာကို စော်ဘွားလေးကုန်းဟု ခေါ်ကြရာမှ စော်ဘွားကြီးနေသော မူလနေရာကို စော်ဘွားကြီးကုန်းဟု ပြောင်းလဲခေါ်ကြရာမှ ထိုအမည်တွင်လာခဲ့ခြင်းဖြစ်ပေတော့သည်။

လွန်ခဲ့သောနှစ်ပေါင်း(၆၀)ကျော် (၁၉၅၀-ခုနှစ်၊ ပတ်ဝန်းကျင်အချိန်)လောက်က ဆေးဝက်ပါ ဆရာတော်သည် စော်ဘွားကြီးကုန်းနေရာသို့ ကြွရောက်လာပြီး သာသနာပြုလုပ်ငန်းများလုပ်ခဲ့ရာ ဘိုးတော်အဖြစ် ရောက်နေပြီဖြစ်သော စော်ဘွားကြီးက ဆရာတော်အား များစွာအကူအညီပေးခဲ့လေသည်။

ထို့ကြောင့် ဆရာတော်ကြီးက ကျေးဇူးတုံ့ပြန်သောအားဖြင့် ဝိဇ္ဇာအဆင့်ရောက်နေသော ဘိုးတော်စော်ဘွားကြီးအတွက် ဆေးဝက်ပါ ဘုရားဝင်းအတွင်း၌ စံနန်းဆောက်လုပ်ကာ နေရာပေးထားခဲ့ခြင်းဖြစ်၏။

စော်ဘွားကြီးကုန်းဟု ခေါ်သောနေရာတစ်ဝိုက်မှာ ရှေးအခါက လူနေထိုင်ခြင်း သိပ်မများလှဘဲ တောများ၊ တောင်ကုန်းများ၊ လျှိုမြောင်များသာ နေရာအနှံ့အပြား ရှိလေသည်။

တောင်ကုန်းနှင့်လျှိုများ အထူထပ်ဆုံးသော နေရာလည်းဖြစ်သည်။

ထိုအချိန်က သစ်ပင်ကြီးများနှင့် ချုံနွယ်ပိတ်ပေါင်းများ





စွာတို့ရှိကြရာ အဝေးမှကြည့်လျှင် လူနေအိမ် မမြင်ရဘဲ သစ်တောများသာ မြင်တွေ့ရသည်။

ထိုနေရာတစ်ဝိုက်မှာ ရှိကြသော တောင်ကုန်းများထဲတွင် မင်းဓမ္မတောင်ကုန်းလည်း တစ်နေရာ ပါဝင်ပေသည်။

တောင်ကုန်းမှာ အတော်အတန် မြင့်သဖြင့် မင်းဓမ္မတောင်ဟုလည်း ခေါ်ကြသည်။

ဆေးဝက်ပါဘုရား ရှိသော စော်ဘွားကြီးကုန်းနှင့်လည်း မဝေးလှပေ။

မင်းဓမ္မတောင်ဟု အမည်တွင်ရခြင်းမှာ ဟံသာဝတီခေတ်တွင် ဓမ္မစေတီမင်း မကြာခဏ လာရောက်၍ သာသနာပြုခဲ့သောအရပ် ဖြစ်သောကြောင့်ဟုလည်း ဆိုကြသည်။

ထိုနေရာတစ်ဝိုက်မှာ ဂျပန်ခေတ်ကာလအထိ တောတောင်ထူထပ်ပြီး လျှိုမြောင်ချိုင့်ဝှမ်း ပေါသောကြောင့် လူသူမနေဝံ့ဘဲ တောရိုင်းတိရစ္ဆာန်များနှင့် မြွေအလွန်ပေါသောအရပ်ဖြစ်ခဲ့လေသည်။

အချို့မြွေဟောက်ကြီးများမှာ ခြေသလုံး၊ လက်မောင်းလုံးခန့်ကြီးပြီး လူမြင်သည်နှင့် လိုက်လံရန်မူကြသဖြင့် မသွားဝံ့ကြခြင်းလည်းဖြစ်သည်။

နောက်ပိုင်းမှာတော့ မင်းမဓ္မကုန်းတစ်ဝိုက်သို့ ဆရာတော်တစ်ပါး ကြွလာပြီး သီတင်းသုံးလေသည်။

(၁၉၄၅)ခုနှစ် ပတ်ဝန်းကျင်လောက်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုဆရာတော်မှာ အခြားမဟုတ်ပေ။

ဝိဇ္ဇာလောကတွင် ရာကျော်ဆရာတော်ကြီးဟု ထင်ရှားခဲ့သော ဦးသဒ္ဓမ္မဒေဝကိုတ္တိပင် ဖြစ်သည်။

ဆရာတော် သီတင်းသုံးခဲ့သောနေရာမှာ ဘိုးရာဇာကုန်း၌ဖြစ်ပြီး ရောက်လာစက ထိုကုန်းပေါ်၌ ဝါးကျောင်းကလေး ဆောက်ကာ တရားအားထုတ်ခဲ့လေသည်။

(ရာကျော်ဆရာတော်ကြီးမှာ ရှမ်းပြည်နယ်တောင်ပိုင်း ပွေးလှမြို့နယ်၊ ပွင့်လန်ရွာဇာတိ ဖြစ်သည်။ တောင်ရိုး တိုင်းရင်းသားဖြစ်ပြီး ငယ်နာမည်မှာ မောင်ညိုဖြစ်လေသည်။)

မင်းဓမ္မတောင်ကို ရှေးအခါက တမဂတ္တတောင်ဟု အမည်ရှိခဲ့သော်လည်း ဥက္ကလာမြို့စား ဓမ္မရာဇာ လာရောက်၍ တရားကျင့်ကြံအားထုတ်ခဲ့ရာမှ မင်းဓမ္မတောင်ဟု အမည်တွင်ခဲ့သည်ဟုလည်း ဆိုကြသည်။

မင်းဓမ္မရာဇာသည် မြို့စားတစ်ဦးပင်ဖြစ်သော်လည်း ထီးရေးနန်းရာ တိုင်းပြည်ကိစ္စများကို စိတ်မဝင်စားဘဲ တရားကျင့်ကြံအားထုတ်မှုသာ အာရုံများသောကြောင့် ထိုနေရာသို့ လာရောက်ကာ တရားအားထုတ်လေသည်။

နှမဖြစ်သူက လာရောက်ရှာဖွေသောအခါ တရားအားထုတ်မှု ပျက်မည်စိုးသဖြင့် ပုန်းအောင်းနေကြောင်းလည်း "မင်းပုန်းတောင်" ဟု ခေါ်ကြသေးသည်။

တောင်ကုန်းပေါ်တွင် လေးကျွန်းဦးမြစကြာ စေတီ





တော်သည် ရှိလေသည်။

စေတီတော်၏ စနေထောင့်ရှိ စေတီရံတစ်ဆူနှင့် ကပ်လျက်နေရာတွင် ကျည်ဆန်တောင့်ပုံသဏ္ဌာန် ကျောက်တိုင်တစ်တိုင်လည်း ရှိသည်။

အချို့က စစ်ဘေးရန်အတွက် ယတြာချေထားသောကျောက်တိုင်ဖြစ်မည်ဟု ထင်ခဲ့ကြသည်။

အမှန်တော့ (၁၉၄၅)ခုနှစ်၊ အင်းစိန် မင်းဓမ္မတောင်ကုန်း ဦးစက္ကိန် ကျောင်းတိုက်ပွဲတွင် ကျဆုံးသွားခဲ့ကြသောအမှတ်(၅) ဗမာ့သေနတ်ကိုင် တပ်ရင်းမှ စစ်သည်တော်များကိုအောက်မေ့တသ ဂုဏ်ပြုသည့်အနေဖြင့် စိုက်ထူထားခဲ့သောကျောက်တိုင်ပင်ဖြစ်သည်။

ရှေးအခါက ထိုနေရာတစ်ဝိုက်မှာ တောရိုင်းတိရစ္ဆာန်များနှင့် မြွေဆိုးမြွေဟောက်များ အလွန်ပေါသဖြင့် မလာဝံ့ကြသော်လည်း ရာကျော်ဆရာတော်ကြီး လာရောက်သတင်းသုံးခဲ့ပြီးနောက်မှာတော့ တဖြည်းဖြည်းနှင့် လာရောက်နေထိုင်သူများရှိလာသည်။

နောက်ပိုင်းမှာတော့ ထိုတောင်ကုန်းနှင့် မနီးမဝေးခံရာများသို့ နွားမွေးသော ကုလားခြံများ ရောက်လာသည်။ မြေပြန့်နေရာတွင် သီးနှံစိုက်ပျိုးသူများ လာရောက်နေထိုင်ကြသည်။

ထိုနေရာတစ်ဝိုက်မှာ မြေဩဇာကောင်းသဖြင့် သီးနှံ



www.burmeseclassic.com

www.burmeseclassic.com



စိုက်ပျိုး၍ ဖြစ်ထွန်းသလို စားကျက်မြေ ကောင်းသောကြောင့်လည်း နွားမွေးသူများအနေဖြင့်လည်း တွက်ခြေကိုက်ကြသည်။

ထိုနေရာတစ်ဝိုက်မှာရှိသော နေရာအတော်များများကို ယခုထက်တိုင် 'စားကျက်မြေ'ဟုပင် သတ်မှတ်ခေါ်ဝေါ်နေကြဆဲပင် ရှိနေသေး၏။

နောက်ပိုင်း ရောက်လာသောအခါ ထိုနေရာပတ်ဝန်းကျင်တစ်ဝိုက်သို့ လူအချို့ လာရောက်နေထိုင်လာကြသည်။

အချို့လည်း နွားမွေးရန် လာနေကြပြီး အချို့ကတော့ သစ်ပင်စိုက်ပျိုးရန် လာနေကြခြင်းဖြစ်သော်လည်း ထိုအထဲတွင် ထူးထူးခြားခြား လူတစ်ယောက် ပါလာသည်။

၎င်း၏အမည်မှာ ဦးဗန်ကောင်းဖြစ်ပြီး အသက်(၅၀) ကျော်အရွယ်ခန့်ရှိသည်။

ခေါင်းတုံးပြောင်အောင်တုံးထားပြီး အသားညိုညိုနှင့် ကိုယ်လုံးကိုယ်ထည် ကြံ့ခိုင်သောလူတစ်ယောက်ဖြစ်သည်။

၎င်းသည် ဖျင်ကြမ်းအင်္ကျီ၊ လုံချည်တို့ကိုသာ အမြဲဝတ်ပြီး တစ်ယောက်တည်း တဲထိုးကာ လာနေခြင်းဖြစ်သည်။

၎င်းထိုးထားသောတဲမှာ အမိုးသာရှိပြီး အကာမရှိပေ။ တစ်ဝက်ကို ကွပ်ပျစ်တစ်ခု ပြုလုပ်ထားပြီး ကျန်တစ်ဝက်ကိုတော့ ဖိုထိုးသောအခန်း ပြုလုပ်ထားသည်။

ဖိုဆွဲသော ဖားဖိုတစ်လုံးနှင့် ဖိုထိုးရာတွင် အသုံးပြုသော ကိရိယာများ အစီအရီ ချထားလေသည်။





သူသည် အဂ္ဂိရတ်ပညာဟုခေါ်သော ဖိုထိုးခြင်း များစွာဝါသနာပါသူဖြစ်ပြီး အချိန်ရှိသမျှ ဖိုထိုးနေရလျှင် ကျေနပ်နေသူဖြစ်၏။

သူသည် နောက်တွင် သံယောဇဉ်တွယ်စရာ မရှိပါဘဲ တစ်ယောက်တည်း နေသူဖြစ်သောကြောင့်လည်း ဝါသနာပါသောအလုပ်ကို တစိုက်မတ်မတ် လုပ်နေနိုင်ခြင်းဖြစ်ပေသည်။

တစ်ယောက်တည်းနေသည် ဆိုသော်လည်း စားသောက်စရာအတွက် အရေးမကြီးသော်လည်း ဖိုထိုးရန်အတွက်တော့ ကုန်ကျစရိတ်ရှာရသည်။

သူသည် ဖိုထိုးရာ၌ ရွှေဖြစ်ငွေဖြစ် ထိုးနိုင်သည်အထိ ခရီးပေါက်နေသူဖြစ်ရာ ငွေအသုံးလိုပါက ရွှေဖြစ်အောင်ထိုးပြီး ချစ်တီးတန်း(ယခု ရွှေဘုံသာလမ်း)မှ ကုလားများထံ သွားရောင်းသည်။

ကုလားများက သူရောင်းသောရွှေကို မှတ်ကျောက်အကြိမ်ကြိမ် တင်ကြည့်ပြီး စိတ်ချရတော့မှ ဝယ်ယူထားလိုက်ကြခြင်းဖြစ်သည်။

သို့တိုင်အောင် မူလပေါက်ဈေးထက် လျှော့ဝယ်ကြခြင်းဖြစ်သည်။

"မင်းတို့ ပေးတဲ့ဈေးက မနည်းဘူးလား"

"မနည်းပါဘူး ဆရာကြီး၊ ပေါက်ဈေးအတိုင်း ပေးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ပေါက်ဈေးက ဒီထက်မက ရှိနေတာ ငါမသိဘူး ထင်နေသလား"

"ဒါပေမယ့် ကျွန်တော်တို့မှာ တခြားကုန်ကျစရိတ်တွေ အများကြီး ရှိတယ်၊ ပန်းတိမ်သမားလည်း ပေးရတယ်၊ အလျော့တွက်တွေလည်း ခံရတယ်၊ နောက်ပြီး ဆရာကြီးယူလာတဲ့ရွှေက အရည်အသွေး နည်းနည်းလျော့နေလို့ ဒီဈေးပဲ ပေးတာပါ"

"မင်းတို့ အကောင်းဆုံး သတ်မှတ်ထားတာ အခေါက်ရွှေ မဟုတ်လား၊ အခေါက်ရွှေနဲ့ ငါယူလာတဲ့ရွှေကို ရောကျိုလို့ အရောင်ပျက်သွားရင် ပိုက်ဆံတစ်ပြားမှ မယူဘူး. . . ဘယ်လိုလဲ"

ထိုသို့ ခပ်မာမာပြောလိုက်သောအခါ နောက်ထပ် ဈေးတော့ ထပ်တိုးပေးသည်။

သို့သော်လည်း လောလောဆယ် ပေါက်ဈေးတော့ မရပေ။

"နောက်ရှိသေးသလား ဆရာကြီး၊ ရှိရင် ယူလာခဲ့ပါ၊ ပေါက်ဈေးထက် တိုးပေးပါ့မယ်"

ဆိုင်ထဲက ပြန်ထွက်ကာနီးတော့ ချစ်တီးက မှာသည်။

သို့သော်လည်း ဘာမှပြန်မပြောတော့ဘဲ ဆိုင်ထဲမှ ထွက်လာခဲ့လေသည်။

"ဈေးတိုးပေးသည်ဖြစ်စေ၊ လျော့ပေးသည်ဖြစ်စေ၊ ငါ့အတွက် သိပ်အရေးမကြီးပါဘူးကွာ၊ ငါလာရောင်းတဲ့အခါ





ငွေရနေဖို့ပဲ အရေးကြီးပါတယ်"

ရေရွတ်ပြီး ကုန်ဈေးတန်းဘက်သို့ ထွက်လာခဲ့သည်။ ရွှေဘုံသာလမ်းနှင့် ကုန်ဈေးတန်းမှာ သိပ်မဝေးလှပေ။ ထိုလမ်းတစ်လျှောက်တွင် ဖိုထိုးရာတွင် အသုံးပြုသော ပစ္စည်းအားလုံး ရနိုင်လေသည်။

ဦးဇန်ကောင်းက ရွှေရောင်းရသောငွေအားလုံးကို ဖိုထိုးရာတွင် အသုံးပြုသောပစ္စည်းများနှင့် အစားအသောက်များ ဝယ်ယူကာ ထုပ်ပိုးနေစဉ် ဆိုင်ပေါက်ဝမှ ဆူဆူညံညံအသံတစ်ချက် ကြားလိုက်ရသည်။

အထုပ်ကို ယူပြီး အပြင်ထွက်လာမတော့ တောင်းနှစ်လုံးကို ရှေ့နောက်ထမ်းပိုးဖြင့် ထမ်းပြီး ကြေးစည်တနောင်နောင်ထုကာ အလှူခံနေသည့် ဖိုးသူတော်တစ်ပါးကို ဆိုင်မှ ကုလားအလုပ်သမားများက အတင်းနှင်ထုတ်နေကြသည်ကို တွေ့ရသည်။

"သူများတွေ အရောင်းအဝယ် လုပ်နေတဲ့အချိန်မှာ အနှောင့်အယှက် မပေးရဘူးလေ. . . တခြားသွားပါ"

ထိုသို့ပြောသည့်တိုင် ဖိုးသူတော်ကြီးက တခြားနေရာသို့ မသွားဘဲ ရပ်မြဲရပ်နေသည်။

ကြေးစည်ကို တနောင်နောင် ထုမြဲထုနေသည်။

ကုလားအလုပ်သမားက သူပြောနေသည်ကို နားမထောင်သဖြင့် ဒေါသထွက်လာကာ ပြောရုံနှင့် မပြီးတော့၊ ရိုက်



www.burmeseclassic.com

www.burmeseclassic.com



ပုတ်ဟန် မြင်လာသဖြင့် ဦးဗန်ကောင်းက ထိုနေရာသို့ လျှောက်သွားလေသည်။

"သူ့ဘာသာ ပလက်ဖောင်းပေါ် ရပ်နေတာပဲကွာ၊ ဘာကြောင့် ဒီလောက်ဒေါသဖြစ်နေရတာလဲ"

"မဟုတ်ဘူးဗျ. . . ဆိုင်ရှေ့က ထွက်သွားဖို့ ပြောနေတာကို မသွားဘဲ ရပ်နေလို့"

ဖိုးသူတော်ကြီးက ဦးဗန်ကောင်းကို မြင်တော့ ကြေးစည်မထုတော့ဘဲ ရပ်လိုက်သည်။

"ဦးသူတော်ကြီး. . ကြုံကြိုက်တုန်း ကျုပ်လှူပါရစေ"

ဟု ပြောပြီး ဦးဗန်ကောင်းက သူဝယ်ယူထားသော ဆန်နှင့် စားစရာများကို အထုပ်ထဲမှ ပြန်ယူပြီး ဖိုးသူတော်ကြီးတောင်းအတွင်းသို့ ထည့်ပေးလိုက်သည်။

"တယ်သဒ္ဓါတရားကောင်းတဲ့သူပဲ. . . ကြေးကနေ ရွှေဖြစ်တဲ့အဆင့် ရောက်နေပြီထင်တယ်"

ထိုစကားကြောင့် ဦးဗန်ကောင်းမှာ အံ့သြသွားသည်။

"တိုးတိုးပြောပါ ဦးသူတော်ရဲ့၊ တခြားသူတွေ ကြားသွားပါဦးမယ်၊ ဒါထက် ကျုပ် အဂ္ဂိရတ် ထိုးတဲ့သူမှန်း ဘယ်လိုများ သိလိုက်တာလဲ"

"မျက်နှာမှာ ကျပ်ခိုးတွေစွဲနေပြီး လက်မှာ မီးသွေးပေနေမှတော့ အဂ္ဂိရတ်ဆရာ မဟုတ်ရင် ဘယ်သူဖြစ်ဦးမှာလဲ၊ နောက်ပြီး စောစောက အထုပ်ဖြေလိုက်တုန်းက အထဲမှာ

☺ အောင်မြင်စာပေ ☺



အဂ္ဂိရတ်ထိုးမယ့်ပစ္စည်းတွေ မြင်လိုက်တယ်လေ"

သည်တော့မှ သဘောပေါက်သွားလေတော့သည်။

"တယ်လည်း မျက်စိစူးပေတာပဲကိုး၊ ဒါထက် ဦးသူတော်ကြီးက အဂ္ဂိရတ်လမ်းစဉ်များ အတော်သိထားပြီးပြီလား"

"သိတန်သလောက်တော့ သိပါတယ်"

"ဒီလိုဖြင့် ကျုပ်နဲ့ တစ်ခါတည်းလိုက်ခဲ့ပြီး သိတဲ့နည်းကောင်းလေးဘာလေး ရှိရင် ပြောပေးပါလား"

"အခုတော့ မလိုက်အားသေးဘူး၊ နောက် ကြုံကြိုက်ရင်တော့ ရောက်အောင်လာခဲ့ပါ့မယ်"

"ဟင်. . . ကျုပ် ဘယ်နေရာမှာနေမှန်း မသိဘဲနဲ့ ဘယ်လိုလာမှာလဲ"

"လွယ်ပါတယ်. . . အဂ္ဂိရတ်သမား ရှာရတာ ဒီလောက်မခက်ပါဘူး၊ မီးခိုးထွက်နေတဲ့နေရာတွေ လျှောက်ကြည့်ရင် တစ်နေရာမဟုတ် တစ်နေရာတော့ တွေ့ရမှာပေါ့"


ဟုပြောဆိုကာ ကြေးစည်တနောင်နောင် ထုကာ. . ထိုနေရာမှ ထွက်သွားလေတော့သည်။

လှမ်းကြည့်နေရင်းမှပင် လူအုပ်ကြားသို့ ဝင်ရောက်ပျောက်ကွယ်သွားတော့သည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂)

# သိဒ္ဓိပေါက်သော အဂ္ဂိရတ်ပညာများ

အဂ္ဂိရတ်ပညာသည် ဝါသနာကြီးသူတို့အဖို့အတွက် စွန့်စားရန် ခက်ခဲသောပညာမျိုးဖြစ်သည်။

ရွှေဖြစ်ငွေဖြစ်မှစပြီး အသက်ရာထောင် ရှည်စေနိုင်ပြီး နောက်ဆုံးတွင် ထွက်ရပ်ပေါက်လမ်းစဉ်အထိ ရောက်နိုင်သည်ဟူသော မျှော်လင့်ချက်ဖြင့် ကြိုးစားလုပ်ကိုင်ကြခြင်းဖြစ်သည်။

ပုဂံပြည်တွင် ရှင်အရှင်ဂေါဏသည် အဂ္ဂိရတ်ပညာဖြင့် တစ်ပြည်လုံး ချမ်းသာအောင် အကူအညီပေးနိုင်ခဲ့သဖြင့် ပုဂံ



www.burmeseclassic.com

www.burmeseclassic.com



ပြည်တစ်ပြည်လုံး ချမ်းသာလာကာ လူတိုင်း ဘုရားတည်နိုင်ခဲ့သည်ဟူသော မှတ်တမ်းများကြောင့်လည်း အဂ္ဂိရတ်ပညာမှာ မျှော်လင့်ချက်များစွာဖြင့် ပြုလုပ်နေကြသော ပညာတစ်ရပ် ဖြစ်နေခြင်းပင်ဖြစ်ပေသည်။

'အဂ္ဂိရတ်' ဟူသောဝေါဟာရမှာ 'အဂ္ဂိသျှတ္တရ' ဟူသောဝေါဟာရမှ ဆင်းသက်လာခဲ့ခြင်းဖြစ်၏။

အဂ္ဂိ-မီး၊ သျှတ္တရ-ကျမ်း ဟူသော စကားနှစ်ရပ်ကို ပေါင်းစပ်ရာမှ 'အဂ္ဂိပညာရပ်၊ အဂ္ဂိရတ်ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ကြခြင်းဖြစ်၏။

အဓိပ္ပါယ်ကတော့ 'မီးဖြင့် အမျိုးမျိုးဖြစ်အောင် ပြုလုပ်နိုင်သောနည်း' ဟုပင် ဆိုရပေမည်။

အင်္ဂလိပ် မြန်မာ အဘိဓာန်ကျမ်းများ၌ အဂ္ဂိရတ်ကို "ALCHEMY, Early forms of chemistry whose chief object was to find how to change other metals into gold." ဟူ၍ ဖွင့်ဆိုထားသည်။

အဓိပ္ပါယ်ကတော့ သတ္တုတစ်မျိုးမျိုးကို ရွှေဖြစ်အောင် ပြုလုပ်နိုင်သော အတတ်ပညာ၊ ရှေးဟောင်းဓာတုဗေဒဟု အဓိပ္ပါယ်ရပေသည်။

အဂ္ဂိရတ်ပညာ စတင်ပေါ်ပေါက်လာပုံများနှင့် ပတ်သက်ပြီး အနောက်နိုင်ငံများတွင် ဒဏ္ဍာရီပုံပြင်ပေါင်း များစွာရှိသည်။





ဒဏ္ဍာရီတစ်ခုတွင် အဂ္ဂိရတ်ပညာသည် အီဂျစ်လူမျိုးတို့ကိုးကွယ်သော ဟာမီ(Hermes)နတ်က စတင်ဖြစ်ပေါ်လာသည်ဟု ဆိုသည်။

ဟာမီနတ်သည် အတတ်ပညာများစွာတို့ကို စတင်တီထွင်ခဲ့သောနတ်ဟု သိကြသည်။

ထိုနတ်အမည်ကို အစွဲပြု၍ နောင်အခါတွင် ဓာတုဗေဒဆရာများက ဓာတုဗေဒကို ဟာမီအတတ်ဟု ခေါ်ကြသည်။

အခြားဒဏ္ဍာရီတစ်ခု၌မူ လူ့ပြည်ဆင်းလာသော နတ်များက မိမိတို့နှင့် အိမ်ထောင်ပြုသောမိန်းမများအား ရွှေဖြစ်ငွေဖြစ်အောင် အဂ္ဂိရတ်နည်းပညာများ သင်ပေးခဲ့ကြသည်ဟု ဆိုသည်။

အာရေဗျနိုင်ငံ ပုံပြင်များတွင် ခရစ်တော်သည် ဟီးဘရူးခေါင်းဆောင်ပြီး မိုးဇက်(Moses)နှင့် ရဟူဒီ ပုတ်ရဟန်းမင်းကြီးအာရွန်(Aaron)တို့ကို အဂ္ဂိရတ်ပညာ သင်ပေးခဲ့ကြောင်း ပြောဆိုနေသားကြသည်။

အဂ္ဂိရတ်ပညာကို အေဒီ(၅)ရာစုနှင့် (၁၆)ရာစုအကြား ကမ္ဘာ့နိုင်ငံများအားလုံးလိုလိုပင် လိုက်စားခဲ့ကြရာ မြန်မာနိုင်ငံသည်လည်း အခြားကမ္ဘာ့နိုင်ငံများနည်းတူ အေဒီ(၅)ရာစုမှ (၁၁)ရာစုအတွင်း၌ အဂ္ဂိရတ်ပညာ များစွာထွန်းကားခဲ့ပေသည်။

ကမ္ဘာ့နိုင်ငံအသီးသီးမှာတော့ အဂ္ဂိရတ်ပညာကို အသုံး



www.burmeseclassic.com

www.burmeseclassic.com



ချပြီး စက်မှုလက်မှုလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ခဲ့ကြသည်။

ပြဒါးရှင်ဖြစ်အောင် ထိုး၍ မိုးပေါ်ပျံဖို့ မကြိုးစားဘဲ အပူတိုင်း ပြဒါးတိုင် ပြုလုပ်ပြီး ချမ်းသာအောင် ကြိုးစားခဲ့ကြသည်။

လေယာဉ်ပျံ တီထွင်ပြီး ကောင်းကင်ပျံနိုင်အောင် ပြုလုပ်ခဲ့ကြသည်။

သံကို သေအောင် ပြုလုပ်နိုင်ခဲ့သဖြင့်. . . 'သံသေတစ်ပြည်ဝ' ဆိုသောအင်္ဂါရတ် စကားအတိုင်း သံဖြင့်ပြုလုပ်သောယာဉ်နှင့် ပစ္စည်းကိရိယာများ ထုတ်လုပ်ရောင်းချကာ ချမ်းသာလာကြလေသည်။

ထို့နောက်မှာတော့ ပြဒါးနှင့်သံတို့ထက် ပိုမိုအစွမ်းထက်သော အဏုမြူစွမ်းအင်ကို ထုတ်ယူရရှိနိုင်သည့် ယူရေနီယံ (Uranium)မှတဆင့် အနုမြူလက်နက်များနှင့် ဒုံးပျံ၊ ဂြိုဟ်တုများကိုပင် ပြုလုပ်နိုင်ခဲ့ကြသည်။

၎င်းတို့က ထိုသို့ပြုလုပ်နိုင်သည့်ပညာကို ဓာတုဗေဒဟုခေါ်သော်လည်း အခြေခံကတော့ ရှေးဟောင်းအင်္ဂါရတ်ပညာမှ စတင်ပြန့်ပွားလာခဲ့ခြင်းသာဖြစ်၏။

အင်္ဂါရတ်ပညာမှာ လူကြိုက်များသော်လည်း လူအတော်များများ အသုံးမချနိုင်သော ပညာလည်းဖြစ်သည်။

မြန်မာနိုင်ငံတွင် အင်္ဂါရတ်ပညာကို အသုံးချပြီး ထွက်ရပ်





ပေါက်ခဲ့သော သူတော်စင်များ ရှိခဲ့သည်။

၎င်းတို့က ထွက်ရပ်ပေါက်ရန်အတွက်သာ အသုံးချခဲ့ကြခြင်းဖြစ်သည်။

အတော်များများမှာလည်း အခြားကိစ္စများကို စိတ်မဝင်စားကြပေ။

ရွှေဖြစ်ငွေဖြစ်နှင့် ပြဒါးပြား၊ ပြဒါးလုံး ရအောင်သာ ကြိုးစားကြသည်က များသည်။

လေယာဉ်ပျံဖြင့် ကောင်းကင်မတက်ချင်။

ပြဒါးရှင်လုံး ငုံပြီး ကောင်းကင်သွားချင်သည်က များသည်။

လေယာဉ်ပျံ၊ ဒုံးပျံ၊ လက်နက်၊ မော်တော်ကားတွေ ပြုလုပ်ရောင်းချပြီး မကြီးပွားချင်။ ရွှေဖြစ်အောင်ထိုးပြီးသာ ကြီးပွားချင်သည်က များကြလေသည်။

ရှေးကလူများ ရေးထားခဲ့သော အင်္ဂါရတ်စာများကို ဖတ်ရလျှင်လည်း စိတ်ဝင်စားစရာတွေချည်းဖြစ်သည်။

အင်္ဂါရတ်ပညာနှင့် ပတ်သက်ပြီး ပေါက်မြောက်ခဲ့သူများရှိသော်လည်း နည်းသည်။

၎င်းတို့ကလည်း ပေါက်မြောက်သွားပြီးဆိုလျှင် မည်သည့်မှတ်တမ်းမှ မချန်ရစ်ဘဲ လူတွေနှင့်ဝေးရာ သွားနေကြတော့သည်။

သို့ကြောင့် ကျန်ခဲ့သောသူများက ၎င်းတို့ပြုလုပ်ခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com



နည်းလမ်းများကို မသိနိုင်၊ မသိကြရတော့ပေ။

အင်္ဂါရတ်ပညာနှင့် ပတ်သက်ပြီး ပေါက်မြောက်ခဲ့သူ နည်းသော်လည်း မပေါက်မြောက်သေးဘဲ ကျန်နေသူကတော့ များကြပေသည်။

သို့ကြောင့် ၎င်းတို့အား အင်္ဂါရတ်ရူးဟု ထင်ကာ ပျက်ရယ်ပြုကြသူများပင် ရှိသည်။

အချို့လည်း စာချိုးပေချိုးဖြင့် လှောင်ပြောင်ကြသည်။

"အင်္ဂါရတ်စာ၊ ဖတ်ကြားရာ၊ ဝိဇ္ဇာဖြစ်နိုးနိုး၊
အင်္ဂါရတ်စာ၊ ဖတ်ကြားရာ၊ ရွှေပြာကျနိုးနိုး၊
အင်္ဂါရတ်စာ၊ ဖတ်ကြားရာ၊ ရောဂါပျောက်နိုးနိုး၊
အင်္ဂါရတ်စာ၊ ဖတ်ကြားရာ၊ အသက်ရှည်နိုးနိုး၊
အင်္ဂါရတ်သမား၊ စကားကြွား၊ ပြဒါးရွှေဖြစ်နိုးနိုး"
ဟု ရေးသားလှောင်ပြောင်ကြသည်။

မြန်မာနိုင်ငံတွင် အင်္ဂါရတ်ပညာဖြင့် ထွက်ရပ်ပေါက်ခဲ့သော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်အချို့တို့ ရှိကြပေရာ ထိုအထဲတွင် အရှင်ဇာဂရလည်း တစ်ပါးအပါအဝင် ဖြစ်ပေသည်။

စာရေးသူအနေဖြင့် ရှေးဟောင်းကျမ်းအတော်များများကို တွေ့မြင်ဖတ်ရှုခဲ့ဖူးပါသော်လည်း အင်္ဂါရတ်နှင့် ပတ်သက်ပြီး ပြည့်စုံစွာ ရေးထားခဲ့သော ပညာရပ်ကျမ်းမျိုးကိုတော့ မတွေ့ဖူး မဖတ်ဖူးသေးကြောင်း ဝန်ခံရပေမည်။

သို့သော်လည်း ရှားရှားပါးပါးဆိုသလို ထွက်ရပ်ပေါက်





ဆရာတော် ရှင်ဇာဂရ ရေးသားစီရင်ခဲ့သော ကျောက်ကျမ်းနှင့် ဂမုန်းကျမ်းကိုတော့ ရရှိသဖြင့် ဖတ်ရှုခဲ့ရပေသည်။

ထိုအထဲတွင် ကျောက်များ၊ ဂမုန်းပင်များအကြောင်းသာမက အင်္ဂါရတ်ပညာနှင့် ပတ်သက်သည့် လုပ်နည်းများပါပါသည်ကို တွေ့ရလေသည်။

အမှန်တော့ ကျောက်ကျမ်း၊ ဂမုန်းကျမ်းဟုသာ အမည်တပ်ထားသော်လည်း အင်္ဂါရတ်ပညာကျမ်းစာအုပ်သာဖြစ်သည်။

ကျောက်အမျိုးမျိုး၊ ဂမုန်းအမျိုးမျိုးတို့ကို အင်္ဂါရတ်ပညာဖြင့် ရွှေဖြစ်ငွေဖြစ်၊ သိဒ္ဓိပေါက်သည်အထိ စီရင်ပုံအဆင့်ဆင့်ကို ရေးသားဖော်ပြထားသော ကျမ်းစာအုပ်လည်းဖြစ်ပေသည်။

ထိုအထဲမှာ ပါသောလင်္ကာအချို့ကပင် စိတ်ဝင်စားစရာကောင်းလှပေသည်။ (ဖော်ပြပါ လင်္ကာများကို မူလရေးသားထားသော သတ်ပုံအတိုင်းပင် ကူးယူဖော်ပြပေးထားခြင်းဖြစ်ပါသည်။)

"တပြား (၂)ပြား၊ ပဲလင်ပြား၊ ပြားလောစက္ကူ၊ ဖလံဖြူ၊ လှုပ်လဲ၊ ပိုးတောင့်ထဲ၊ ၌ရင်ကောက်၊ နို့ရည်သောက်၊ တောက်ညီးတောက်တာ၊ ပဲလဝါ၊ ပဒါပုတီး၊ အောက်ကဆီး၊ ညီးညီးပြောင်ပြောင် အပိုးရွှေတောင်၊ ရွှေတောင်ခပဲ၊ လက်ဝဲပေါက်၏၊ ဒူဆင် နင်တဘက် ထွက်လေရဲ့ဘိတ်ဆုံး" ဟူသော ငွေဖြစ် [illegible]

"အင်တိုင်းငယ်သာ၊ မာလာကပွင့်ဖူး၊ တပင်ကို(၂)ပင်



www.burmeseclassic.com

www.burmeseclassic.com



ယှက်တယ်၊ ဖေ ကျေးငှက်ကမြူး” ဟူသော ငွေဖြစ်နည်း၊

“ရွှေသြဇာ၊ နှာတော်နှုတ်ကြပ၊ သက်ပြတ်ခလေး၊ ကြွေလုပြီ၊ သွေးကမည်သီ သွေးမည်သီလောင်ပြီကွယ့် ဓါတ်မီး မလေးခင်ခန္ဓာပြုတ်အောင် ထိုးဖုတ်တဲ့နည်း” ဟူသော ငွေဖြစ်နည်း၊

“အမဲသေ မြေထဲက
လင်းတဝဲ တိမ်ထဲက
မှိုက်အိုးကို လုံစေဆိုသည်. . .
ကကြီးမောင်ထွေး၊ အ နှင့်မေး၊
ကြွက်ကလေး စစ်ကူမှာ. . .
က ကြီး လိုက်ခဲ့ပါ. . .
ပြိပြိရစ်ခွေ၊ ရေ၌နေ
မသွေသော့ပမာ. . . .
ခေါင်း၌ ရွက်(၃)မွှာ၊ သုကိုယူ၍ စီရင်ပါ”

အထက်ပါ ငွေဖြစ်နည်းများမှာ အရှင်ဇာဂရ ရေးသားခဲ့သော လင်္ကာများပင်ဖြစ်သည်။

အချို့ဆရာများမှာ လင်္ကာများကိုသာ ရေးသားထားခဲ့သော်လည်း လျှို့ဝှက်ချက်များနှင့်သာ ရေးပြီး အဓိပ္ပါယ်လည်း မဖော်ပြပေးခဲ့ပေ။

အရှင်ဇာဂရကတော့ ‘ဟင်းစားလည်းပေး၊ ကွန်ချက်လည်းပြ’ ဆိုသကဲ့သို့ လင်္ကာလည်းပေး၊ အဓိပ္ပါယ်လည်း ဖော်ပြပေးခဲ့သည်။





အဓိပ္ပါယ်ဆိုသည်မှာ. . လုပ်နည်းများကိုပါ ဖော်ပြပေးခဲ့သော ငွေဖြစ်နည်းနှင့် ရာဇဝင်ကို ဖော်ပြပေးပါမည်။

(ထိုအကြောင်းမှာ အခြားဝတ္ထုတစ်အုပ်တွင် ပြည့်စုံစွာရေးသားခဲ့ပြီး ဖြစ်သဖြင့် ယခုဝတ္ထုတွင် အကျဉ်းချုပ်လျက်ရေးသားဖော်ပြပေးပါမည်)။

တောင်တွင်းကြီးမြောက်ဘက် မိုးကောင်းနယ်အတွင်း၌ လယ်သမားနေသောရွာ ရှိသည်။

တစ်နေ့သ၌ ထိုရွာသို့ ပသီကုလားတစ်ယောက် ရောက်လာလေသည်။

၎င်း၏အမည်မှာ ‘ငထင်’ ဆိုသူဖြစ်သည်။

ငထင်မှာ ငွေဖြစ်အောင် ပြုလုပ်နိုင်သော ပညာပါလာမှန်း သိသောအခါ လယ်သမားတစ်ယောက်က သမီးနှင့်ပေးစားပြီး ထိုနည်းကို ရအောင်ကြံစည်သည်။

ငထင်ကလည်း ထိုနည်းကို မည်သူ့ကိုမှ အသိမပေးချေ။ ကလေးတစ်ယောက်ရတော့မှ မိန်းမက ဥပါယ်တံမျဉ်ဖြင့် မေးသောအခါမှ ကုလားငထင်က ထိုနည်းကိုပြောပြသည်။

“ဘယ်သူမှ မပြောပါဟု သစ္စာခံလျှင် ငါပေးမည်” ဟု ပြောသဖြင့်လည်း သစ္စာခံထားရသည်။

သို့သော်လည်း သမီးက ဥပါယ်တံမျဉ်ဖြင့် သိအောင် ပြောသဖြင့် ထိုနည်းကို ဖခင်ဖြစ်သူက ရသည်။

ဒုရင်ကောက်ပင် ပဥ္စငါးပါး၊ တောက်တဲ့လင်္ကာပင်

www.burmeseclassic.com



ပဥ္စင်းပါး၊ တောက်တာပုတ်ပင် ပဥ္စင်းပါး၊ ပဲလင်းဝါပင် ပဥ္စင်းပါး ၎င်းဆေးပင်လေးမျိုးကို အမျှစီကြိတ်ပါ။ ထို့နောက် ဘော်ပြားကို နုပ်နုပ်စင်းထားသည်က တစ်ဆ၊ ဆေးနှစ်ဆကို အိုးတစ်လုံးမှာ ထည့်ပြီးနောက် လူနို့ရည်ဖြင့် လောင်းထည့်ပါ။

ထို့နောက် ခုနစ်ရက်ပတ်လုံး အပုပ်စိမ်ထားရသည်။ ခုနစ်ရက်ပြည့်လျှင် ဘော်မှာ ဆေးဝင်ပြီ ဖြစ်သောကြောင့် မှုန့် လေး ဖြစ်လာသည်။

ထိုမှုန့်နေသော ဘော်နှင့် ပြဒါးအမျှ အထက်ဆေးလေး ပါး အောက်လက်နှိုး၍ အထူလက်တစ်လုံးခန့် သရွက်လုံအောင် မံလျက်၊ နေမှာ သွေ့ခြောက်စေရသည်။

ထို့နောက် တောအရပ် ဖွဲတစ်ခွဲ၊ တစ်တင်း၊ နှစ်တင်း သုံးတင်း ကျင်းချပြီး မီးဖုတ်ရလေသည်။ ထိုအခါ ဘော်နှင့် ပြဒါး နှစ်ပါးစလုံး ပြာကျ၍သေတော့သည်။

၎င်းပြာတစ်ပဲသားခန့် ယူ၍ ကြေးနီ(၁၀)ကျပ်သားတွင် ပစ်ပါက အစပ်လွတ်ငွေဖြစ်ကာ လက်ဝဲလမ်း ပေါက်ပါသည်။

ကုလားငထင် သေလွန်ပြီးနောက် ၎င်းနေထိုင်ခဲ့သော အရပ်ကိုပင် ကုလားငထင်ရွာဟု ခေါ်ကြရာမှ နောက်ပိုင်း ကာလ ကြာသောအခါ ကုလားထင်ရွာဟု ခေါ်ဝေါ်ခဲ့ကြလေ သည်။

အဂ္ဂိရတ်ပညာသည် ရှေးနှစ်ပေါင်းများစွာကတည်းက ပေါ်ပေါက်ခဲ့သည့်ပညာမျိုးဖြစ်ပြီး အရှေ့တိုင်းရော အနောက်





တိုင်းသာမက ကမ္ဘာတစ်ဝှမ်းမှပင် စိတ်ဝင်စားသောပညာမျိုး ဖြစ်ခဲ့သည်။

နောက်ပိုင်းမှာတော့ အရှေ့တိုင်းသားများနှင့် အနောက် တိုင်းသားတို့ အသုံးပြုပုံချင်း မတူကြသောကြောင့်သာ အကျိုးရှိ ပုံချင်း မတူကြတော့ခြင်းဖြစ်သည်။

အနောက်နိုင်ငံသားတို့ ထိုပညာကို သိပ္ပံပညာအဖြစ် ပြောင်းလဲကာ လက်တွေ့အသုံးပြုနိုင်သော နေရာများနှင့် အများ အကျိုးရှိနိုင်သောနေရာများ၌ အသုံးချကြလေသည်။

သို့ကြောင့် စက်မှုပညာများ တိုးတက်လာကြပြီး ယခု အခါ အနုမြူလက်နက်များအထိ ပိုင်ဆိုင်ခဲ့ကြလေသည်။

အရှေ့တိုင်းသားများက အဂ္ဂိရတ်ပညာကိုပင် ဝိဇ္ဇာ ပညာရပ်အဖြစ် အသုံးချကာ ရွှေဖြစ်ငွေဖြစ်လမ်းနှင့် မဟာ ဂန္ဓာရီလမ်းအထိသွားရန် ရည်မှန်းပြီး ဆောင်ရွက်ကြသည်။

နိုင်ငံခြားပညာရှင်များက သိပ္ပံပညာကို အချင်းချင်း အသိပညာချင်း ဖလှယ်ပြီး ညှိနှိုင်းဆောင်ရွက်ကြသည်။ ၎င်းတို့ တွေ့ရှိခဲ့သော ပညာရပ်များကို နောက်လူတို့ သိရှိစေရန် မှတ် တမ်းမှတ်ရာဖြင့် ထားခဲ့ကြသည်။

အရှေ့တိုင်းသားများကတော့ မဟာဂန္ဓာရီလမ်းပေါ် ရောက်အောင် တစ်ကိုယ်ရည်အတွက် လုပ်ကြခြင်းဖြစ်ကြသဖြင့် ပညာရပ်တို့၏ လျှို့ဝှက်ချက်များကို တွေ့လျှင်သော်မှ လျှို့ဝှက် ထားခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အချို့ ထားခဲ့သည်ဆိုသော်လည်း နည်းကိုသာ ပြောပြီး ပညာကိုတော့ ချန်ထားတတ်သည်။

နည်းကို ပြောပြသည်ဆိုသော်မှ ပွင့်ပွင့်လင်းလင်း ပြောသည်မျိုး မဟုတ်ပါဘဲ သဲလွန်စများလောက်သာ ချန်ထားခဲ့ကြလေသည်။

ရှေ့မှ အောင်မြင်သွားသူများက. . .

"ထိုပညာရပ်များမှာ လူတိုင်းနှင့် မတန်" ဟု ပြောဆိုလျှို့ဝှက်သွားခဲ့ခြင်းမှာ မှန်သင့်သလောက် မှန်သော်လည်း တန်ဖိုးရှိလှသည့် ဝိဇ္ဇာပညာရပ်များ ပျောက်ကွယ်သွားရသည်ကတော့ နှမြောစရာပင်ဖြစ်ပေတော့သည်။

အရှေ့တိုင်းနိုင်ငံများမှာ အင်္ဂရိတ်ပညာ ထွန်းကားခဲ့သလို အနောက်တိုင်းနိုင်ငံများမှာလည်း ရှေး၌ ရေးသားဖော်ပြခဲ့ပေပြီ။

ရှေးနှစ်ပေါင်းများစွာက အနောက်နိုင်ငံသားတို့လည်း ထိုပညာကို ချမ်းသာကြွယ်ဝစေနိုင်မည့် ရွှေဖြစ်ငွေဖြစ် ပညာမျိုးအဖြစ် အသုံးပြုခဲ့ကြခြင်းဖြစ်သည်။

နောက်ပိုင်းရောက်လာမှ ရွှေဖြစ်ငွေဖြစ် လမ်းကြောင်းမှ ဓါတ်သတ္တုပေါင်းစပ်မှု အတတ်ပညာများသို့ တစ်ဆင့်တက်ခဲ့ကြခြင်းဖြစ်သည်။

သို့သော်လည်း ခရစ်မပေါ်မီကပင် ဓါတ်သတ္တုပေါင်းစပ်ခြင်းအတတ်များကို စတင်လုပ်ကိုင်ခဲ့ကြခြင်းဖြစ်၏။





မှတ်တမ်းများအရ ခရစ်တော်ပေါ်ပြီး (၈)ရာစု ဂျီဘာဂျဘား(Geber or Jabir)အမည်ရှိသော အာရပ် လောကဓါတ်ပညာရှင်ကြီး၏ ရွှေဖြစ်ငွေဖြစ် အင်္ဂရိတ် အတတ်ပညာသာမက လွန်စွာတန်ခိုးရှိသော ပြဒါးလုံးအဆင့်အထိ တိုးတက်အောင်မြင်ခဲ့သည်။

ထိုအချိန်မှစပြီး အင်္ဂရိတ်ပညာသည် လူအများ စိတ်ဝင်စားသော ပညာရပ်အဖြစ် ထွန်းကားခဲ့သည်။

ရှေးအာရပ်ပညာရှင်တို့၏ အရင်းအမြစ်ကို အီဂျစ်ရှိ အင်္ဂရိတ် ပညာရပ်များမှတစ်ဆင့် လေ့လာသုံးသပ်နိုင်သည်။ "The Key to Alchemy" အင်္ဂရိတ်ပညာ၏သော့ချက်ဟူ၍ ဖော်ပြထားသော လျှို့ဝှက်အီဂျစ်နည်းကို အနောက်တိုင်းသားတို့ လေ့လာနိုင်ခွင့် ရခဲ့ကြသည်။

ထိုကျမ်း၌ ဖော်ပြထားချက်များအရ ကောင်းကင်ဂြိုဟ်၊ သတ္တု၊ ရတနာနှင့်တကွ အရောင်အသွေးများ ဆက်နွယ်နေသော သတ္တဝါများ ဆက်နွယ်ပတ်သက်မှုများကို လေ့လာနိုင်ခဲ့ကြသည်။

ထိုကဲ့သို့ မှတ်တမ်းမှတ်ရာများနှင့် ထားခဲ့သောကြောင့်လည်း နောက်ပိုင်းကာလများတွင် ပညာရှင်တို့ လေ့လာသိရှိခွင့်ရခဲ့ကြသည်။

ထိုမှတ်တမ်းများကို အခြေပြုပြီး တိုးတက်မှုများကို ရှာဖွေနိုင်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံမှာတော့ အဂ္ဂိရတ်ပညာနှင့် ပတ်သက်ပြီး လူသိအများဆုံးနှင့် ထင်ရှားသောပုဂ္ဂိုလ်မှာ ပုဂံခေတ်မှာ ပေါ်ပေါက်ခဲ့သည်။ ရှင်အဇ္ဇဂေါဏပင်ဖြစ်သည်။ ရှင်အဇ္ဇဂေါဏမှာ အဂ္ဂိရတ်ပညာဖြင့် ဓါတ်လုံးပေါက်မြောက် အောင်မြင်သောကြောင့် ပုဂံတစ်ပြည်လုံး ကြွယ်ဝချမ်းသာခဲ့ကြသည်ဟု ပြောကြရေးသားကြသည်။

သို့သော်လည်း ၎င်းအောင်မြင်ခဲ့သော အဂ္ဂိရတ်မှတ်တမ်းများ မကျန်ခဲ့သောကြောင့် ခေတ်ကာလကြာသောအခါ နောက်လူတို့အတွက် ပါးစပ်ရာဇဝင်တစ်ခုအနေနှင့်သာ ရှိပါတော့သည်။







# အခန်း(၃)

## အဂ္ဂိရတ် လူသတ်သမားနှင့် တွေ့ဆုံခြင်း

အချိန်က နံနက်ပိုင်းအချိန်ကျော်လာနေပြီ။ ထိုအချိန်မှ အိပ်ရာမှ ပြန်နိုးလာသော ဦးဗန်ကောင်းမှာ မီးဖိုပေါ်မှ ရေနွေးအိုး ကျိုခြင်း၊ ဖိုထိုးရန်အတွက် မီးမွေးခြင်းများ ပြုလုပ်နေလေသည်။

နေအတော်မြင့်နေပြီဖြစ်သော်လည်း ပတ်ဝန်းကျင်မှာ သစ်ပင်နှင့် သစ်တောများ ဖုံးနေသောကြောင့် နေရောင်ခြည်ကို မမြင်ရသေးပေ။ အအေးဓါတ်က ရှိနေဆဲပင် ရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ရေနွေးအိုး ဆူသောအခါ လက်ဖက်ခြောက်များများခတ်ကာ မီးဖိုပေါ်မှ ချသည်။

ထို့နောက် တစ်ဝယောက်စာ မနက်ည စားရန် ထမင်းအိုးတစ်လုံး တည်သည်။ ထမင်းရှိလျှင် ဟင်းအတွက်က မပူရပေ။

ထန်းလျက်၊ လက်ဖက်၊ ငှက်ပျောသီးမှည့် စသည်တို့ဖြင့်စားလျှင် ထမင်းဝသည်။

သူ့အတွက် ထမင်းစားဖို့ကိစ္စကို ရေးကြီးခွင်ကျယ် လုပ်ကိုင်နေဖို့ အချိန်မရပေ။

ထို့ထက်ပို၍ အရေးကြီးတာက ဖိုထိုးရန်ကိစ္စပဲဖြစ်သည်။ သို့ကြောင့် ရေနွေးအိုးနှင့် ထမင်းအိုးတစ်လုံး တည်ပြီးသောအခါ ဖိုထိုးရန်ကိစ္စကို ဆက်လက်ပြင်ဆင်နေလေသည်။

ထိုကဲ့သို့ ပြင်ဆင်နေရင်းနှင့်ပင် ပါးစပ်မှလည်း အင်္ဂရတ်စာများကို အဆက်မပြတ် ရွတ်ဆိုနေတော့သည်။

"ငှက် ဂဠုန်မယ်တော်အား၊ နဂါးတဲ့ဘရာဇာ. . . .
ခြင်္သေ့ သနွေသား၊ ဖွားတဲ့မိတာ. . .
သည်ခြင်းရာ. . .
ပေါက်ကံမှာ. . ရှင်ပျံတို့
သည့်ကို နောက်လူစားစေဖို့. . .
ထားခဲ့သလေး. . .
ထားခဲ့သလေး. . . ဟေး. . ဟေး. . ."
ဟူ၍တစ်မျိုး. .





"အိမ်သူရှင်မ. . မိုးဦးကျကို
ကွကွလေးသွား၊ ရေစကားသည့်
ကျားလာ၍အုပ်၊ ဂဠုန်သုတ်၍
ခြင်္သေ့ထ၍၊ ဟိုင်းကလည်းအော်. . ၊ နဂါးပေါ်. .
အဒေါ်အိုစမ်း. . . မိအောင်ဖမ်း. . . "
"သမုဒ္ဒရာကမ်းပါး၊ နားသည့်ဖား
ကျားနှင့်အတူ၊ အိမ်ထောင်စေ. . .
အဆွေမတူ၊ ကျားသွားမူ
ခြင်္သေ့သုံးကောင်၊ နောက်အိမ်ထောင်၊
တစ်ကောင်ကို ဖမ်းမရ၊
တောဝမြိုင်ကြီး၊ ဟိုင်းငါးစီး၊
အပြီးသိပ်သောအခါ. . .
ဟိုင်းကားည္ဆွား၊ ဖားကားနေ့သေ. .
မြွေနဂါးနှင့် ပေါင်းဖက်လေ. .
နေ့ရှည်မကြာ. . . မဒေသာလိုရာပျော်သည့်ဆေး
လိုရာပျော်သည့်ဆေး. . ဟေး. . . ဟေး. . . "

ဟူ၍ အသံနေအသံထားနှင့် မပြတ်လုပ်ကိုင်နေလေသည်။

ဦးဗန်ကောင်း ရွတ်ဆိုနေသည့်စာများမှာ ပါးစပ်ထဲမှာတွေ့ကရာ ဆိုနေသည့်စာများ မဟုတ်ဘဲ အင်္ဂရတ်နှင့်သက်ဆိုင်သော လင်္ကာများ၊ စာများပင် ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် အလုပ်လုပ်နေရင်းမှ မီးသွေးယူရန် သတိရ သဖြင့် အပြင်ဘက်သို့ ထွက်လာလေသည်။

မီးသွေးခြင်းများက အပြင်၌ ထားလေသည်။

သူ တဲဆောက်ထားသောနေရာမှာ လမ်းမနှင့် မဝေးလှ သော်လည်း လူနေအိမ်ခြေမရှိဘဲ သစ်ပင်နှင့်ချုံများသာ ရှိလေ သည်။

ပြည်လမ်းမပေါ်မှ သွားလာနေသော မော်တော်ကား စက်သံများကို ကြားရပြီး တောင်ကုန်းပေါ်မှ ကြည့်ပါက ကားများ ကိုပင် မြင်နိုင်သည်။

ဦးဇန်ကောင်း တဲအပြင်ထွက်လာတော့ နေရောင်ခြည် ထွက်လာပြီဆိုသော်လည်း သစ်ပင်နှင့်ချုံများပေါ်မှာ နှင်းစက် များ ရှိနေသေးသည်ကို တွေ့ရသည်။

သူအပြင်ရောက်လာသောအချိန်မှာ မနီးမဝေးနေရာ ဆီမှ ညည်းညူနေသံလိုလို အသံကို မသဲမကွဲ ကြားရလေသည်။

ပထမတော့ လေတိုးသံလိုလို ထင်မိသော်လည်း အသေအချာ နားထောင်ကြည့်တော့မှ လေတိုးသံ မဟုတ်ဘဲ လူတစ်ယောက် ညည်းညူနေသောအသံဖြစ်မှန်း သိရလေ သည်။

"အဟင်း. . . ဟင်း"

ညည်းညူသံ ကြားရသောနေရာမှာ မဝေးလှပေ။

ထို့ကြောင့် အသံကြားရာဘက်သို့ လျှောက်သွားလေ





သည်။ ရောက်သောအခါ မမျှော်လင့်သော မြင်ကွင်းတစ်ခုကို တွေ့မြင်ရသည်။

သွေးများ စွန်းပေနေသော အဝတ်တစ်ခုဖြင့် တစ်ကိုယ် လုံး ပတ်ထားသော လူတစ်ယောက်ပင်ဖြစ်သည်။

ညည်းညူနေသောအသံမှာ ထိုနေရာမှ ကြားနေရခြင်း ဖြစ်လေသည်။

ဦးဇန်ကောင်းက အနီးသို့ လျှောက်သွားပြီး ဦးခေါင်းမှ အုပ်ထားသော အဝတ်စကို အသာဖယ်ကြည့်လိုက်သည်။

"ဟင်. . ."

ညည်းညူနေသူမှာ အသက်(၃၀)ဝန်းကျင်အရွယ်ခန့် သာ ရှိသေးသည်။ သူမသည် သတိရဟန် မတူသေးဘဲ ညည်း ညူနေခြင်း ဖြစ်ပေသည်။

ကိုယ်ကို ပတ်ထားသော အဝတ်မှာ ဆေးရုံ၌သုံးသော အဝတ်ဖြူစ ဖြစ်သည်။

အလောင်းများအပေါ်မှ ဖုံးပေးသောအဝတ်ဖြူစမျိုး ဖြစ်ပြီး တစ်ခုလုံး သွေးများက အကွက်လိုက် အကွက်လိုက် စွန်းပေနေသည်။ ရင်ဘတ်နေရာတစ်ဝိုက်မှာတော့ သွေးကွက်က အတော်များသည်။

"လမ်းပေါ်မှာ ကားတိုက်ခံရပြီး မသေမရှင် ဖြစ်နေတာ ကို လူသိမှာစိုးလို့ ဒီနေရာမှာ လာပစ်သွားတာများလား၊ ဒါမှ မဟုတ် လူသတ်မှု ကျူးလွန်ပြီး သေပြီမှတ်လို့ လာပစ်သွား



www.burmeseclassic.com

www.burmeseclassic.com



တာများ ဖြစ်မလား"

ထိုသို့ တွေးနေစဉ် ညည်းညူသံက ပိုကျယ်လာသည်။

"အသက်တော့ ရှိနေသေးတယ်၊ ဒါပေမယ့် ဒီအတိုင်း ထားရင်တော့ သွေးထွက်လွန်ပြီး မကြာခင် သေမှာပဲ၊ ငါလည်း သူ့ကို ဘာမှ လုပ်မပေးနိုင်ပဲ၊ ဒီတော့ ဘယ်လိုလုပ်ရပါ့မလဲ"

ဟု တွေးတောနေသည်။

နောက်မှ ချက်ချင်းဆိုသလို ၎င်း၏မိတ်ဆွေ ဒေါက်တာမင်းထင်ကျော်ကို သတိရလိုက်လေသည်။

"ဒီအတိုင်း ကြည့်နေတာနဲ့စာရင် နားလည်တဲ့သူတွေ ခေါ်ပြတာ ပိုပြီးအဆင်ပြေနိုင်တယ်"

ဟု တွေးမိပြီး ကားလမ်းဘက်သို့ တက်လာသည်။

ထိုနေရာတစ်ဝိုက်မှာ ရှိသောအိမ်များမှ တယ်လီဖုန်းရှိသောအိမ်တစ်အိမ်ကို ဝင်ပြီး အကူအညီတောင်းကာ ဒေါက်တာမင်းထင်ကျော်ထံသို့ ဖုန်းဆက်လိုက်လေသည်။

ပြီးမှ စောစောက အမျိုးသမီး ရှိသောနေရာသို့ ပြန်သွားလေသည်။

အမျိုးသမီးမှာ တဟင်းဟင်းနှင့် ညည်းညူနေဆဲပင် ရှိနေသေးသည်။

ဦးဗန်ကောင်းအနေဖြင့် ဘာမှမလုပ်တတ်သောကြောင့် ဒီအတိုင်း အနားမှ ထိုင်ကြည့်နေရုံသာ တတ်နိုင်တော့သည်။

နောက်တစ်နာရီလောက် အချိန်ကြာသောအခါ ဒေါက်





တာမင်းထင်ကျော် ရောက်လာသည်။

သူနှင့်အတူ ဗဟန်းဂါတ်တဲမှ စုံထောက်ကျော်စွာပါ လိုက်လာသည်။

သူတို့နှစ်ယောက်သည် ကားဖြင့် လာကြခြင်းဖြစ်ပြီး ကားကို ကားလမ်းနံဘေးတွင် ရပ်ထားခဲ့ကြခြင်းပေသည်။

ဒေါက်တာမင်းထင်ကျော်မှာ ဦးဗန်ကောင်းနှင့် သိကျွမ်းခင်မင်သူဖြစ်သည့်အပြင် ခရီးအတော်များများကို အတူသွားလာခဲ့ဖူးသူ ဖြစ်ပေသည်။

ထို့ပြင် ဦးဗန်ကောင်း နေသောနေရာကိုလည်း အကြောင်းကိစ္စရှိပါက မကြာခဏ ရောက်လာလေ့ရှိသဖြင့် နေရာသိနေလေရာ ချက်ချင်းရောက်လာကြခြင်းဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က စုံထောက်ကျော်စွာကိုပါ တစ်ပါတည်း ခေါ်လာခဲ့ခြင်းမှာ အကယ်၍ ရာဇဝတ်မှုတစ်ခုခု ဖြစ်နေပါက လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက်ပင် ဖြစ်ပေသည်။

စုံထောက်ကျော်စွာမှာ လူရွယ်တစ်ဦးဖြစ်ပြီး ဖျတ်လတ်တက်ကြွသော စုံထောက်တစ်ဦးဖြစ်ကာ ဒေါက်တာမင်းထင်ကျော်နှင့် အမှုအတော်များများကို အတူလက်တွဲပြီး လုပ်ကိုင်ခဲ့ဖူးသူဖြစ်သည်။

ဒေါက်တာမင်းထင်ကျော် အကူအညီပေးသဖြင့် ခက်ခဲသောအမှုကြီး အတော်များများကို ဖော်ထုတ်နိုင်ခဲ့သဖြင့် မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ဖြူ ပုလိပ်လောကမှာ နာမည်ကောင်း ရနေသူလည်း ဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်တို့ ရောက်လာသောအခါ ချုံတစ်ခု၏ဘေးမှာ အဝတ်ဖြူ ဖုံးထားသော အမျိုးသမီးတစ်ယောက်ကို တွေ့ရသည်။

ဦးဇန်ကောင်းမျက်နှာပေါ်မှ အုပ်ထားသောအဝတ်ကို ဖယ်ထားပြီး ဖြစ်သောကြောင့် မျက်နှာကို တွေ့ရသည်။

ကိုယ်ပေါ်၌ ခြုံပတ်ထားသော အဝတ်ဖြူစမှာတော့ သွေးကွက်များက စိုနေသည်။

သူမသည် သတိရသေးဟန် မတူဘဲ တအင်းအင်းနှင့် ညည်းညူနေလေသည်။

ဒေါက်တာမင်းထင်ကျော်က အနားမှာ ထိုင်ပြီး သူမလည်ပင်းကို လက်ဖြင့် စမ်းကြည့်လိုက်သည်။

ထိုအခါမှ မှိတ်ထားသောမျက်လုံးက ဖျတ်ခနဲ ပြန်ပွင့်လာပြီး ကြောက်လန့်တကြား အော်ဟစ်လေတော့သည်။

"အား. . အား. . ကျွန်မကို မသတ်ပါနဲ့. . မသတ်ပါနဲ့၊ ကြောက်ပါပြီ. . . ကြောက်ပါပြီ၊ ကျွန်မကို ပြန်လွှတ်ပေးပါ. . . မသတ်ပါနဲ့"

ထိုအခါ ဒေါက်တာမင်းထင်ကျော်က သူမမျက်နှာကို ထိတွေ့ကိုင်တွယ်ပြီး ရှင်းပြရသည်။

"ကျွန်တော်တို့က ခင်ဗျားကို ဒုက္ခပေးမယ့်လူတွေ





မဟုတ်ပါဘူး၊ အကူအညီပေးမယ့် လူတွေပါ၊ မကြောက်ပါနဲ့. . ခင်ဗျား ဘာမှ မဖြစ်စေရပါဘူး"

ထိုသို့ပြောသည့်တိုင် ကြောက်လန့်တကြား ဆက်အော်နေလေသည်။

ထိုအခါ စုံထောက်ကျော်စွာက တိုးတိုးကပ်ပြောသည်။

"ဆရာ. . . သူ့မျက်လုံးက ပုံမှန်မရှိတော့ဘူး၊ ဆေးရုံကို အမြန်ပို့ပေးမှ ဖြစ်တော့မယ်"

ဟု ပြောသဖြင့် လိုအပ်သော စစ်ဆေးမှုများ ပြုလုပ်ပြီးနောက် ထိုအမျိုးသမီးကို ကားရှိရာသို့ ပွေ့ယူလာကြလေသည်။

သို့တိုင်အောင် ကြောက်လန့်တကြားနှင့် အော်ဟစ်နေဆဲပင် ရှိသေး၏။

"ကြောက်ပါပြီရှင်. . . ကြောက်ပါပြီ၊ ကျွန်မကို မသတ်ကြပါနဲ့. . . မသတ်ကြပါနဲ့"

ထိုအော်သံများကို တစ်လမ်းလုံး စိတ်မချမ်းသာစရာကြားနေရသည်။

ဆေးရုံသို့ သွားသောအခါမှာတော့ ဦးဇန်ကောင်းက မလိုက်တော့ဘဲ နေရစ်ခဲ့လေသည်။

သို့သော်လည်း တစ်နေ့လုံး စိတ်မဖြောင့်ဘဲ ဖိုထိုးနေရင်းမှပင် ထိုအမျိုးသမီးကို သတိရနေတော့သည်။

"သူဘယ်သူလဲ. . . ဘယ်လိုဖြစ်တာလဲ၊ သူ့ကိုယ်ပေါ်က ဒဏ်ရာတွေက ကားတိုက်ခံရတဲ့ဒဏ်ရာတွေတော့ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ဒါဖြင့် တစ်စုံတစ်ယောက်ယောက်က သူ့ကို သတ်ပစ်ဖို့ ကြိုးစားရင်းနဲ့ မအောင်မြင်ခဲ့တာလား”

စသောအတွေးများက တစ်ခုပြီးတစ်ခု ဝင်နေသော ကြောင့် အလုပ်ကိုပင် ဖြောင့်အောင်မလုပ်နိုင်ဘဲ ဖြစ်နေသည်။

နေ့လယ်ပိုင်းတစ်ချိန်လုံး အလုပ်ကို ဖြောင့်အောင် မလုပ်နိုင်သဖြင့် ခရီးမတွင်ဘဲ ရှိနေသဖြင့် ညဉ့်ဦးပိုင်းအချိန်၌ပါ ဆက်ပြီး ဖိုထိုးနေတော့သည်။

ထိုနေ့ညက လရောင်မရှိသောကြောင့် ပတ်ဝန်းကျင် တစ်ခုလုံး မှောင်မည်းနေလေသည်။

သစ်တောများအတွင်းမှ မြွေတွန်သံများနှင့် အခြား တိရစ္ဆာန်များအော်သံများ ကြားရသည်။

ညဉ့်နက်ပိုင်းအချိန်သို့ ရောက်သောအခါ ကားလမ်းမ ဘက်မှ ခွေးဟောင်သံများ ပေါ်ထွက်လာသည်။

ဦးဗန်ကောင်းမှာ ထိုတဲအတွင်းမှာ တစ်ယောက်တည်း နေလာခဲ့သည်မှာ ကြာပြီဖြစ်သော်လည်း တစ်ကြိမ်တစ်ခါမှတော့ အနှောင့်အယှက် မတွေ့ရသေးပေ။

သူ့အနေဖြင့် တစ်ယောက်တည်း နေရသော်လည်း ကြောက်လန့်မှု မရှိလှပေ။

သို့သော်လည်း ဒီညမှာတော့ စိတ်ထဲမှာ တစ်ခုခု ထင့် နေသကဲ့သို့ ဖြစ်နေသည်။

ညဉ့်နက်ပိုင်းအထိ တစ်ယောက်တည်း ဖိုထိုးနေရာ





ဖားဖိုဆွဲသံနှင့် မီးသံများသာ မှန်မှန်ပေါ်ထွက်နေသည်။

အတန်ကြာသောအခါ တဲအတွင်းသို့ လူတစ်ယောက် ဝင်လာသောခြေသံကို ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက် သည်။ တဲပေါက်ဝမှာ လူတစ်ယောက်ရပ်နေလေသည်။

အပြင်ဘက်မှာ ရှိနေသော အလင်းရောင် တစ်စွန်း တစ်စကြောင့် ထိုသူ၏ပုံပန်းသဏ္ဌာန်ကို ကောင်းစွာမြင်ရလေ သည်။

ထိုကဲ့သို့ ရပ်နေသည်ကို မြင်ရသောအခါ ဦးဗန်ကောင်း ဖိုဆွဲနေခြင်းကို ရပ်လိုက်ပြီး လှည့်ကြည့်လိုက်သည်။ ထိုသူက တဲအတွင်းသို့ တစ်လှမ်းချင်း ဝင်လာလေသည်။

တဲအတွင်းမှာ မီးထွန်းမထားသော်လည်း ဖိုထဲမှ မီး ရောင်ကြောင့် အလင်းရောင် ရနေလေသည်။

ဝင်လာသူ၏အရပ်အမောင်းမှာ သာမန်လူထက် ခေါင်း တစ်လုံးခန့် ပိုမြင့်နေသည်။

အရပ်အမောင်း ပိန်ပိန်ပါးပါးနှင့်ဖြစ်ပြီး လောင်းကွတ် အင်္ကျီရှည်နှင့် ဘောင်းဘီရှည်တို့ကို ဝတ်ထားသည်။ ဦးခေါင်း ပေါ်မှာ သက္ကလတ်ဦးထုပ်ကို ခပ်စိုက်စိုက် ဆောင်းထားသော ကြောင့် မျက်နှာကိုတော့ သဲသဲကွဲကွဲ မမြင်ရပေ။

ထိုသို့ မမြင်ရခြင်းမှာ မျက်နှာတစ်ခုလုံးကို မျက်နှာဖုံး စွပ်ထားသောကြောင့် ဖြစ်သည်။

“ခင်ဗျား ဘယ်သူလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ဘယ်သူလဲဆိုတာ ခင်ဗျားသိဖို့ မလိုပါဘူးလေ၊ ကျုပ်လာတာက သိချင်တာ ရှိလို့ပါ"

"ဘာသိချင်တာလဲ"

"မနက်က ဒီနားတစ်ဝိုက်မှာ အဝတ်နဲ့ပတ်ထားတဲ့ မိန်းမတစ်ယောက် တွေ့မိသလား"

"အဲဒီအမျိုးသမီးကို သတ်တာ ခင်ဗျားမဟုတ်လား"

ဦးဇန်ကောင်းက လေသံမာမာဖြင့် မေးလိုက်သည်။

"ကျုပ်သတ်တာ မသတ်တာက ခင်ဗျားနဲ့ မဆိုင်ပါဘူး၊ အခု သူဘယ်ရောက်သွားပြီလဲ"

"ပုလိပ်တွေက လာခေါ်သွားပြီ"

"သူတို့ကို ခင်ဗျား သတင်းပေးပြီး ခေါ်လိုက်တာ မဟုတ်လား"

"အဲဒါ ခင်ဗျားနဲ့ ဘာဆိုင်လို့လဲ"

ဦးဇန်ကောင်းက ပြန်မေးလိုက်သောအခါ ထိုသူက ဘာမှပြန်မပြောတော့ဘဲ ဦးဇန်ကောင်း ဖိုထိုးနေသောနေရာအထိ လျှောက်လာသည်။

"ဖိုထိုးနေတာလား"

"ဟုတ်တယ်"

"ရွှေဖြစ်ငွေဖြစ် ထိုးနေတာလား"

"အဲဒါတွေက ကျုပ်အတွက် မလိုပါဘူး"

"ဒါဖြင့် အသက်ရှည်ချင်လို့ ထိုးနေတာလား၊ မိုးပေါ်ပျံ





ချင်လို့ ထိုးနေတာလား"

ဦးဇန်ကောင်းက ဘာမှပြန်မပြောဘဲ ကြည့်နေသည်။

"မိုးပေါ်ပျံနိုင်ဖို့ ကိုယ်ပျောက်ဖို့ကတော့ အတော်မလွယ်တဲ့အလုပ်ပဲ၊ ကျုပ်လည်း အရင်က နှစ်ပေါင်းများစွာကြာအောင် အဂ္ဂိရတ်အလုပ် လုပ်ခဲ့ဖူးတယ်"

ထိုစကားကြားသောအခါ ဦးဇန်ကောင်းမှာ အနည်းငယ် စိတ်ဝင်စားလာတော့သည်။

အဂ္ဂိရတ်သမားဆိုတော့ အဂ္ဂိရတ်စကား ကြားရလျှင် ကျန်တာများကို အားလုံးမေ့သွားသည့်သဘောပင်ဖြစ်သည်။

"ဟင်. . . ခင်ဗျားက အဂ္ဂိရတ် ထိုးဖူးတယ်ဟုတ်လား"

"ထိုးဖူးတာပေါ့ဗျာ. . . ကျုပ်က အဂ္ဂိရတ်ကို နှစ်ပေါင်းများစွာ ထိုးလာခဲ့တဲ့သူပဲ၊ ဒါပေမယ့် ရွှေဖြစ်ငွေဖြစ်လမ်းတော့ မဟုတ်ဘူး၊ လူတွေ အသက်ကို တစ်သက်လုံး မသေစေနိုင်တဲ့ ဆေးမျိုး လိုချင်လို့ ထိုးခဲ့တာပဲ"

"ရှာတွေ့ခဲ့သလားဟင်"

"မရပါဘူးဗျာ. . . ပြဒါးကို ပြာကျအောင် လုပ်ရတဲ့အလုပ်က လွယ်တဲ့ကိစ္စမျိုးမှ မဟုတ်တာ၊ ပြဒါးပြာကျတဲ့ နည်းလမ်းတွေကတော့ အများကြီး ရှိတာပေါ့၊ ဒါပေမယ့် လက်တွေ့မှာတော့ မလွယ်လှပါဘူး"

ထိုစကားမျိုး ပြောကတည်းက မိမိရှေ့မှာ ရောက်နေသောသူမှာ အဂ္ဂိရတ်ကို အချိန်အတော်ကြာအောင် လုပ်ခဲ့ဖူးသူ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြောင်း သိသာပေသည်။

အဘယ့်ကြောင့်ဆိုသော်. . .

အင်္ဂရိတ်ပညာကို စတင်လိုက်စားသူများဆိုပါက ထိုစကားမျိုး ပြောလေ့မရှိကြပေ။

ယခု ဖိုထိုးလျှင် မကြာခင် သိဒ္ဓိပေါက်သည့် ဓါတ်လုံးရနိုင်သည်ဟုပင် ထင်နေတတ်ကြသည်။

ထိုလူ ဆက်ပြောသည်။

"ခင်ဗျားအသက်ရှည်ချင်လို့. . အင်္ဂရိတ်ထိုးနေတာမဟုတ်လား"

"ဘယ်လိုကြောင့် သိတာလဲ"

"ခင်ဗျား အသုံးပြုနေတဲ့ အင်္ဂရိတ်ပစ္စည်းတွေနဲ့ အသုံးအဆောင်ပစ္စည်းတွေကို ကြည့်ရင် အနိမ့်ဆုံးတော့ အင်္ဂရိတ်လောကမှာ ရိက္ခာထောက်လို့ခေါ်တဲ့ ရွှေဖြစ်အောင်တော့ ထိုးနိုင်နေပြီမဟုတ်လား"

ဦးဇန်ကောင်းက တအံ့တသြဖြင့် မော့ကြည့်နေလေသည်။

"ရွှေဖြစ်အောင် ထိုးနိုင်ပါရက်နဲ့ အခုလို တဲစုတ်ထဲမှာပဲနေပုံထောက်တော့ ချမ်းသာချင်လို့ အင်္ဂရိတ်ထိုးနေတာ မဟုတ်ဘူးဆိုတာ သိသာနိုင်ပါတယ်၊ နောက်ပြီး ခင်ဗျားဒီပုံစံနဲ့လည်း ဝိဇ္ဇာမဖြစ်နိုင်သေးတာ သေချာပါတယ်၊

ဒီတော့ ဖိုထိုးနေတဲ့လူတစ်ယောက်က ချမ်းသာဖို့လည်း





မဟုတ်ဘူး၊ ဝိဇ္ဇာအဖြစ်လည်း မရောက်သေးဘူးဆိုရင်တော့ အသက်ရှည်အောင် နေချင်တဲ့လမ်းကို လိုက်နေတယ်ဆိုတာ သိသာပါတယ်"

"ဟုတ်ပါတယ်. . . ခင်ဗျားမှာ နည်းလမ်းရှိရင် ပေးခဲ့ပါဦး"

ဟု ပြောလိုက်ရာ ထိုလူထံမှ ရယ်သံလိုလို ကြားရသည်။

"အခုတော့ ခင်ဗျား ကျုပ်ပြောတာကို လက်ခံသွားပြီမဟုတ်လား၊ ကျုပ်က အသက်ရှည်အောင် နေနိုင်တဲ့နည်းလမ်းကို ရှာတွေ့ပြီးခဲ့တာတော့ အမှန်ပဲ၊ ဒါပေမယ့် ကျုပ် နှစ်ပေါင်းများစွာ လုပ်လာခဲ့တဲ့ အင်္ဂရိတ်ပညာမျိုးနဲ့တော့ မဟုတ်ဘူးဗျ"

"ဘယ်လိုပညာမျိုးနဲ့ လုပ်တာလဲဟင်"

"ဒါကတော့ ခင်ဗျားကို ပြောလို့ဘယ်ဖြစ်ပါ့မလဲ၊ ခင်ဗျား ကျုပ်အသက် ဘယ်လောက်ရှိပြီလို့ ခန့်မှန်းမိသလဲ"

"ဒါကတော့ ခင်ဗျားမျက်နှာကိုတောင်မှ မမြင်ရတာ၊ ဘယ်လိုလုပ် သိနိုင်မှာလဲဗျ"

ထိုသူထံမှ ရယ်သံလိုလို ကြားရသည်။

"ကျုပ်အသက်က နှစ်ပေါင်းတစ်ရာကျော်နေပြီဗျ၊ မြန်မာပြည်ကို အင်္ဂလိပ်တွေ မသိမ်းခင်အချိန်ကတည်းက ရှိနေခဲ့တာပဲ၊ ဒါပေမယ့် ဒီကတော့ မဟုတ်ဘူး"

"ဒီခေတ်မှာ အသက်တစ်ရာကျော် နေရတာ ဘာများဆန်းသလဲ၊ မြန်မာပြည်မှာ အသက်တစ်ရာကျော် နေရတဲ့လူတွေ



www.burmeseclassic.com

www.burmeseclassic.com



အများကြီး ရှိနေကြတာပဲ၊ ဒါ့အပြင် အိန္ဒိယမှာရှိတဲ့ ဆာဒူးတွေ ယောဂီကြီးတွေဆိုရင်လည်း နှစ်ပေါင်းများစွာကြာအောင် လူ့ပြည်မှာ နေနေကြတာပဲ"

"ယောဂီကြီးတွေ အသက်ရှည်တာက ယောဂကျင့်စဉ်တွေကြောင့်ပါ။ ကျုပ်အသက်ရှင်တာက သူတို့လို ဝိဇ္ဇာနည်းမျိုး မဟုတ်ဘူး၊ ဝိဇ္ဇာနည်းဆိုတာက လူတိုင်း မလုပ်နိုင်ကြပါဘူး"

"ဒါဖြင့် ခင်ဗျားက ဘယ်လိုနည်း သုံးဟာလဲ"

ဦးဇန်ကောင်းက စောစောက အဖြေမရသည်ကို ထပ်မေးလိုက်ပြန်သည်။

"ကျုပ်ရဲ့အသက်ရှည်တဲ့နည်းက သူတို့လို ဝိဇ္ဇာနည်း မဟုတ်ဘူး. . . သိပ္ပံနည်းဗျ၊ သိပ္ပံနည်းဆိုတာ ဖော်မြူလာ ရှိတယ်၊ ဝိဇ္ဇာနည်းက ဖော်မြူလာ မရှိဘူး၊ ခင်ဗျား ဖိုဆွဲနေသလိုပေါ့ဗျာ"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ဗျ. . . ရွှေဖြစ်အောင် ထိုးမယ်ဆိုရင် လိုအပ်တဲ့ပစ္စည်းတွေကို အချိန်အဆအတိုင်း ထည့်လို့ရပေမယ့် ဖိုထိုးတဲ့အခါမှာ အသိဉာဏ်နဲ့ ထိုးရတာ မဟုတ်လား၊ မီးအနေအထားဆိုတာ ဖော်မြူလာနဲ့ သိရတာမျိုးမှ မဟုတ်တာ၊ အတွေ့အကြုံနဲ့ ပါရမီရှိမှ သိရတာမျိုး မဟုတ်လား"

"မှန်ပါတယ်"

ဦးဇန်ကောင်းမှာ ဆက်မငြင်းသာတော့ပေ။





"ဒါကြောင့် ပြောတာပေါ့၊ ဝိဇ္ဇာပညာဆိုတာ ဖော်မြူလာမရှိတော့ လူတိုင်း မလုပ်နိုင်ဘူး၊ သိပ္ပံပညာဆိုတာ ဖော်မြူလာရှိတော့ လူတိုင်းလုပ်လို့ရတယ်"

ဟု ပြောပြလေသည်။

"ဒါထက် ခင်ဗျား အခု ဘာလာလုပ်တာလဲ"

ဦးဇန်ကောင်းက မေးလိုက်သည်။

"ပထမလာတဲ့ ရည်ရွယ်ချက်ကတော့ ခင်ဗျားကို သတ်ဖို့ပါပဲ၊ ဒါပေမယ့် အခုတော့ မသတ်ချင်တော့ပါဘူး၊ ကျုပ်လည်း အရင်က နှစ်ပေါင်းများကြာအောင် ဖိုထိုးခဲ့တဲ့သူဆိုတော့ အဂ္ဂိရတ်သမားအချင်းချင်း ကိုယ်ချင်းစာပါတယ်၊ ဒါကြောင့် သတ်တော့ပါဘူး"

ဟုပြောကာ တဲအတွင်းမှ ပြန်ထွက်သွားလေတော့သည်။

ထိုအခါမှ ဦးဇန်ကောင်းလည်း ထပြီး အပြင်သို့လှမ်းကြည့်သောအခါ ဘာမှမမြင်ရတော့ပေ။ ကဒူးလမ်းဘက်မှ ခွေးဟောင်သံများကို ထပ်ကြားရပြန်လေသည်။

ထို့နောက်မှာတော့ မူလအတိုင်း ပြန်လည်တိတ်ဆိတ်သွားလေသည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

# အလောင်းပျောက်သောည

ရန်ကုန်ဆေးရုံကြီး၏ သီးခြားထားသော အခန်းတစ်ခန်းအတွင်း၌ ဖြစ်သည်။ ထိုအခန်းထဲမှာ ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့ လာပို့ထားသော လူနာအမျိုးသမီး ရှိနေသည်။

သူမမှာ ကောင်းစွာသတိမရသေးပေ။

တစ်ခါတစ်ရံ သတိပြန်ရလာလျှင်လည်း စူစူးဝါးဝါး

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



အော်ဟစ်နေလေသည်။

"ကြောက်ပါပြီရှင့် . . . ကျွန်မကို မသတ်ပါနဲ့၊ ကျွန်မအသက်ကို ချမ်းသာပေးပါ"

ဟု အော်ဟစ်နေလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့ကလည်း မကြာခဏ သွားကြည့်ကြသည်။

ထို့ပြင် စုံထောက်ကျော်စွာက ဗဟန်းဂါတ်တဲမှ ပုလိပ်တစ်ယောက်ကို ရုပ်ဖျက်ပြီး ဆေးရုံပတ်ဝန်းကျင်မှာ အစောင့်ထားလေသည်။

ဆေးရုံကြီးမှာ တာဝန်ကျနေသော ဆရာဝန်ကြီး ဦးမင်းဟန်မှာ သူတို့နှစ်ယောက်နှင့် ခင်မင်နေသူဖြစ်သောကြောင့် အစစအရာရာ အကူအညီပေးလေသည်။

တစ်နေ့တွင် ဦးမင်းဟန် ဂျူတီနားခိုက် ၎င်းအခန်းတွင်းမှာ သိချင်သည်များကို မေးကြည့်ရသည်။

"ဆရာကြီး . . . လူနာအမျိုးသမီးအခြေအနေ ဘယ်လိုရှိပါသလဲ"

"ကိုမင်းထင်ကျော်တို့ ခေါ်လာတဲ့အမျိုးသမီးက အတော်ကံကောင်းတယ်လို့ ဆိုရမှာပဲ၊ ဒီထက်ပိုပြီး ကံကောင်းရင်တော့ သူ့အသက်ပြန်ရှင်လာမှာပါ"

"သူ ဘယ်လိုဖြစ်တာလဲ ဆရာကြီး"

"ပြောရမှာတော့ စိတ်မကောင်းစရာပဲဗျာ . . ၊ သူ့ရဲ့





ကျောက်ကပ်တစ်ခု အလုခံလိုက်ရတာပဲ"

ထိုစကားကြောင့် နှစ်ယောက်သား အံ့သြသွားကြလေသည်။

"ဘယ်လို အလုခံလိုက်ရတာလဲ ဆရာကြီး"

"ကျွန်တော့်အထင် ပြောရရင်တော့ သူ့ကို အဓမ္မ ဖမ်းခေါ်သွားပြီးတော့ သူ့ကိုယ်ခန္ဓာထဲက ကျောက်ကပ်ကို ခွဲထုတ်ယူခံလိုက်ရတာပဲဖြစ်မယ်"

"ဘာကြောင့် ဒီလိုလုပ်တာလဲ ဆရာကြီး"

"ဒါကတော့ ရှင်းရှင်းလေးပါဗျာ၊ တခြားနေရာမှာ အစားထိုးဖို့ ထုတ်ယူတာ ဖြစ်မှာပေါ့၊ ဒါပေမယ့် အတော့်ကို ထူးဆန်းတာတော့ တွေ့ရတယ်"

"သူ့ကျောက်ကပ်ကို ခွဲထုတ်ယူတဲ့သူက ခွဲစိတ်တဲ့နေရာမှာ ဓားကိုင်အတော်ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်မျိုးပဲဗျ၊ ဒီလိုခွဲစိတ်ပုံမျိုးက ခန္ဓာဗေဒကို အတော်ကျွမ်းကျင်တဲ့ ခွဲစိတ်ဆရာဝန်ကြီးတွေမှ လုပ်နိုင်တဲ့အလုပ်မျိုးပဲ"

"ဒါဖြင့် ပြစ်မှုကျူးလွန်သူက ဆရာဝန်တစ်ယောက်များဖြစ်နေမလား"

"ဒါလည်း ဖြစ်နိုင်တာပါပဲ၊ ဒါပေမယ့် ရန်ကုန်မြို့မှာ ခွဲစိတ်ဆရာဝန်ဆိုတာ သိပ်များများရှိတာမှ မဟုတ်တာ၊ တစ်ဦးနှစ်ဦးပဲရှိတာ၊ အဲဒီဆရာဝန်ကြီးတွေကိုလည်း ကျွန်တော် ကောင်းကောင်းသိတာပဲ၊ သူတို့က ဒီလိုလုပ်မယ့်လူစားမျိုးတွေ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ကြဘူး"

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်တို့ နှစ်ယောက်မှာ များစွာစဉ်းစားရခက်သွားကြသည်။

သူတို့အနေဖြင့် ဆရာဝန်လောကအကြောင်းများကို ကောင်းစွာမသိကြသောကြောင့်လည်း မစဉ်းစားတတ်အောင် ဖြစ်သွားကြလေသည်။

"ဒါဖြင့် ဘယ်သူများ ဖြစ်နိုင်မလဲ ဆရာ၊ ဘယ်လိုလူများ ဖြစ်နိုင်မလဲ"

"ကျွန်တော်တည်း အဲဒါကိုပဲ စိတ်ဝင်စားနေတာပဲဗျ၊ အံ့သြဖို့ကောင်းတာတော့ အမှန်ပဲ၊ သူက ခွဲစိတ်တဲ့နေရာမှာ ကျွမ်းကျင်တာ မဟုတ်ဘူး၊ သူအသုံးပြုတဲ့ပစ္စည်းတွေကလည်း အခု ခေတ်ကာလ အသုံးပြုနေတဲ့ ဆေးပစ္စည်းတွေ မဟုတ်ဘူး"

"ဘယ်လိုပစ္စည်းမျိုးတွေလဲ ဆရာ"

"ခွဲစိတ်တဲ့နေရာမှာသုံးတဲ့ ဓားအပါအဝင် အခြားပစ္စည်းတွေက အခုကာလ အသုံးပြုတဲ့ပစ္စည်းတွေ မဟုတ်နိုင်ဘူး၊ ဒဏ်ရာကို ပြန်ချုပ်ထားတဲ့အပ်ချက်တွေကို ကြည့်ရင် သိနိုင်တယ်၊ ဒါထက် ထူးဆန်းတာ ရှိသေးတယ်"

"ဘာလဲ ဆရာ"

"ချုပ်ရိုးမှာ အသုံးပြုထားတဲ့ ကြိုးတွေပဲ၊ အဲဒီကြိုးတွေက အခုကာလ အသုံးပြုတဲ့ကြိုးမျိုး မဟုတ်ဘူး၊ လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်ရာကျော် နှစ်ရာကျော်လောက်က အိန္ဒိယ ဆရာဝန်ကြီးတွေ





အသုံးပြုခဲ့တဲ့ ပိုးချည်ကြိုးပဲ"

ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက်မှာ များစွာ အံ့သြသွားကြလေသည်။

"ဒီပိုးချည်ကြိုးမျိုးကို အခုခေတ်ဆရာဝန်တွေ ဘယ်သူမှ မသုံးကြတော့ဘူး၊ အိန္ဒိယမှာလည်း မသုံးတော့ဘူး၊ ဗမာပြည်မှာလည်း ဘယ်သူမှ မသုံးကြတော့ဘူး"

"အတော်အံ့သြဖို့ကောင်းတာပဲ . . ဒါထက် သူနဲ့ ဘယ်အချိန် တွေ့လို့ရနိုင်မလဲ ဆရာကြီး"

"လောလောဆယ်တော့ သတိရဦးမယ် မဟုတ်သေးဘူး၊ တကယ်လို့ သတိရလာရင်လည်း အကြောက်လွန်နေတာနဲ့ ခင်ဗျားတို့ မေးတာတွေကို သူပြောပြနိုင်မယ် မထင်သေးဘူးဗျ"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်တို့လည်း ဆရာဝန်ကြီး ဦးမင်းဟန်ကို နှုတ်ဆက်ပြီး ပြန်ခဲ့ကြလေသည်။

ထိုနေ့ ညဉ့်နက်ပိုင်းအချိန်ရောက်သောအခါ အစောင့်ကျနေသည့်ပုလိပ်မှာ တစ်နေရာမှာ ထိုင်ပြီးငိုက်နေစဉ် သူ့ရှေ့သို့ တစ်စုံတစ်ခု ကျလာသဖြင့် မျက်လုံးဖွင့်ကြည့်လိုက်သည်။

သူ့ရှေ့မှ မနီးမဝေးနေရာမှာ စီးကရက်ဘူးတစ်ဘူး ကျနေသည်ကို တွေ့ရသည်။

ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ မည်သူမျှ မတွေ့ရပေ။ ဆေးရုံဝန်းအတွင်းမှာ မီးရောင်များ ထွန်းထားသော်လည်း အားနည်းလှသောကြောင့် အလင်းရောင်က ခပ်မှိန်မှိန်



www.burmeseclassic.com

www.burmeseclassic.com



သာ ရှိနေသည်။

အချို့နေရာများမှာ အဆောက်အဦးများ ကွယ်နေသဖြင့် အမှောင်ရိပ်များ ကျနေသည်။

ပုလိပ်က နေရာမှထပြီး မြေပေါ်မှာ ကျနေသော စီးကရက်ဘူးရှိရာသို့ လျှောက်သွားကာ ထိုစီးကရက်ဘူးကို ကောက်ယူလိုက်လေသည်။

သူ့ စိတ်ထဲမှ ထင်လိုက်မိသည်က ဆေးရုံထဲမှာ ဆေးလိပ်ခိုးသောက်နေစဉ် ဆရာဝန် လာသည်နှင့် တိုးသဖြင့် ဆေးလိပ်ဘူးကို အပြင်သို့ လွှင့်ပစ်လိုက်သည်ဟု ထင်မိလေသည်။

စီးကရက်ဘူးမှာ နိုင်ငံခြားဖြစ် အကောင်းစားဖြစ်သည်။ သူသည် စီးကရက်ဘူးအဖုံးကို ဖွင့်ကြည့်လိုက်သည်။ အတွင်းမှ သင်းပျံ့သောရနံ့အချို့ ထွက်လာလေသည်။

ထိုအနံ့ကို ရှူမိသည်နှင့် ခေါင်းထဲမှာ မိုက်ခနဲ ဖြစ်သွားပြီး သတိမေ့သကဲ့သို့ ဖြစ်သွားတော့သည်။

ထိုအခိုက်မှာပင် အမှောင်ရိပ်ထဲမှာ ရပ်နေသော လူတစ်ယောက် ထွက်လာသည်။

ဘောင်းဘီ၊ လောင်းကွတ်အင်္ကျီရှည်ကြီး ဝတ်ထားသည်။ မျက်နှာကို မျက်နှာဖုံးစွပ်ထားပြီး သက္ကလတ်ဦးထုပ်ကို ခပ်စိုက်စိုက် ဆောင်းထားလေသည်။

ထိုသူက သတိမေ့စပြုနေသော ပုလိပ်ကို ကုပ်မှ ကိုင်ကာ အမှောင်ရိပ်ထဲသို့ ဆွဲယူသွားလေတော့သည်။





ထိုနောက်မှာတော့ ဆေးရုံ၏တံခါးချပ်ကို ကျင်လည်စွာ ဖွင့်ပြီးနောက် သီးသန့်အခန်းရှိရာသို့ လျှောက်သွားလေတော့သည်။

အခန်းပေါက်ဝရောက်တော့ တံခါးချပ်ကို ဖြည်းညင်းစွာ ဖွင့်လိုက်သည်။

အခန်းတွင်းမှာ ရှိသော ခုတင်ပေါ်မှာတော့ ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက် လာပို့ထားသော လူနာအမျိုးသမီး ရှိနေသည်။

ထိုအချိန်၌ သူမမှာ သတိရစပြုနေလေသည်။

ခြေသံကြားသဖြင့် ကြည့်လိုက်သောအခါ အခန်းထဲသို့ လူတစ်ယောက် ဝင်လာသည်ကို တွေ့ရသည်။

ပထမတော့ ဆရာဝန်တစ်ယောက်ဟု ထင်လိုက်မိသည်။ အနားရောက်တော့မှ မဟုတ်မှန်း သိရတော့သည်။

သို့ကြောင့် အော်ဟစ်ရန် ကြိုးစားလေသည်။

သို့သော်လည်း သူမအတွက် နောက်ကျသွားခဲ့လေပြီ။ အနားရောက်လာသောသူက အဝတ်စဖြင့် မျက်နှာကို ဖိပိတ်လိုက်လေသည်။

“မင်းက အတော်ကို အသက်ပြင်းတာပဲ၊ ဒီတစ်ခါတော့ မင်း ကံမကောင်းနိုင်တော့ပါဘူး၊ မင်းကို အသက်ရှင်ခွင့်ပေးထားခဲ့လို့ မဖြစ်တော့ဘူး၊

တော်ကြာ စုံထောက်တွေကို ငါ့အကြောင်းတွေကို



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ပြောနေရင် ဇာတ်လမ်းတွေက ရှည်လာမှာမို့ မင်းကို တမလွန်ကိုပဲ ပို့ပေးရတော့မယ်”

ထိုသို့ပြောရင်း လူနာအမျိုးသမီးမျက်နှာကို အဝတ်ဖြင့် ဖိထားရာ ခဏကြာတော့ အသက်ရှုကျပ်ပြီး တဖြည်းဖြည်းနှင့် ငြိမ်ကျသွားလေတော့သည်။

သူက အသက်ရှိမရှိ စမ်းသပ်ကြည့်လိုက်သေးသည်။

အသက်မရှိတော့မှ စိတ်ချရတော့မှ အခြေအနေ မပျက် ပြန်ထားခဲ့ပြီး အခန်းတွင်းမှ ပြန်ထွက်သွားလေတော့သည်။

နောက်တစ်နေ့နံနက်ပိုင်းအချိန်တွင် ဆရာဝန်ကြီး ဦးမင်းဟန်က ဒေါက်တာမင်းကျော်စွာထံသို့ တယ်လီဖုန်းဆက်၍ အကြောင်းကြားသောကြောင့် စုံထောက်ကျော်စွာကိုပင် အသိပေး၍ နှစ်ယောက်သား ဆေးရုံသို့ သွားကြလေသည်။

“အခြေအနေက ဘယ်လိုတဲ့လဲ ဆရာ”

လမ်းရောက်တော့မှ ကျော်စွာက မေးသည်။

“ကျွန်တော်တို့အတွက် စိတ်မကောင်းစရာတစ်ခု တိုးပြီ နဲ့တူပါတယ်”

ဟု ပြန်ပြောသောအခါ ကျော်စွာကလည်း ရိပ်မိသွားသဖြင့် ထိုအကြောင်းကို ဆက်မမေးတော့ပေ။

“ဒါထက် မောင်ကျော်စွာတို့ ဂါတ်တဲက ပုလိပ်တစ်ယောက်ကို အဲဒီမှာ စောင့်ကြည့်ခိုင်းထားတယ် မဟုတ်လား”





“ဟုတ်ပါတယ်. . ကျွန်တော် ဘဇံဆိုတဲ့ ပုလိပ်တစ်ယောက်ကို ရှပ်ဖွက်ပြီး စောင့်ကြည့်ခိုင်းထားပါတယ်”

“သူ့ဆီက ဘာမှ သတင်းမပို့ဘူးလား”

“ဟင့်အင်း. . . ဘာမှတော့ မသိရသေးဘူး ဆရာ”

ထိုသို့ စကားတပြောပြောနှင့် မောင်းလာကြရာ ခဏကြာတော့ ဆေးရုံကြီးသို့ ရောက်လာကြသည်။

သူတို့ရောက်သွားသောအချိန်မှာ နံနက်ပိုင်းအချိန် ဖြစ်သောကြောင့် ဧည့်သည်များ အဝင်အထွက် မများလှသေးပေ။ ကားကို တစ်နေရာမှာရပ်ပြီး သီးသန့်အခန်း ရှိရာသို့ သွားသောအခါ ထိုအခန်းထဲမှာ ဘယ်သူမှ မရှိတော့ပေ။

သို့ကြောင့် ဆရာဝန်ကြီး ဦးမင်းဟန် ရုံးခန်းသို့ သွားရောက်ကာ တွေ့ဆုံကြရသည်။

ဆရာဝန်ကြီးက နံနက်ပိုင်းအချိန် ဆေးရုံပေါ်မှာ လူနာများကို လှည့်လည်၍ ကြည့်ရှုစစ်ဆေးပြီး ရုံးခန်းသို့ ပြန်ရောက်စ အချိန်ဖြစ်လေသည်။

“သြော်. . ရောက်လာကြပြီလား၊ လာကြ. . လာကြ”

နှစ်ယောက်သား အခန်းတွင်းသို့ ဝင်သွားပြီး စားပွဲရှေ့မှ ကုလားထိုင်များပေါ်၌ ဝင်ထိုင်လိုက်ကြသည်။

“ကျွန်တော်တို့ လာပို့သွားတဲ့ လူနာအမျိုးသမီး ဘယ်ရောက်သွားပြီလဲ ဆရာ”

“ရင်ခွဲရုံထဲမှာ ရောက်နေပါပြီ”



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ. . ."

နှစ်ယောက်သား အတော်ကလေး အံ့ဩသွားကြသည်။ မမျှော်လင့်ဘဲ ကြားလိုက်သောစကားကြောင့်လည်း မျက်လုံးပြူးသွားကြသည်။

"သူ. . သူ ဘယ်လိုဖြစ်လို့လဲ ဆရာကြီး"

ကျော်စွာက မေးလိုက်သည်။

"သူသေသွားပါပြီ. . . သေတာကတော့ ရိုးရိုးမဟုတ်ပါဘူး၊ တစ်စုံတစ်ယောက်ရဲ့ပယောဂကြောင့် အသက်ရှူရပ်ပြီး သေသွားခဲ့ရတာပါ၊ ကျွန်တော်လည်း စိတ်မကောင်းပါဘူး"

ဦးမင်းဟန်က ပြောသည်။

"ကျွန်တော်တို့ သူ့ကို ကြည့်ပါရစေ ဆရာကြီး"

စုံထောက်ကျော်စွာက ခွင့်တောင်းသဖြင့် ခေါင်းညိတ်ပြလေသည်။

"ရင်ခွဲရုံမှာ အစောင့်ကုလားတစ်ယောက် ရှိတယ်၊ သူ့ကို ပြောပြီးတော့ ဝင်ကြည့်လို့ရပါတယ်"

ဟု ခွင့်ပေးလိုက်သဖြင့် နှုတ်ဆက်ပြီး အပြင်သို့ ပြန်ထွက်ခဲ့ကြသည်။

"တော်တော်စိတ်ချရတဲ့ဘဇံ. . . စောင့်ကြည့်ခိုင်းထားတဲ့လူတောင် ရင်ခွဲရုံရောက်နေပြီ၊ သူက ဘယ်ရောက်နေသလဲ မသိဘူး"

ကျော်စွာက မကျေမနပ်ဖြင့် ရေရွတ်နေသည်။





"ဒီနားတစ်ဝိုက်မှာရှိတဲ့ အရက်ပုန်းဆိုင် ရောက်နေလို့များ ပြန်မလာနိုင်သလားမှ မသိတာ"

သူတို့နှစ်ယောက် အပြင်ထွက်လာတော့ ပုလိပ်ဘဇံကို အရိပ်အယောင်မျှပင် မတွေ့ရပေ။

"ဘဇံလည်း ပျောက်နေပါလား"

နှစ်ယောက်သား ထိုနေရာတစ်ဝိုက် လိုက်ကြည့်သောအခါ ထောင့်ချိုးတစ်နေရာ ရောက်သောအခါ ချုံစပ်မှာ ကျနေသော စီးကရက်ဘူးတစ်ဘူးနှင့် ကက်ဦးထုပ်တစ်လုံးကို တွေ့ရလေသည်။

စုံထောက်ကျော်စွာက ထိုကက်ဦးထုပ်ကို ကောက်ယူပြီး ကြည့်လိုက်သည်။

"ဒါ ဘဇံဆောင်းနေကျ သူ့ရဲ့ဦးထုပ်ပဲ"

ဒေါက်တာ မင်းထင်ကျော်က မြေပေါ်မှာ ကျနေသော စီးကရက်ဘူးကို ကောက်ယူလိုက်စဉ် ထူးခြားသောရနံ့တစ်မျိုးကို ရသဖြင့် ပဝါဖြင့် ပတ်ယူလိုက်သည်။

"ဘာထူးသလဲ ဆရာ"

"ဘဇံတော့ ရန်သူလက်ဦးသွားပြီနဲ့တူတယ်၊ စီးကရက်ဘူးမှာ မေ့ဆေးငွေ့နံ့ ရတယ်"

စုံထောက်ကျော်စွာက အံ့ဩသွားလေသည်။

ထို့နောက် နှစ်ယောက်သား ဆေးရုံကြီး နေရာအနှံ့ အပြား ပုလိပ်ဘဇံကို လိုက်လံရှာဖွေသော်လည်း မတွေ့ရပေ။



www.burmeseclassic.com

သတင်းစုံစမ်းကြည့်တော့လည်း အစအနမှျပင် မကြား ရပေ။

ထိုသတင်းကို ဗဟန်းဂါတ်သို့ ပြန်ပို့နေရသောကြောင့် ညဦးပိုင်းအချိန်ရောက်တော့မှ ဆေးရုံကြီးသို့ ပြန်ရောက်ကြလေသည်။

သူတို့ရောက်သွားသောအချိန်မှာ ဆေးရုံကြီးဝင်းတစ်ခုလုံး ရှင်းနေသည်။

ထိုအချိန်ရောက်ပါက အရေးပေါ်ဌာန ရှိသောနေရာလောက်သာ ဆူဆူညံညံအသံ ကြားရပြီး အခြားနေရာ အတော်များများမှာတော့ လူသွားလူလာ ရှင်းလျက် တိတ်ဆိတ်နေတတ်ပေသည်။

အထူးသဖြင့် ရင်ခွဲရုံရှိသော အနောက်ဘက်သို့ မလာဝံ့ကြပေ။ အဘယ်ကြောင့်ဆိုပါက ထိုနေရာဘက်မှာ ညအချိန်ရောက်လာပါက သရဲခြောက်သည်ဟု နာမည်ကြီးနေသောကြောင့်ပင်ဖြစ်သည်။

အခြားသူများ မဆိုထားနှင့်၊ ထိုဆေးရုံသို့ တာဝန်ကျနေသော အလုပ်သင်ဆရာဝန်ကလေးများပင် ထိုနေရာဘက်သို့ အကြောင်းမရှိဘဲ မလာကြပေ။

လာလျှင်လည်း အဖော်အပေါင်းနှင့်သာ လာဝံ့ကြသည်။

ရန်ကုန်ဆေးရုံကြီးမှာ မူလတည်ဆောက်ခဲ့စဉ်က ယခု တွေ့ရသောနေရာ၌ မဟုတ်ပေ။

မူလနေရာမှာ ယခု လေဟာပြင်ဈေး ရှိသောနေရာ၌ဖြစ်ပြီး သစ်သားဖြင့် ဆောက်လုပ်ထားသော အဆောက်အအုံဖြစ်ပေသည်။

ထိုအချိန်က ထိုအဆောက်အအုံကို ဆေးရုံဟု မခေါ်ကြသေးဘဲ "သူနာတန်း" ဟုသာ ခေါ်ဝေါ်ခဲ့ကြသည်။

နောက်ပိုင်း လူနာနှင့် အဆောက်အအုံမှာ မမျှဘဲဖြစ်လာသောကြောင့် လက်ရှိနေရာတွင် ဆေးရုံသစ်ကြီး တည်ဆောက်ရန် ပြင်ဆင်ခဲ့ကြသည်။

ထိုဆေးရုံသစ်ကြီးကို တည်ဆောက်ရာ (၁၉၁၁)ခုနှစ်တွင် ပြီးစီးခဲ့ပြီး ထိုခေတ်က ကုန်ကျငွေမှာ သိန်းပေါင်း(၄၀)ကျော် ဖြစ်သည်။

ရန်ကုန်ဆေးရုံကြီး တည်ဆောက်ပုံမှာ မြန်မာနိုင်ငံ၌ ပထမဆုံး တည်ဆောက်သော အားဖြည့် ကွန်ကရစ်စနစ်ဖြင့် တည်ဆောက်ခဲ့သော အဆောက်အအုံလည်းဖြစ်သည်။

ဆေးရုံကြီး တည်ဆောက်ထားသောနေရာမှ စိုက်ပျိုးပန်းဥယျာဉ်(Agrihortcultural society)မှာ ကန်တော်လေးရပ်သို့ ရွှေ့ပြောင်းခဲ့ရလေသည်။

ထိုအချိန်က ရင်ခွဲရုံမှာ ဆေးရုံကြီးအနောက်ဘက်မှာရှိပြီး၊ ကုက္ကိုပင်ကြီးများက အုံ့ဆိုင်းလျက် ရှိလေသည်။ ရင်ခွဲရုံဘက်ကို ညအချိန်မဆိုထားနှင့် နေ့ဘက်အချိန်၌ပင် အကြောင်း







www.burmeseclassic.com

www.burmeseclassic.com



မရှိပါပဲ မသွားလာဝံ့ကြပေ။

ထိုရင်ခွဲရုံရှိသောနေရာကို ဆေးရုံကြီး အရှေ့ဘက်မှ တင် ဝင်ရသည် မဟုတ်ဘဲ အလောင်းထုတ်သော အနောက်ဘက်အပေါက်မှလည်း ဝင်၍ရသည်။

ဒေါက်တာမင်းထင်ကျော်တို့ ဆေးရုံကြီးသို့ နောက်တစ်ခေါက် ပြန်ရောက်သွားသောအခါ ညဉ့်ဦးပိုင်းအချိန် ရောက်နေပေပြီ။

ဆေးရုံပတ်ဝန်းကျင် နေရာအတော်များများမှာ အမှောင်ရိပ်များ ဖုံးနေချေပြီ။

သူတို့နှစ်ယောက်သည် သေနတ်များကို အဆင်သင့်ထားပြီး သတိဖြင့် ဝင်ခဲ့ကြသည်။

ရင်ခွဲရုံ ရှိသောနေရာဘက်မှာတော့ ကုက္ကိုပင်ကြီးများ ဖုံးအုပ်နေသဖြင့် အမှောင်ရိပ်က ပိုများလေသည်။

ရင်ခွဲရုံ ရှိသောနေရာမှာ မီးတစ်ပွင့် ထွန်းထားသဖြင့် အလင်းရောင် အနည်းငယ်တော့ ရှိနေသည်။

နှစ်ယောက်သား သတိကြီးစွာ ထားပြီး ရင်ခွဲရုံဘက်သို့ လျှောက်လာကြသည်။

ထိုနေရာနှင့် မနီးမဝေး ရောက်လာသော် ရင်ခွဲရုံနောက်ဘက်မှ မည်းမည်းသဏ္ဌာန်ကြီး ထွက်လာသည်။

ဒေါက်တာမင်းထင်ကျော်က သေနတ်ပေါ်သို့ လက်တင်ထားလိုက်လေသည်။





ထိုသဏ္ဌာန်က ဒယိမ်းဒယိုင်နှင့် လျှောက်လာရင်းမှ မနီးမဝေးသို့ ရောက်လာသည်။

မီးရောင်ဖြင့် မြင်ရတော့မှ အခြားမဟုတ်ဘဲ ကုလားတစ်ယောက် ဖြစ်နေသည်ကို တွေ့ရသည်။

ထိုကုလားမှာ အတော်ကလေး အရက်မူးနေဟန်ရှိသည်။

"အချိန်မတော်မှ ရောက်လာကြပြန်ပြီ၊ အလောင်းလာပို့တာလား၊ ဆရာဝန်လက်မှတ်ရော ပါကြလား"

ဟု မေးသည်။

"အလောင်းလာပို့တာ မဟုတ်ပါဘူး၊ ရင်ခွဲရုံထဲက အလောင်းကို လာကြည့်တာပါ"

"ဟင်. . . အံ့သြစရာပဲ၊ ညဥ့်ဦးပိုင်းကလည်း လူတစ်ယောက်လာပြီး အလောင်းကြည့်သွားသေးတယ်"

ထိုစကားကြောင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

ထို့နောက် ဒေါက်တာမင်းထင်ကျော်က အိတ်ထဲမှ ငါးကျပ်တန်တစ်ရွက် ထုတ်ပြီး ကုလားလက်ထဲသို့ ထည့်ပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ် ဆရာ. . . ကျေးဇူးအများကြီးတင်ပါတယ်၊ ရင်ခွဲရုံကို ဆရာတို့လိုလူတွေ ညတိုင်း ရောက်လာရင် ကောင်းမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု အနှောင့်အသွားမလွတ်သောစကား ပြောရာ ဒေါက်တာမင်းထင်ကျော်က ကျော်စွာကို ကြည့်ပြီး မချိပြုံး ပြုံးပြလိုက်သည်။

ထို့နောက် အစောင့်ကုလားက ရင်ခွဲရုံတံခါးသော့ကို ဖွင့်ပေးပြီး ထွက်သွားလေသည်။

တံခါးဖွင့်လိုက်သည်နှင့် ညှီစို့စို့သွေးနံ့များက ထောင်းခနဲ ထွက်လာတော့သည်။

ရင်ခွဲရုံအတွင်းမှာ ထွန်းထားသောမီးရောင်ကြောင့် အခန်းအလယ်ရှိ စင်ပေါ်မှာ တင်ထားသည့်အလောင်းကို တွေ့ကြရသည်။

အပေါ်မှ ပိတ်ဖြူစဖြင့် လွှမ်းထားသောကြောင့် မျက်နှာကို မမြင်ရသော်လည်း စိတ်မကောင်းဖြစ်သွားမိသည်။ ပိတ်စဖြူပေါ်မှာ လောလောဆယ် စွန်းပေနေသော သွေးများကို မြင်ရသဖြင့် ဇဝေဇဝါ ဖြစ်သွားသည်။

ထို့ကြောင့် အနားလျှောက်သွားပြီး အုပ်ထားသောပိတ်စကို ဆွဲဖယ်ပစ်လိုက်သည်။

"ဟာ. . ."

"ဟင်. . ."

ရင်ခွဲစင်ပေါ်၌ တင်ထားသောအလောင်းက သူတို့မျှော်လင့်ထားသလို အမျိုးသမီးအလောင်း မဟုတ်ပေ။ ပုလိပ်ဘဇံ အလောင်းပင်ဖြစ်တော့သည်။





"ဒီမှာ ဘဇံအလောင်းက ဘယ်လိုရောက်နေတာလဲ"

ဒေါက်တာမင်းထင်ကျော်က အဝတ်စတစ်ခုလုံးကို အောက်သို့ ဖယ်ချလိုက်သောအခါမှ ထိတ်လန့်ဖွယ်ရာမြင်ကွင်းကို ထပ်မံတွေ့ရတော့သည်။

အခြားမဟုတ်ပေ. . .။

ပုလိပ်ဘဇံ၏ရင်ဘတ်နေရာတစ်ခုလုံး ဟောင်းလောင်းကြီး ပွင့်နေသည်။

အတွင်းမှ အသည်း၊ နှလုံးနှင့် ကျောက်ကပ် စသည်တို့ကို ဆွဲထုတ်ယူသွားဟန် ရှိလေသည်။

အမျိုးသမီးအလောင်း ဘယ်ရောက်သွားပြီလဲ။

ပုလိပ်ဘဇံကို ဘယ်သူသတ်သွားတာလဲ။

ဒေါက်တာမင်းထင်ကျော်တို့အတွက်ကတော့ ပဟေဠိပေါင်းများစွာ ကျန်ခဲ့ကြလေပြီ။





www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၅)

# ဗိုးသျှတော်နှင့် နိမိတ်ကောက်ပုံများ

တစ်နေ့သ၌ ဦးဇန်ကောင်းသည် ၎င်း၏တဲအတွင်း၌ တစ်ယောက်တည်း ဖိုထိုးနေလေသည်။

အချိန်မှာ ညနေစောင်းအချိန်ဖြစ်သည်။

တစ်ယောက်တည်း ကွမ်းတမြုံ့မြုံ့ဝါးရင်း ဖိုထိုးနေစဉ် အပြင်ဘက်မှ အသံကြားရသည်။

"နောင်. . ဝေ. . . ဝေ"

"နောင်. . ဝေ. . . ဝေ"

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ဦးဗန်ကောင်းက ထိုကြေးစည်သံကို ကြားဖူးသည် ထင်သဖြင့် နားစွင့်ကြည့်လိုက်သည်။

"နောင်. . ဝေ. . ဝေ. . ."

"အဂ္ဂိရတ်စာ၊ ဖတ်ကြားရာ၊ ဝိဇ္ဇာဖြစ်နိုးနိုး၊
အဂ္ဂိရတ်စာ၊ ဖတ်ကြားရာ၊ ရွှေပြာကျနိုးနိုး၊
အဂ္ဂိရတ်စာ၊ ဖတ်ကြားရာ၊ ရောဂါပျောက်နိုးနိုး၊
အဂ္ဂိရတ်သမား၊ စကားကြွား၊ ပြဒါးရွှေဖြစ်နိုးနိုး. . "

"နောင်. . ဝေ. . ဝေ. . ."

ထိုအသံများကြားရပြီး မရှေးမနှောင်းမှာပင် တဲပေါက်ဝမှ လူတစ်ယောက် ဝင်လာလေသည်။ တလောက ကုန်ဈေးတန်းမှာတွေ့ခဲ့ရသောဖိုးသူတော် ကြီးပင် ဖြစ်သည်။

"ဦးသူတော်ကြီးပါလား. . . ဘယ်က ရောက်လာတာလဲ"

"ဖိုးသူတော်ဆိုတာ ဒီလိုပဲ လမ်းတကာ အရပ်တကာ လျှောက်သွားရင်းနဲ့ ရောက်လာတာပေါ့"

"တစ်ခါက ဦးသူတော် ပြောခဲ့သလို မီးခိုးထွက်နေတဲ့နေရာတွေ လျှောက်ကြည့်ရင်းနဲ့ ကျုပ်ဆီ ရောက်လာတာမဟုတ်လား"

ထိုစကားကြားသောအခါ ဖိုးသူတော်ကြီးက သဘောကျစွာ ရယ်မောပြီး ၎င်းထမ်းလာသော တောင်းနှင့်ထမ်းပိုးကို ချကာ ဦးဗန်ကောင်းနှင့် မနီးမဝေး ကွပ်ပျစ်ပေါ်၌ ဝင်ထိုင်လေ





သည်။

"မဟုတ်မှလွဲပေါ့. . . ကျုပ်ရှိတဲ့နေရာကို တကူးတကရှာဖွေပြီး ရောက်လာပုံထောက်တော့ အဂ္ဂိရတ်နည်းကောင်းရှိတာကို ပေးမလို့ မှတ်တယ်"

"ပေးသင့် ပေးရတာပေါ့၊ ဒါထက် အခု ဘယ်အခြေအနေ ရောက်နေပြီလဲ"

"ရွှေတော့ ဖြစ်နေပါပြီ"

"ရွှေဖြစ်နေပါရက်နဲ့ ချမ်းသာအောင် မလုပ်သေးဘူးဆိုတော့ ဒီထက် ပိုမြင့်တဲ့လမ်းကို သွားဖို့ကြိုးစားနေတယ် မှတ်တယ်"

ဦးဗန်ကောင်းက ခေါင်းညိတ်ပြလိုက်ပြီး လက်ဖက်ရည်တစ်ပန်းကန် ငှဲ့ထည့်ပြီး ဖိုးသူတော်ကြီးကို ပေးလိုက်လေသည်။

"အမောပြေ သောက်လိုက်ဦး"

ဖိုးသူတော်ကြီးက ယူပြီး တစ်ငုံသောက်သည်။

"ဘယ့်နှယ့်လဲ. . ကျုပ်ရည်မှန်းထားတဲ့အတိုင်းကောဖြစ်နိုင်ပါ့မလား"

"မဖြစ်နိုင်တာရယ်လို့တော့ မရှိပါဘူး၊ မဖြစ်သေးတာပဲရှိပါတယ်၊ တစ်ခုတော့ ရှိတာပေါ့၊ ဘယ်အချိန်မှ ဖြစ်မယ်ဆိုတာတော့ ခန့်မှန်းရတာ ခက်တာပေါ့လေ"

"မှန်ပါတယ်"

"လူတစ်ယောက်ဟာ နည်းမှန်လမ်းမှန် ကြိုးစားမယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် ဘုရားတောင် ဖြစ်နိုင်တာပဲ၊ နည်းမမှန်လို့သာ ဘုရားမဖြစ်ကြတာ မဟုတ်လား၊ အရေးကြီးဆုံးကတော့ ပါရမီပဲ၊ ဘုရားဖြစ်ချင်တဲ့သူဟာ ပါရမီ အရင်ဖြည့်ရတယ်၊ ဘဝပေါင်းများစွာ ပါရမီဆယ်ပါးကို အကြိမ်ကြိမ် အထပ်ထပ် ဖြည့်ဆည်းခဲ့ပြီးတော့မှ နောက်ဆုံးဘဝမှာ ဘုရားဖြစ်ခဲ့တာ မဟုတ်လား"

"ဟုတ်ပါတယ်"

"လူတွေအတော်များများကို မေးကြည့်၊ ဘုရားဖြစ်ချင်တဲ့ သူတွေချည်းပဲ၊ ဒါပေမယ့် ဘုရားလို ပါရမီဖြည့်ဖို့တော့ မေ့နေကြတယ်၊ ဘဝပေါင်းများစွာ ပါရမီဖြည့်ဖို့ အသာထားဦး၊ အခုရောက်နေတဲ့ဘဝမှာတောင် ဘယ်လိုပါရမီမျိုး ဖြည့်ခဲ့ပြီးပြီလဲလို့ မေးကြည့်ပါလား၊ ပါရမီဖြည့်ဖို့ အသာထား၊ ငရဲရောက်မယ့် ကိစ္စတွေပဲ နေ့စဉ်လုပ်နေကြလို့ ပါရမီဆိုတာ ဘာမှန်းတောင် သိကြမှာ မဟုတ်ဘူး"

"အမှန်ပါပဲ"

"ဒါပေမယ့် အရက်မူးနေတဲ့လူတစ်ယောက်ကို မခံချင်အောင် သွားမပြောနဲ့၊ ကျုပ်က ယောကျ်ားဗျ၊ ကြိုးစားရင် ဘုရားတောင် ဖြစ်နိုင်တယ်လို့ ပြန်ပြောမှာ သေချာတယ်၊ ယောကျ်ားတိုင်း ဘုရားဖြစ်နိုင်ခွင့် ရှိတယ်ဆိုပေမယ့် ယောကျ်ားတိုင်း ဘုရားမဖြစ်နိုင်တာကတော့ အသေအချာပဲ"

"ဒါကြောင့် သံသရာလည်နေကြတာပေါ့ ဦးသူတော်ရယ်"





"လူချင်းတူပေမယ့် ဉာဏ်ချင်းမတူ၊ ဉာဏ်ချင်း တူသော်လည်း ကံချင်းမတူ၊ ကံချင်းတူသော်လည်း ပါရမီချင်း မတူ ဆိုပြီး ရှေးကလူတွေ ထားခဲ့တဲ့စကားက အလကားမှ မဟုတ်တာ၊ ဒါကြောင့် ခင်ဗျားရည်မှန်းချက် ရောက်မရောက် ဆိုတာကတော့ ခင်ဗျားရဲ့ကြိုးစားအားထုတ်မှုနဲ့ပါရမီ လိုတယ်၊ ပါရမီ မရှိရင်တော့ ဘယ်လောက်ကြိုးစားကြိုးစား အရာထင်မှာမဟုတ်ဘူး"

ဟုပြောပြီး လက်ဖက်ရည်ပန်းကန်ကို ယူပြီး မော့သောက်ချလိုက်လေသည်။

ထိုအခါ ဦးဗန်ကောင်းကလည်း နံဘေးမှ ရှိသောကွမ်းအစ်ထဲမှ ကွမ်းတစ်ယာကို ယူစားရင်း ပြောလိုက်သည်။

"ကြိုးစားတာကတော့ ကြိုးစားနေရမှာပေါ့ ဦးသူတော်ရယ်၊ ဒါပေမယ့် ကျုပ်အတွက် အချိန်အခါကောင်း မရောက်သေးဘူး ထင်ပါရဲ့၊ ဒါ့အပြင် ဂြိုဟ်စီးဂြိုဟ်နင်းကလည်း မကောင်းတော့ လူတွေနဲ့ ဝေးတဲ့နေရာမှာတောင် အကုသိုလ်ကတဲထဲကို ရောက်လာသေးတယ်"

ဦးဗန်ကောင်းက တလောက ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်ကို ရည်ရွယ်ပြီး ပြောလိုက်ခြင်းဖြစ်လေသည်။

ထိုစကားကြားသောအခါ ဖိုးသူတော်ကြီးက ရယ်နေသည်။

"အကုသိုလ်ဖြစ်တယ်ဆိုတာ ဂြိုဟ်စီးဂြိုဟ်နင်းကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တာ မဟုတ်ပါဘူး ကိုယ့်လူရယ်၊ ဂြိုဟ်တွေက စကြဝဠာထဲမှာ သူ့ဘာသာ ရှိနေကြတာပေါ့၊ ကိုယ့်လူတစ်ယောက်တည်းကိုမှ ရွေးပြီး ဒုက္ခလာပေးနေတာ မဟုတ်ပါဘူး"

"ဒါဖြင့် ဂြိုဟ်စီးဂြိုဟ်နင်းကြောင့် ဖြစ်တာတွေဆိုတာ မဟုတ်ဘူးပေါ့"

"အဲဒါ ခက်တာပေါ့၊ ရှေးက ကျမ်းတွေထဲမှာ ဘယ်နေ့သားဟာ အသက်ဘယ်လောက်ရောက်ရင် ဘယ်ဂြိုဟ်မှာ စားမယ်၊ ဥပမာ ရာဟုဂြိုဟ်မှာ ရောက်နေရင် ဘေးအန္တရာယ်တွေ အသက်အန္တရာယ်တွေဖြစ်မယ်လို့ ရေးထားကြတယ်၊ ဒါထက် ခင်ဗျားဘာနေ့သားလဲ"

"ကြာသပတေးသားပါ"

"ကြာသပတေးသားဆိုတော့ စနေမှာ ဂြိုဟ်အိပ်ရင် ဘုမိကျတယ်ပေါ့၊ စနေမှာ ဂြိုဟ်အိပ်ရော ဂြိုဟ်စားရော ကျနေရင် ဘုမ္မိနှစ်ထပ်ပေါ့၊ ဗေဒင်ကျမ်းအရဆိုရင်တော့ အတော် မကောင်းဘူးလို့ ဆိုရမှာပေါ့၊

ဒီလိုပဲ လူအတော်များများက ရာဟုဂြိုဟ်ကို သိပ် ကြောက်ကြတယ်၊ ရာဟုဂြိုဟ်ကို အန္တရာယ်ပေးတဲ့ဂြိုဟ်လို့ပဲ တစ်သမတ်တည်း မှတ်ထားတော့ ရာဟုဂြိုဟ် ရောက်ရင်ပဲ ဒုက္ခ ရောက်ပြီး ချက်ချင်းသေရတော့မလို ထင်နေဟတ်ကြတာဗျ"

"ဒါဖြင့် မဟုတ်လို့လား"

"ခင်ဗျားကို ကျုပ်ပြောမယ်၊ ရာဟုဂြိုဟ်ဆိုတာ တနင်္ဂနွေ





ဂြိုဟ်နေမင်း၊ တနင်္လာဂြိုဟ်လမင်းတို့နဲ့ ပုံပန်းသဏ္ဌာန်တူပြီး လပြည့်လကွယ်နေ့မှ ကောင်းကင်မှာ တွေ့မြင်ရတယ်၊ ရာဟု ဂြိုဟ်ဟာ ဗြဟ္မာမင်းက ပေးထားတဲ့ ဆုလာဘ်မင်္ဂလာကြောင့် တခြားအချိန်တွေမှာ မတွေ့ရဘဲ နေကြတ်တဲ့အချိန် လကြတ်တဲ့ အချိန်မှာသာ တွေ့မြင်ခွင့်ရတယ်၊

ဒါကြောင့် နေကြတ် လကြတ်ရင် ရာဟုဖမ်းတယ်လို့ ပြောကြတာပေါ့"

"မှန်ပါတယ်"

"ကျုပ်တို့ ကမ္ဘာဂြိုဟ်ကနေ မိုင်ပေါင်းများစွာ ဝေးတဲ့ စကြဝဠာထဲမှာ ရှိနေတဲ့ ရာဟုဂြိုဟ်ကြီးကတော့ ခင်ဗျားလို သာမန်လူတစ်ယောက်အတွက် တကူးတက လာပြီး ဒုက္ခပေးနေ တယ်ဆိုတာကတော့ ရယ်စရာပေါ့ဗျာ၊ ဥပမာ ရာဟုဂြိုဟ်က ကြာသပတေးသားကို ဒုက္ခပေးတယ်ဆိုပါတော့၊ ကမ္ဘာပေါ်မှာ ကြာသပတေးနေ့ မွေးတဲ့သူတိုင်း ဘယ်နှယောက် ရှိမယ်လို့ ခင်ဗျားထင်သလဲ"

ဦးဇန်ကောင်းက ဘာမှ ပြန်မပြောသာသဖြင့် ငြိမ်နေ သည်။

"ကျုပ်တွက်ပြမယ်. . . ကမ္ဘာပေါ်မှာ လူဦးရေ သန်း ပေါင်းခုနစ်ထောင်ရှိရင် ကြာသပတေးနေ့ မွေးတဲ့သူက သန်း ပေါင်းတစ်ထောင် ရှိမှာတော့ အသေအချာပဲ၊ အဲဒီသန်းပေါင်း တစ်ထောင်ထဲမှာ ကြာသပတေးနေ့ချင်း တူသလို မွေးတဲ့ နှစ်,



www.burmeseclassic.com

www.burmeseclassic.com



လ, ရက်, အချိန်ပါ တူတဲ့လူတွေလည်း မရေမတွက်နိုင်အောင်ပါကြမှာ အသေအချာပဲ”

ဦးဗန်ကောင်းက ခေါင်းညိတ်ပြသည်။

“ဒီတော့ မွေးတဲ့နှစ်၊ လ၊ ရက်၊ မွေးနေ့၊ မွေးချိန်တူတဲ့သူတွေဟာ တစ်ယောက်ကို ရာဟုဂြိုဟ်မင်း စားခံရရင် ကျန်တဲ့လူတွေလည်း ဖမ်းခံရမှာပေါ့၊ ဒီလိုဖမ်းစားရင် တစ်ယောက်က ရယ်ရင် လိုက်ရယ်ကြ၊ ငိုရင် လိုက်ငိုကြ၊ သေရမယ်ဆိုရင်လည်း အားလုံးလိုက်သေကြရမှာပေါ့ ကိုယ့်လူရယ်”

ဟု ပြောကာ လက်ဖက်ရည် တစ်ပန်းကန် ငှဲ့ထည့်ပြီး သောက်ပြန်လေသည်။

“လူတစ်ယောက်ရဲ့ကံကြမ္မာကို ဂြိုဟ်နက္ခတ်တွေနဲ့ မကြည့်ဘဲနဲ့ သူ့ရဲ့အကြောင်းကို သိဖို့ ဘာတွေနဲ့ ကြည့်ရင် သိနိုင် သဲ”

“ဂြိုဟ်တွေ နက္ခတ်တွေ၊ တာရာတွေဆိုတာ အလွန်ဝေးလွန်းလှပါတယ်၊ အသိဉာဏ်လေး တစ်ထွာတစ်မိုက်နဲ့ လိုက်မီဖို့ မလွယ်ပါဘူး၊ ဒါကြောင့် လက်ရှိကြုံတွေ့ရတဲ့ အကျိုးအကြောင်းတွေ အဆိုးအကောင်းတွေကို သိချင်ရင် “ဇမ္ဗူဒိပ် နိမိတ်ထွန်း၊ ဇမ္ဗူဒိပါတောင်ကျွန်း ဩဘာနိမိတ်ထွန်း” ဆိုတဲ့စကားရှိသားပဲ၊ အတိတ်၊ နိမိတ်၊ စနည်း၊ ဘဝေါ၊ တဘောင်တွေကို နားလည်ရင် သိနိုင်ပါတယ်”

“ဒါတွေသိရုံနဲ့ လူတစ်ယောက်ရဲ့အနာဂတ်ကို ကြိုသိ





နိုင်ပါ့မလား”

“ခင်ဗျား တကယ်သိရင် လောလောဆယ် ကြုံတွေ့နေရတဲ့ အဖြစ်အပျက်တွေကို ကြိုသိနိုင်ပါတယ်”

ဖိုးသူတော်ကြီး အောက်ပါအကြောင်းအရာအချို့ကို အတိုချုပ်ပြီး ပြောပြလေသည်။

အတိတ်ဆိုသည်မှာ အတိတ်ဘဝက ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များက လက်ရှိပစ္စုပ္ပန်ကာလတွင် လာရောက်ထင်ဟပ်နေခြင်းဖြစ်၏။

နိမိတ်ဆိုသည်ကတော့ အနာဂတ်တွင် ဖြစ်လာမည့် (ထူးခြားသော အဖြစ်အပျက်များ)အဖြစ်အပျက်များကို နိမိတ်ထင်လာခြင်း၊ နိမိတ်ပြခြင်းတို့ပင်ဖြစ်သည်။

စနည်းဆိုသည်မှာ စနည်းနာတွက်ခြင်းမှ ဆင်းသက်လာခြင်းဖြစ်ပြီး ရှေးအခါက တိုင်းရေးပြည်ရာ မည်သို့အခြေအနေ ရှိသည်ကို စနည်းနာခြင်းဟု ခေါ်သည်။

ဘဝေါဆိုသည်မှာလည်း နောင်အနာဂတ်၌ ဖြစ်ပျက်မည်ကို ကြိုတင်နိမိတ်ပြခြင်းကိုပင် ‘ဘဝေါ’ ဟု တစ်နည်းခေါ်ကြခြင်းဖြစ်သည်။

တဘောင်ဆိုသည်ကတော့ နောင်အနာဂတ်တွင် ဖြစ်လာမည့်(ထူးခြားသောအကြောင်းအရာများ) အကြောင်းအရာအများကို နိမိတ်စကားလင်္ကာများ ကြိုတင်ပေါ်ပေါက်လာခြင်းကို တဘောင်စကားဟု ခေါ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သီပေါဘုရင် နန်းတက်ကာနီးတော့ အင်းဝမြို့ဟောင်း အနီး အောက်တောရွာမှ မိဂျမ်းဆိုသူ စိတ်မနှံ့သူတစ်ဦးက ခြေဦးတည့်ရာ လျှောက်သွားရင်း မန္တလေး ရွှေနန်းတော် ကျုံးနံဘေး ရောက်လာရင်း အလေ့ကျ ပေါက်နေသည့် မန်ကျည်းပင် တစ်ပင်ပေါ်တက်ကာ အသံကုန် အော်ဟစ်လေသည်။

"ရွှေမိုးရာလို့ မယ်မအေး
ငွေမိုးရွာလို့ ပျိုမအေး
ပထမံပြန် ရှင်လူထွက်
နန်းတက်မှအေး . . . "

ထိုစကားကို ကင်းဝန်မင်းကြီး ဦးကောင်းနှင့် ယောအတွင်းဝန် ဦးဘိုးလှိုင်တို့ ကြားသောအခါ ဘုန်းတော်ကြီးကျောင်းမှာ သင်္ကန်းစည်းနေသော သီပေါကိုယ်တော်လေး သင်္ကန်းချွတ်ပြီး ဘုရင်ဖြစ်တော့မည့် တဘောင်စကားဖြစ်မှန်း ကြိုတင်သိခဲ့ကြလေသည်။

ထို့နောက်မှာလည်း တိုင်းရေးပြည်ရာနှင့် ပတ်သက်ပြီး ထင်ရှားသော တဘောင်များ ပေါ်ပေါက်ခဲ့ကြသေးသည်။

ထိုအထဲတွင် 'သီကြားသိုက်'ဟု ခေါ်သော အင်းဝသိုက်စာတဘောင်မှာ စကားလေးခွန်းသာ ရှိသည်။

"အင်းကို ဟင်္သာ ဆင်းလိမ့်မည်
ဟင်္သာကို မုဆိုးလေးနှင့် ခွင်းလိမ့်မည်
မုဆိုးကို ထီးရိုးရိုက်လိမ့်မည်





ထီးရိုးကို မိုးကြိုးပစ်လိမ့်မည်"

ဟူသော စကားလေးခွန်းပင်ဖြစ်၏။

ထိုတဘောင်စကားလေးမျိုးမှာ တိုင်းပြည်၊ ဘုရင်နှင့် သက်ဆိုင်သော တဘောင်များဖြစ်သောကြောင့် အသေးစိတ်ကို ရေးသားဖော်ပြခြင်း မပြုတော့ပေ။

ဦးဖန်ကောင်းနှင့် ဖိုးသူတော်ကြီးတို့နှစ်ယောက်မှ ရေနွေးကြမ်း သောက်ရင်း ကွမ်းဝါးရင်းနှင့် စကားကောင်းနေကြရာ ဦးဖန်ကောင်းမှာ ဖိုဆွဲရန်ပင် သတိမရတော့ပေ။

ဦးဖန်ကောင်းအနေဖြင့်လည်း ဖိုးသူတော်ကြီးနှင့် ထိုကဲ့သို့ စကားပြောနေရသည်ကို များစွာကျေနပ်နေမိလေသည်။

ထို့ကြောင့် ဖိုမဆွဲတော့ဘဲ ရပ်ထားရာ ဖိုထဲမှ မီးများပင် ငြိမ်းစပြုနေချေပြီ။ အတန်ကြာတော့ ဖိုထဲမှ မီးတောက်တစ်ခု တောက်လာသဖြင့် နှစ်ယောက်သား ကြည့်လိုက်ကြသည်။

"ငြိမ်းနေတဲ့မီး ပြန်တောက်တာကတော့ အတော်ကလေး ထူးဆန်းတယ်"

"ထူးဆန်းတယ်ဆိုရင်လည်း နိမိတ်ကောက်ပါဦးဗျာ"

"မီးသေနေတော့ အေးတာပေါ့၊ အေးတဲ့အချိန်မှာ မီးထတောက်မှတော့ မကြာခင် ခင်ဗျားနေတဲ့နေရာကို အပူသည် တစ်ယောက် ရောက်လာမှာတော့ အမှန်ပဲ"

"ဘယ်လိုကြောင့်လဲ . . . အဓိပ္ပါယ် ရှင်းပါဦး"

"အေးတဲ့နေရာဆိုတာ ခင်ဗျားနေတဲ့နေရာမျိုးလောက်



www.burmeseclassic.com

www.burmeseclassic.com



နားအေးပါးအေးနဲ့ တိတ်ဆိတ်အေးချမ်းတဲ့နေရာမျိုး ဘယ်ရှိပါ့မလဲ"

"ဟုတ်ပါပြီ"

"မီးဆိုတော့ အပူဓါတ်ပဲ၊ မီးမရှိတဲ့မီးဖိုထဲက မီးထတောက်မှတော့ ခင်ဗျားဆီကို အပူလှိုင်းကြီးတော့ ဝင်လာမှာမဟုတ်တာ သေချာတယ်၊ ဒီတော့ အပူသည်ပဲ ရောက်လာနိုင်တာပေါ့ဗျာ"

"ကိုင်း. . . ထားပါတော့. . ၊ ရောက်လာမယ့်သူကယောက်ျားလား. . မိန်းမလား"

"ဒီအချိန်က အပုပ်ချိန်လို့ ခေါ်တယ်၊ ကျုပ်ပြောချက်အတိုင်း မှန်မယ်ဆိုရင်တော့ မကြာခင်မှာ ခင်ဗျားတဲကို အပူသည် မိန်းမတစ်ယောက် မလွဲမသွေ ရောက်လာတော့မှာပဲဟော. . . ပြောရင်းဆိုရင်း အပြင်ဘက်က ခြေသံကြားရတယ်ဗျို့"

ထိုသို့ပြောနေကြစဉ်မှာ ခြေသံမှာ တဖြည်းဖြည်း နီးလာပြီးနောက် ခဏကြာတော့ တဲပေါက်ဝသို့ အမျိုးသမီးတစ်ယောက်ရောက်လာလေသည်။

ဦးဗန်ကောင်းကတော့ ဖိုးသူတော်ကြီး ပြောသည့်အတိုင်း မှန်နေသဖြင့် အံ့ဩသွားသော်လည်း ဖိုးသူတော်ကြီးကတော့ လှည့်မကြည့်ဘဲ ကွမ်းအစ်ကို ဆွဲကာ ကွမ်းယာနေသည်။

"ဒီမှာ အိမ်ရှင်တို့များ ရှိကြပါသလား"





"ကျုပ်တို့ပါပဲ. . . ဘာကိစ္စများ ရှိလို့ပါလဲ"

"မေးစရာလေးတစ်ခု ရှိလို့ပါရှင်"

"ဒီလိုဖြင့် ဝင်လာခဲ့ပါ။ ဒီအထဲမှာတော့ ကျုပ်တို့နှစ်ယောက်ပဲ ရှိပါတယ်"

မိန်းကလေးက မရဲတရဲနှင့် အတွင်းသို့ ဝင်လာလေသည်။ သူမမှာ အသက်(၂၀)ကျော်မျှသာ ရှိသေးပြီး ရုပ်ရည်ချောမောလှပသူတစ်ဦးဖြစ်သော်လည်း ပူပန်သောကများရောက်နေဟန်ဖြင့် မျက်နှာမှာညှိုးနေသည်။

"ထိုင်ပါ မိန်းကလေး၊ ကျုပ်တို့ ဘာများ အကူအညီပေးရမလဲ"

"ကျွန်မ မင်္ဂလာဒုံဘက်မှာ နေပါတယ်ရှင်၊ နာမည်ကခင်မေလေးလို့ ခေါ်ပါတယ်၊ ကျွန်မမှာ ခင်မေကြီးဆိုတဲ့ အစ်မတစ်ယောက်လည်း ရှိပါတယ်"

ဦးဗန်ကောင်းက ခေါင်းညိတ်ပြရင်း ခင်မေလေးဆိုသော မိန်းကလေးမျက်နှာကို တစ်ချက်ကြည့်လိုက်ရင်း စိတ်ထဲမှာ ဒဝေဇဝါဖြစ်သွားမိသည်။ သူ့စိတ်ထဲမှာ ထိုမိန်းကလေး၏မျက်နှာမျိုးကို တစ်နေရာမှာ မြင်ဖူးသလို ထင်လိုက်မိသည်။

"ကျွန်မအစ်မက မင်္ဂလာဒုံမှာ ရှိတဲ့ စက်ရုံတစ်ရုံမှာအလုပ်လုပ်ပါတယ်၊ ခါတိုင်းဆိုရင် ညနေပိုင်းအချိန်ဆိုရင် သူအိမ်ကို ပြန်ရောက်လာလေ့ရှိပါတယ်၊ အဲဒီနေ့က မိုးချုပ်တဲ့အချိန်ထိ အိမ်ကို ပြန်ရောက်မလာပါဘူး"

www.burmeseclassic.com



"ဂါတ်တဲသွားပြီး လူပျောက်ကလေးဘာလေး မတိုင်ထားဘူးလား"

"ဘယ်လိုဖြစ်မှန်း မသိရတော့ ခုချိန်ထိတော့ မတိုင်ရသေးပါဘူး၊ ကျွန်မတို့လည်း လိုက်ရှာကြည့်တာ နေရာနှံ့သလောက် ဖြစ်နေပါပြီ"

"ဒီအရွယ်ဆိုတော့ ချစ်သူတွေဘာတွေနဲ့များ. . ."

"ကျွန်မသိရသလောက်တော့ အစ်မမှာ ချစ်သူမရှိသေးပါဘူး၊ သူ့မှာ ရင်းနှီးတဲ့ ယောကျ်ားလေးမိတ်ဆွေမျိုးတောင် သိပ်မရှိပါဘူး"

"ဒါနဲ့ ဘယ်လိုကနေ ဒီနေရာကို ရောက်လာတာလဲ"

"ဒီလိုပါရှင်. . . နေ့လယ်က ဒီဘက်ကလာတဲ့ မိတ်ဆွေတစ်ယောက်က သတင်းပေးလို့ပါ။ တလောက ဒီနေရာမှာ အမျိုးသမီးအလောင်းတွေ့လို့ ပုလိပ်တွေက သယ်သွားတယ် ပြောလို့ပါ။ အဲဒါ ကျွန်မအစ်မများ ဖြစ်နေမလားလို့ သတင်းစုံစမ်းရအောင် လာတာပါ"

ထိုအခါမှ သဘောပေါက်သွားပြီး သက်ပြင်းချလိုက်မိပါသည်။ တစ်ဆက်တည်း သူတွေ့ခဲ့ရသော အမျိုးသမီးမှာ ယခုရောက်လာသော ခင်မေလေးနှင့် ရုပ်ချင်း အတော်ကလေးတူနေသည်ကိုပါ သတိပြုမိတော့သည်။

"ကြားရတာ စိတ်မကောင်းစရာပါပဲ၊ တလောက ဒီနေရာတစ်ဝိုက်မှာ အမျိုးသမီးတစ်ယောက် ဒဏ်ရာတွေနဲ့





လဲနေတာကို တွေ့ခဲ့ရတယ်၊ ကျုပ်တွေ့တဲ့အချိန်မှာတော့ သူအသက်ရှင်နေပါသေးတယ်၊

ဒါနဲ့ ပုလိပ်ဌာနကို အကြောင်းကြားလိုက်တာနဲ့ သူတို့လာပြီး သယ်ယူသွားကြတယ်"

"ဒါဖြင့် ဘယ်သူ့ဆီကို သွားပြီး သတင်းစုံစမ်းရင် ရနိုင်မလဲရှင်"

"မင်းသွားမယ်ဆိုရင် လူတစ်ယောက်ရဲ့လိပ်စာကို ငါပေးလိုက်ပါ့မယ်၊ သူနဲ့တွေ့ရင်တော့ မင်း အကျိုးအကြောင်း တစ်ခုခုတော့ သိရမှာပါ"

ဟု ပြောပြီးနောက် ဒေါက်တာမင်းထင်ကျော် လိပ်စာကို ရေးပေးလိုက်လေသည်။ ထို့နောက် ခင်မေလေးဆိုသော မိန်းကလေးလည်း သူတို့ကို နှုတ်ဆက်ပြီး ခပ်သုတ်သုတ် ပြန်ထွက်သွားလေတော့သည်။

"ဒီတစ်ချက်ကတော့ ခင်ဗျားရဲ့နိမိတ်ကောက်ယူပုံကတော့ သွေးထွက်အောင်ကို မှန်ပေတော့တာပဲ"

ဟု ပြောလိုက်ရာ ဖိုးသူတော်ကြီးက ထွေထွေထူးထူးဘာမှ ပြန်မပြောဘဲ ကွမ်းဝါးမြဲ ဝါးနေလေသည်။

အပြင်ဘက်တွင် အမှောင်ရိပ်များ လွှမ်းစပြုလာချေပြီ။





www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၆)

# အမှောင်ရိပ်ထဲမှ မျက်နှာမည်း

ဒေါက်တာမင်းထင်ကျော်မှာ ဆေးရုံမှ ပြန်ရောက်လာပြီးနောက် စာကြည့်ခန်းအတွင်းသို့ ဝင်ကာ ဆေးပညာသမိုင်းကြောင်းများ၊ ခေတ်အဆက်ဆက် ထူးချွန်ထင်ရှားခဲ့သော နိုင်ငံ့ဆကာမှ ဆရာဝန်ကြီးများအကြောင်းကို ရေးသားထားသော မှတ်တမ်းများကို လက်လှမ်းမီသမျှ ရှာဖွေဖတ်ရှုနေလေသည်။

သူစိတ်ဝင်စားသောကျမ်းမှာ ရှေးအိန္ဒိယ ဆေးအတတ်ပညာသမိုင်းတွင် ရေးသားဖော်ပြထားသော အချက်အလက်



www.burmeseclassic.com

www.burmeseclassic.com



များပင်ဖြစ်ပေသည်။

ထိုကျမ်းတစ်နေရာ၌ ဖော်ပြထားသည်မှာ အောက်ပါအတိုင်းပင်ဖြစ်သည်။

အိန္ဒုမြစ်ဝှမ်းတွင် တိမ်မြုပ်နေ၍ ရှေးဟောင်းသိုက်တူးရာမှ ပြန်၍တွေ့ရသော မိုဟင်ဂျိုဒါရိုပြည်(Mohen Jodaro) ဟာရပ္ပာပြည်(Harappa)နှင့် အခြားမြို့ကြီးတို့သည် ရှေးဆူးမားတိုင်းပြည်(Sumer)နှင့် အဆက်အသွယ်ရှိခဲ့ကြောင်း အထောက်အထားများ တွေ့ရှိခဲ့ရလေသည်။

ထို့ကြောင့် အိန္ဒိယသည် ရှေးမက်ဆိုပိုတေးမီးယား၊ အီဂျစ်တို့နှင့်တန်းတူ လူသားတို့၏ယဉ်ကျေးမှုကို စတင်ထူထောင်ခဲ့သော တိုင်းပြည်တစ်ခုဖြစ်ကြောင်း အိန္ဒိယသမိုင်းပညာရှင်တို့က ဂုဏ်ယူပြောဆိုကြလေသည်။

မိုဟင်ဂျိုဒါရို ပြည်သားတို့ ရေးသားထားခဲ့သော စာများ၏အဓိပ္ပါယ်ကို မဖော်နိုင်သေးသောကြောင့် ထိုတိုင်းပြည်တွင် အနာရောဂါကုသမားများ ရှိခဲ့ကြောင်း မပြောပြနိုင်ပေ။

သို့ရာတွင် သန့်ရှင်းရေးဘက်တွင် ထူးခြားသော အဆောက်အအုံများကို မိုဟင်ဂျိုဒါရိုပြည်၌ တွေ့ရလေသည်။

ထိုခေတ်တွင် အတုမရှိသော ရေညစ်နှုတ်မြောင်းကြီးတစ်ခု၊ ရေချိုးကန်ကြီးတစ်ခုနှင့် ချွေးထုတ်ရေချိုးခန်းများဆောက်လုပ်ထားခဲ့ကြောင်း တွေ့ရလေသည်။

လူနေအိမ်များ၌ ရေညစ်တွင်းတစ်ခုစီ ဆောက်လုပ်





ထား၍ ဤတွင်းများမှ ရေညစ်မြောင်းများသည် လမ်းမအောက်မြောင်းကြီးနှင့် ဆက်ကြသည်။

လမ်းမအောက် မြောင်းကြီးမှာ တစ်ပေမှ နှစ်ပေအထိနက်၍ အုတ် သို့မဟုတ် ကျောက်ပြားများဖြင့် ဖုံးအုပ်ထားလျက်ရှိသည်။

မြောင်းကြီးကို ဆေးကြောသုတ်သင်ရန် လူဆင်းတွင်းများ ဆောက်လုပ်ထားသည်။

လမ်းမအောက်မြောင်းကြီးတို့မှ ရေညစ်ကို မြောင်းကျယ်ကြီးများက မြစ်ထဲသို့ နှုတ်ယူသွားကြလေသည်။

ရှေးအိန္ဒိယသမားတို့သည် မိမိတို့ခေတ်တွင် တိုင်းတပါးသမားတို့ထက် ခွဲစိတ်ဘက် ဆာဂျရီအတတ်ပညာ(operative surgery)တွင် ထူးချွန်ခဲ့လေသည်။

ရဂ္ဂုဗေဒကျမ်း(Rig veda 1500 B.C)တွင် အာသဝိ (Asvins) နတ်အမွှာညီနောင်တို့ကို ကိုး၍ အနာရောဂါ ကုသသည့် သမားများကို ညွှန်းသည့်စာများ၊ ဆေးဘက်ဝင်သော သစ်ပင်များကို ညွှန်းဆိုသည့်စာများ၊ အလင်းကွယ်နေသည့် မျက်စိကို ပြန်၍လင်းအောင် ကုသပေးကြောင်းစာများနှင့် စစ်ပွဲတွင် ခြေပြတ်သွားသူတစ်ဦးအား သံခြေတပ်ပေးကြောင်းစာများကို တွေ့ရလေသည်။

ဗြာဟ္မဏခေတ်တွင်(800 B.C - 1000 AD) ဗြာဟ္မဏပုဏ္ဏားကြီးများနှင့် ပညာရှိများတို့က ဆေးအတတ်ပညာကို မြှင့်တင်

www.burmeseclassic.com



ခဲ့ကြလေသည်။

ဗာရာဏသီ(Benares)ပြည်၌ ဆေးအတတ်ပညာသင်ကျောင်းတစ်ဆောင် တည်ဆောက်ခဲ့ကြလေသည်။

ဘုရင်အာသောက၏ ကျောက်စာတစ်ခုတွင် (B.C 226 ခုခန့်) မိမိသည် ဆေးရုံများ တည်ဆောက်ခဲ့ကြောင်း ဆိုသည်။

သီဟိုဠ်ကျွန်းမှတ်တမ်းများတွင်လည်း B.C (437) ခုနှစ်နှင့် (137) ခုနှစ်တို့တွင် ဆေးရုံများ ရှိခဲ့ကြောင်း ဆိုသည်။

A.D (368)ခုနှစ်အထိ အိန္ဒိယနှင့် သီဟိုဠ်တို့တွင် ဆေးရုံများ ရှိခဲ့သည်။

ဖြဟ္မခေတ် ဆေးအတတ်ပညာ ကျမ်းသုံးစောင်ရှိသည်။ ၎င်းတို့မှာ. . .

(၁) ဆရက သံဟိတ ကျမ်းသည် သမားဆရာဖြစ်သော အတြိယ(Atrery B.C 6 ရာစု)၏ပို့ချစာများကို မူတည်၍ သမားအဂ္ဂနိဝေရ(Agnivera) ပြုစုသောကျမ်းကို သမားဆရက (Charaka A.D ဒုတိယရာစု)အတိုချုံး ပြုစုသောကျမ်းဖြစ်သည်။

(၂) သုသရုတသံဟိတကျမ်းသည် သမားသုသရုတ (Susruta about 400 A.D) ပြုစု၍ ဆာဂျရီကုထုံးများ စုဆောင်း၍ ဖော်ပြထားသောကျမ်းဖြစ်သည်။

(၃) ဘဂဝတပူရာဏ်ကျမ်း (A.D သတ္တမရာစု) ဤသုံးစောင်တည်း။

ဤကျမ်းတို့သည် အာယုဗေဒ (Aju Veda)ကျမ်းတွင်





အကျုံးဝင်သည်။

အထက်ပါ ကျမ်းသုံးစောင်အနက် သုသရုတသံဟိတသည် အရာရောက်ဆုံးကျမ်းဖြစ်ပေသည်။

ဆာဂျရီသမား သုသရုတသည် ခွဲစိတ်ကုသရေးတွင် အသုံးပြုသော ကိရိယာ တန်ဆာပလာမျိုး(၁၂၀)ကို ဖော်ပြထားခဲ့သည်။

ဤကိရိယာများတွင် အသားလှီးဓားများ၊ လှံငယ်များ၊ လွှများ၊ ကတ်ကြေးများ၊ ချုပ်အပ်များ၊ ချိတ်များ၊ စမ်းတံများ (probes)၊ ညွှန်တံများ(directors)၊ အခေါင်းပေါက် စမ်းတံများ၊ (Sounds)၊ ညှပ်များ၊ စူးနှင့်စူးအိမ်(trocar)၊ ဆီးချူတံ၊ ပြွတ်များ၊ အပေါက်ချဲ့တံများ(baugies)နှင့် စအိုတွင်းအမြင်ကူ (rectal speculum)တစ်ခု ပါဝင်လေသည်။

ထိုခေတ် ဆာဂျရီသမားတို့သည် သွေးကြောပြတ်စများကို သွေးတိတ်အောင် ချည်နှောင်ခြင်းအတတ်မှလွဲ၍ အခြားသော ခွဲစိတ်ကုသနည်းတို့ကို တတ်ကြဟန်ရှိကြသည်။

ခြေလက်အင်္ဂါတို့ကို ဖြတ်တောက်ရာတွင် သွေးကြောပြတ်စများကို သွေးတိတ်အောင် မီးရှို့ကြသည်။

ကျိုးသောအရိုးကို ဂါမနီအားဖြင့် စီရင်ထားသော ကျပ်မြင့်စည်း၍ ကုသကြသည်။

ဆီးကျောက်ကို [illegible]ကြသည်။

သားအိမ်[illegible] သားဆွဲကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အသားပိုများကို ဖြတ်ပယ်ကြသည်။

မျက်စိအတွင်းတိမ်(Cataract) ထုတ်ပယ်ကြသည်။

အိန္ဒိယ ဆရာဂျရီသမားတို့ ကျင့်သုံးကြသော နှာခေါင်းပုံပြန်ဖော်ပေးနည်း(rhinoplasty)ကို အာရေဗျ ဆရာဂျရီသမားများမှ အတုယူကြရသည်။

မွေ့ဆေးမပေါ်သေးသည့်ခေတ်၌ ခွဲစိတ်ကုသရာတွင် လက်မြောက်ခြင်းနှင့် လျင်မြန်ခြင်း ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံရမည်ဖြစ်သောကြောင့် သမားဆရာတို့က တပည့်များကို ဦးစွာ သစ်ပင်များနှင့် တိရစ္ဆာန်အသေကောင်တို့တွင် လေ့ကျင့်စေခဲ့သည်။

ယခုခေတ် ဆာဂျရီအတတ်ပညာသည် အနာတိုမီပညာနှင့် ဖီဆီယိုလိုဂျီပညာတို့ကို မှီ၍ တိုးတက်လာသောအတတ်ပညာဖြစ်သည်။

သို့ဖြစ်သောကြောင့် ရှေးအိန္ဒိယသမားတို့သည် ဤအခြေခံပညာနှစ်ရပ်၌လည်း ထူးချွန်ခဲ့ကြပေသည်ဟု အောက်မေ့ရသည်။

သို့ရာတွင် ဝေဿလိယာ့ အလျင်ခေတ်များ၌ အနာတိုမီပညာ မတိုးတက် မထွန်းကားနိုင်ခဲ့ကြောင်း ဖော်ပြပြီးဖြစ်သည့်အတိုင်း ရှေးအိန္ဒိယ အနာတိုမီပညာနှင့် ဖီဆီယိုလိုဂျီပညာတို့သည်လည်း မဖြစ်လောက်ပေချေ။

သို့သော်လည်း "ဆေးအတတ်ပညာဝတ္ထုကြီး" ကို ပြုစုသူ သမားကင်းနတ်ဝါကာ(Kenneth Walker)၏ အဆိုအရ





'အာယုဗေဒကျမ်းတွင် သွေးကြောများအဖွဲ့အကြောင်း ဖော်ပြတာများကို ဖတ်ရသောအခါ၌ ရှေးအိန္ဒိယသမားတို့သည် သွေးအယဉ်မှာ တစ်ကိုယ်လုံးသို့ ပတ်လည်လှည့်နေကြောင်း ဟာဗီ (Harvey) အလျင်ဦးစွာ စိတ်ကူးခဲ့ကြလေသလော' ဟု ထင်ရသည်ဟု သိရသည်။

သုသ ရုတသံဟိတ ကျမ်းတွင် ကိုယ်တွင်းရောဂါအမျိုးပေါင်း(၁၁၂၀)ကို သွေးရိုးသားရိုးရောဂါတစ်ခု၊ အပမှီရောဂါတစ်ခု ဟူ၍ အစုနှစ်စုခွဲ၍ ဖော်ပြထားလေသည်။

လူနာကို စမ်းသပ်ကြည့်နည်းများတွင် ရှုစားခြင်း၊ လက်ဖြင့် စမ်းကြည့်ခြင်း၊ နားထောင်ကြည့်ခြင်း၊ အနံ့ခံခြင်း၊ အရသာခံခြင်းအားဖြင့် တွေ့မြင်နိုင်သော ဝေဒနာ လက္ခဏာများကို ဖော်ပြထားသည်။

ငှက်ဖျားရောဂါ၏ ဝေဒနာလက္ခဏာများကို ဖော်ပြထားသည့်အပြင် ခြင်ကိုက်ခံရသောကြောင့် ဤရောဂါသင့်ကြောင်းလည်း ဖော်ပြထားသည်။

ကြွက်နာကျလျှင် ပလိပ်ရောဂါ ကျရောက်တတ်ကြောင်းလည်း ဖော်ပြထားသည်။

ချောင်းဆိုး၊ အဖျားတက်၊ ခွဲသလိပ်နှင့်အတူ သွေးပျော၍ ပိန်ချုံးနေသောသူတို့၏ရောဂါ (မြစ်ခြောက်နာ) (Consumpton)အရည်ကိုလည်း ဖော်ပြထားသည်။

ကျကျောက်ရောဂါ ကာကွယ်ရန် ကျောက်ဖုမှ အရည်



www.burmeseclassic.com

www.burmeseclassic.com



ကိုယူ၍ အရေပြားထဲသို့ ထိုးသွင်းနည်းကိုလည်း ဖော်ပြထားသည်။

ဆေးဘက်ဝင်သော သစ်ပင်အမျိုးပေါင်း(၇၀၀)ကျော် ဖော်ပြထားသည်။

(Rauwolfia Serpentina) ဆေးမြစ်မှ ထုတ်ယူရရှိသော ရီဆာပင်(resurpine)ဆေးကို ယခုခေတ်တွင် သွေးတိုးအား လွန်ကဲရောဂါအတွက် များစွာအသုံးပြုလျက်ရှိသည်။

ဒေါက်တာမင်းထင်ကျော် ရှာဖွေတွေ့ရှိသော အိန္ဒိယဆေးပညာသမိုင်းမှတ်တမ်းများမှာ ရှားပါးမှတ်တမ်းများဖြစ်ပေသည်။

ထိုမှတ်တမ်းများထဲမှာ အိန္ဒိယ ဆေးပညာသမိုင်းတစ်လျှောက်တွင် ထင်ရှားကျော်ကြားခဲ့သော ဆရာဝန်ကြီးများ အကြောင်းများကိုလည်း တွေ့ရပေသည်။

ဒေါက်တာမင်းထင်ကျော်က ထိုမှတ်တမ်းများကို စိတ်ဝင်စားသောကြောင့် အသေအချာ လေ့လာဖတ်ရှုလေသည်။

အိန္ဒိယဆေးပညာလောကသည် ရှေးနှစ်ပေါင်းများစွာကတည်းက တိုးတက်မှု ရှိခဲ့လေသည်။

ခေတ်မီတိုးတက်သော ပစ္စည်းကိရိယာ မပေါ်မီကတည်းကပင် လူဦးခေါင်းအရိုးကို အပေါက်ဖောက်၍သော်လည်းကောင်း၊ ခန္ဓာကိုယ် အစိတ်အပိုင်းများကို အစားထိုး လှယ်၍သော်လည်းကောင်း၊ သွေးအမျိုးအစားချင်း တူသူမှ





ကို သွေးဟောင်းသွေးသစ် လဲလှယ်ကုသပေးခဲ့ကြောင်း တွေ့ရလေသည်။

အံ့ဩဖွယ်ကောင်းသောအချက်မှာ မာကျောလှသည့် ဦးခေါင်းခွံကို အပေါက်ဝိုင်း ဖောက်၍ ဖွင့်ရာတွင် မည်သို့သော ခွဲစိတ်ကိရိယာများကို အသုံးပြုခဲ့ကြသည်ဟု ဖော်ပြမထားသော်လည်း ဖောက်ဖွင့်ထားပြီးသော အပေါက်ဝိုင်းတို့၏ အနားပတ်လည်တွင် ကွဲအက်နေခြင်း မရှိကြောင်း တူးဖော်ရရှိခဲ့သော ဦးခေါင်းခွံများကို လေ့လာကြည့်ခြင်းဖြင့် သိနိုင်ကြသည်။

အိန္ဒိယနိုင်ငံမှာ ပေါ်ပေါက်ခဲ့ကြသည့် ဆေးပညာရှင်များကို ရှေးအခါက ဆရာဝန်ဟု မခေါ်ဘဲ သမားတော်များဟု ခေါ်ဝေါ်ခဲ့ကြသည်။

ထိုသမားတော်များထဲတွင်. . .

ကိုယ်တွင်းမှ ဖြစ်ပွားသောရောဂါတို့ကို ကုသပေးသည့် သမားတော်၊ ထိခိုက်ဒဏ်ရာများကို ကုသပေးသည့် သမားတော်၊ အရိုးကျိုးသော ဒဏ်ရာများကို ကုသပေးသည့် သမားတော်၊ မြွေကိုက်ခံရသောလူနာအတွက် အဆိပ်ဖြေပေးသော သမားတော်၊ ကလေးမွေးဖွားရာတွင် ညွှန်ကြားပေးရသော သမားတော်၊

ထို့ပြင် လူတစ်ကိုယ်လုံးကို ခွဲစိတ်ကုသခြင်းဖြင့် လိုအပ်သလို ပြုပြင်ပြောင်းလဲပေးနိုင်သည့် သမားတော်များ ရှိခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့မဟုတ်ဘဲ သဘာဝ ဆေးပင်များဖြင့် ကုသပေးသော အိန္ဒိယ ဆေးဆရာများလည်း ရှိကြသည်။

ရှေးအခါက အိန္ဒိယသမားတော်များမှာ ဆေးကုပေးသောအလုပ်အပြင် ကျင့်ကြံအားထုတ်မှုများလည်း ပြုလုပ်ကြကြောင်း၊ အချို့မှာ သမာဓိပေါက်ပြီး အကြားအမြင်ရနေသည့် သမားတော်များပင် ရှိခဲ့ကြောင်း မှတ်တမ်းများက ဖော်ပြထားလေသည်။

ဒေါက်တာမင်းထင်ကျော်က ရှေးနှစ်ပေါင်းများစွာက အိန္ဒိယပြည်တစ်ဝှမ်းမှာ ထင်ရှားကျော်ကြားခဲ့သော ဆရာဝန်ကြီးများ၊ သမားတော်များ၏မှတ်တမ်းများကို သီးခြားဖယ်ထားလိုက်သည်။

သူသည် မှတ်တမ်းများကို စိတ်ဝင်စားစွာ ကြည့်ရှုနေသောကြောင့် ညဥ့်နက်ပိုင်းအချိန် ရောက်လာခဲ့သည်ကိုပင် သတိမပြုမိတော့ပေ။

ညဥ့်နက်ပိုင်းအချိန် ရောက်ပြီဖြစ်သောကြောင့် ပတ်ဝန်းကျင်မှာ အမှောင်ရိပ်များ ဖုံးလွှမ်းနေလေပြီ။

သူနေသော ရွှေတောင်ကြားရပ်ကွက်မှာ(ရှေးအခါက) လူနေများခြင်း မရှိဘဲ ခြံကျယ်ဝန်းကျယ်များဖြင့် သီးခြားနေထိုင်ကြသည့်နေရာဖြစ်သည့်အပြင် ကုက္ကိုပင် စသော သစ်ပင်ကြီးများက နေရာအနှံ့အပြားတွင် အုံ့ဆိုင်းနေသဖြင့် အမှောင်ရိပ်က ပိုများလေသည်။





လမ်းမီးတိုင်များ ရှိသည်ဆိုသော်လည်း အလင်းရောင်က မှုန်ဝါးဝါးသာ ရှိသည်။

ထိုရပ်ကွက်ထဲမှာ နေထိုင်ကြသူများမှာ ကိုယ်ပိုင်ကားစီးနိုင်ကြသူ များသဖြင့် ကိုယ့်ကားနှင့်ကိုယ်သာ ဝင်ထွက်သွားလာကြလေသည်။

ညအချိန်ရောက်လာလျှင် ကိုယ်ပိုင်ကားအချို့ တစ်စီးတလေသာ ဖြတ်မောင်းသွားကြသည်။

ဒေါက်တာမင်းထင်ကျော်မှာ အလုပ်လုပ်နေရင်းမှ အပြင်ဘက်မှ အသံလိုလို ကြားရသဖြင့် ဖျပ်ခနဲ နောက်သို့ လှည့်ကြည့်လိုက်သည်။

ထိုအခိုက်မှာပင် သူ့အနောက်ဘက် မှန်တံခါးဘေးမှ ဝိုးခနဲ ဖြတ်သွားသော မည်းမည်းသဏ္ဍာန်ကို တွေ့လိုက်ရသည်။

ထို့ကြောင့် အံဆွဲအတွင်းမှာ ထည့်ထားသော သေနတ်ကို ယူ၍ နေရာမှထလိုက်သည်။

စာကြည့်ခန်းထဲမှာ ထွန်းထားသော မီးပွင့်ကို ပိတ်လိုက်သဖြင့် အခန်းထဲမှာ မှောင်ကျသွားလေတော့သည်။ ထိုအခါမှ အပြင်ဘက်မှ အခြေအနေကို ကောင်းစွာမြင်ရသည်။

သူသည် သေနတ်ကို ကိုင်လျက် အခန်းအပြင်ဘက်သို့ ထွက်ကာ အခြေအနေကို ကြည့်သည်။

ထူးထူးခြားခြားတော့ မတွေ့ရပေ။

သို့ကြောင့် စောစောကမြင်လိုက်ရသည့် မည်းမည်း



www.burmeseclassic.com

www.burmeseclassic.com



သဏ္ဍာန်မှာ ခြံစောင့်များ ဖြတ်သွားခြင်းဖြစ်မည်ဟု ထင်လိုက်မိသည်။

သို့သော် တစ်နေရာရောက်တော့မှ သူ အထင်လွဲနေမှန်း သဘောပေါက်လေတော့သည်။

သူက အမှောင်ထဲမှာ ရှိနေသောကြောင့် အပြင်ဘက်မှာ ရှိနေသူက မြင်ရဟန်မတူပေ။

သို့ကြောင့် မှန်တံခါးချပ်မှ မျက်နှာအပ်ကာ အတွင်းသို့ ကြည့်နေသော မျက်နှာမည်းကြီးကို မြင်လိုက်ရခြင်းဖြစ်၏။

အတွင်းမှာ ရှိနေသည့် အလင်းရောင်အချို့ကြောင့် မှန်ချပ်တွင် နှာခေါင်းပြားနေသည်အထိ ဖိကပ်ကာ အတွင်းသို့ ကြည့်နေသော မျက်နှာမည်းကြီးမှာ မျက်နှာဖုံး စွပ်ထားသောကြောင့် မျက်နှာကို မမြင်ရပေ။

ထို့နောက်မှာ ထိုနေရာမှ လှစ်ခနဲ ပျောက်သွားလေသည်။

သို့ကြောင့်သေနတ်ကို အဆင်သင့် ကိုင်ပြီး ဝင်ပေါက်တံခါးရှိရာသို့ အလျင်အမြန်သွား၍ တံခါးချပ်ကို ဖွင့်လိုက်သည်။

ခြံဝန်းထဲမှာ မီးရောင်အချို့ ရှိနေသည်။

အပေါက်ဝမှာတော့ ဘယ်သူမှ မရှိပေ။

အပြင်သို့ ထွက်ကာ ဟိုဟိုဒီဒီ ကြည့်တော့လည်း အိမ်နံဘေးမှာ ရှင်းနေသည်။

စိတ်မကျေနပ်သဖြင့် အပြင်သို့ ထွက်ကာ နေရာအနှံ့





လိုက်ကြည့်လေသည်။

အိမ်ဘေးပတ်လည်မှာရော ခြံဝန်းအတွင်း၌ပါ ထူးထူးခြားခြား ဘာမှ မတွေ့ရတော့ပေ။

စောစောက ပြတင်းပေါက်မှန်ချပ် နေရာမှာ တွေ့လိုက်ရသည့် မျက်နှာမည်းကြီး ဘယ်ရောက်သွားပြီလဲ။ သူသည် ခြံဝန်းကျင်ကို လိုက်ကြည့်ရာ ဘာမှ ထူးထူးခြားခြား မတွေ့ရတော့မှ စောစောက မျက်နှာမည်းကြီး တွေ့မြင်လိုက်ရသည့် ပြတင်းပေါက်အနီးသို့ ပြန်လာကာ မြေပေါ်သို့ လက်နှိပ်ဓါတ်မီးဖြင့် ထိုးကြည့်လိုက်သည်။

မြေပေါ်မှာ မြက်ခင်းရှိနေသောကြောင့် ခြေရာမထင်သော်လည်း မြက်ခင်းပေါ်မှာတော့ တစ်စုံတစ်ယောက် နင်းရပ်ခဲ့သဖြင့် မြက်ပင်များ ပိပြားနေသည်ကိုတော့ တွေ့ရလေသည်။

သေချာသွားပေပြီ။

သူစောစောက မြင်လိုက်ရသော မျက်နှာမည်းကြီးမှာ သရဲသဘဲ့တစ်ကောင် မဟုတ်တာတော့ သေချာပေပြီ။

ဒေါက်တာမင်းထင်ကျော်က ထိုနေရာတစ်ဝိုက်ကို လိုက်လံကြည့်ရှုသော်လည်း ထူးထူးခြားခြား မတွေ့ရတော့ ခြံ ပေါက်ဝဘက်သို့ လျှောက်လာသည်။

ခြံပေါက်ဝနှင့် မနီးမဝေးမှာ ခြံစောင့်ထွန်းခနေသော အိမ်ငယ်တစ်လုံးရှိသည်။ ခါတိုင်း ညအချိန်ရောက်လာပါက ထိုနေရာထိုင်နေသော ထွန်းခကို အမြဲတွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု မတွေ့မြင်ရသဖြင့် စိတ်ထဲမှာ ထင့်သွားမိသည်။

သို့ကြောင့် ထိုနေရာသို့ ခပ်သုတ်သုတ် လျှောက်သွားရာ အိမ်ရှေ့တွင် ခွေခွေလေး လဲကျနေသည့် ထွန်းခကို တွေ့ရလေသည်။

ကပျာကယာ အနားသွားပြီး စမ်းကြည့်လိုက်သောအခါ သတိမေ့နေသည်မှလွဲပြီး အသက်ရှိနေသေးကြောင်း တွေ့ရသည်။ ကိုယ်အနှံ့ စမ်းကြည့်တော့လည်း ဒဏ်ရာဒဏ်ချက် ဘာမှမတွေ့ရပေ။

သည်တော့မှ သက်ပြင်းချနိုင်တော့သည်။

"ဝူး . . . တော်ပါသေးရဲ့၊ သူ့ကိုယ်ထဲက ကလီစာတစ်ခုခု ခွဲထုတ်မယူသွားတာ ကံကောင်းတယ်လို့ပဲ ဆိုရမှာပဲ"

ဟု ရေရွတ်မိလေသည်။

ပတ်ဝန်းကျင်မှာတော့ အမှောင်ရိပ်များနှင့် တိတ်ဆိတ်ခြင်းများက မင်းမူလျက်ရှိနေကြသည်။







# အခန်း (၇)

## ပရလောကနှင့် ဆက်စပ်နေသော ဆေးပညာ

ညက အတော်ညဥ့်နက်မှ အိပ်ခဲ့ရသဖြင့် နောက်တစ်နေ့ နံနက်ပိုင်းရောက်သည်အထိ အိပ်ရာမှ မထဖြစ်သေးဘဲ ရှိလေရာ တပည့်တစ်ယောက်က လာပြီး သတင်းပို့ပေးတော့မှ ထရလေသည်။

"ဆရာ . . . အိမ်ရှေ့မှာ အမျိုးသမီးတစ်ယောက်က ဆရာနဲ့ တွေ့ပါရစေဆိုပြီး ရောက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး . . အေး . . ဧည့်ခန်းမှာသာ ခဏစောင့်ခိုင်းထား လိုက်ကွာ"

ဟုပြောပြီး မျက်နှာသစ် အဝတ်လဲပြီးမှ အပြင်သို့ထွက် လာသည်။

ဧည့်ခန်းမှာ အမျိုးသမီးတစ်ယောက် တွေ့ရလေသည်။

သူ့ရှေ့မှာ ဝင်ထိုင်ရင်း မိမိဘာသာ မိတ်ဆက်ပေးလိုက် လေသည်။

"ကျွန်တော့်နာမည် ဒေါက်တာမင်းထင်ကျော်ပါ။ ဘာ များ အကူအညီပေးရပါ့မလဲ"

"ကျွန်မ့နာမည် ခင်မေလေးလို့ ခေါ်ပါတယ် ဆရာ၊ ကျွန်မက မင်္ဂလာဒုံဘက်မှာ နေပါတယ်၊ ဆရာနဲ့တွေ့ဖို့ ဦးဇန် ကောင်းက လမ်းညွှန်ပေးလိုက်တာပါ"

"အော် . . . ဦးဇန်ကောင်းဆီက လာတာကိုး၊ ဘာကိစ္စ များ ရှိလို့ပါလဲ"

"တလောက ကျွန်မအစ်မတစ်ယောက် ပျောက်သွားပါ တယ်၊ သူ့နာမည်က ခင်မေကြီးလို့ ခေါ်ပါတယ်၊ အဲဒါ ဒဏ်ရာ တွေနဲ့ သတိမေ့နေတဲ့ အမျိုးသမီးတစ်ယောက်ကို ဆရာတို့ လာယူသွားတယ်ပြောလို့ ကျွန်မအစ်မများ ဖြစ်နေမလားလို့ လာပြီးစုံစမ်းကြည့်တာပါ"

"မှန်ပါတယ် . . . အဲဒီဘက်မှာ ဒဏ်ရာတွေနဲ့ သတိမေ့ နေတဲ့ အမျိုးသမီးတစ်ယောက် တွေ့ရတယ်လို့ ဦးဇန်ကောင်းက





သတင်းပေးတာနဲ့ ကျွန်တော်တို့ သွားခဲ့ကြပါတယ်၊ သူ့ကို ကျွန် တော်တို့ ဆေးရုံပို့ပေးခဲ့ရပါတယ်"

"သူ သေသွားပြီလား ဆရာ"

"ဆေးရုံပို့တဲ့အချိန်အထိတော့ သူ အသက်ရှင်နေသေး ပါတယ်၊ နောက်တော့ သေသွားပါတယ်"

ခင်မေလေးမှာ မျက်နှာတစ်ချက် ပျက်သွားလေသည်။

"သူ့အလောင်းကို သင်္ဂြိုဟ်ပြီးပြီပေါ့နော်"

"ပြောရမှာတော့ စိတ်မကောင်းစရာပါပဲ၊ အလောင်းကို ခင်ခွဲရုံမှာထားရင်းနဲ့ ပျောက်သွားခဲ့ပါတယ်"

"ရှင် . . . "

ခင်မေလေးမှာ များစွာထိတ်လန့်တုန်လှုပ်သွားဟန် ရှိ လေသည်။

"ဒီအတွက် ကျွန်တော်တို့လည်း စိတ်မကောင်းပါဘူး"

"ဒါထက် သူ ဘယ်သူဆိုတာရော ဆရာတို့ သိလိုက်သ လားဟင်"

ဒေါက်တာမင်းထင်ကျော်က ခေါင်းခါပြလိုက်သည်။

"မသိလိုက်ရဘူး . . . သူနဲ့ စကားပြောချိန် မရလိုက်ပါ ဘူး၊ အဲဒီအမျိုးသမီးက ပျောက်နေတဲ့ ခင်မေကြီးဆိုတာလည်း ဘုတ်ချင်မှ ဟုတ်မှာပါ"

ဟု စိတ်သက်သာရာရစေမည့်စကားမျိုး ပြောလိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြောမည့်သာ ပြောရသည်. . ယခု သူ့ရှေ့ရောက်နေသည့် ခင်မလေး၏မျက်နှာမှာ သေဆုံးသွားသော အမျိုးသမီး မျက်နှာနှင့် အတော်ကလေး ဆင်တူသည်ကိုတော့ သတိပြုမိလေသည်။

ခင်မလေးက ရစ်ဝဲတက်လာသော မျက်ရည်စတို့ကို ပဝါစနှင့် တို့သုတ်နေသည်။

"ဒါထက် ခင်မကြီး ဘယ်လိုပျောက်သွားတယ်ဆိုတာ ကျွန်တော့်ကို ပြောပြနိုင်မလား"

"ရပါတယ်ရှင်. . . ကျွန်မသိသလောက်တော့ ပြန်ပြောပြပါ့မယ်"

ဟု အောက်ပါအကြောင်းအရာအချို့ကို ပြန်ပြောပြလေသည်။

ခင်မကြီးနှင့်ခင်မလေးတို့ ညီမနှစ်ယောက်မှာ မိဘများနှင့်အတူ မင်္ဂလာဒုံဘက်မှာ နေထိုင်ကြလေသည်။

ထိုအချိန်က မင်္ဂလာဒုံဘက်မှာ လူနေအိမ်ခြေ မထူထပ်သေးသဖြင့် ကားလမ်းနှင့် မဝေးလှသော နေရာတစ်ခုတွင် ခြံကျယ်ဝန်းကျယ်ဖြင့် နေနိုင်ကြသည်။

ဖခင်ဖြစ်သူက စစ်တပ်မှာ ပင်စင်ယူခဲ့ပြီးနောက် ထိုနေရာဘက်ကို သဘောကျသဖြင့် ဈေးချိုချိုနှင့် ဝယ်ယူကာ နေထိုင်ခဲ့ကြခြင်းဖြစ်သည်။

ခင်မကြီးမှာ (၂၅)နှစ်အရွယ်ခန့်ရှိပြီး ခင်မလေးက





အသက်(၂၀)ကျော်အရွယ်သာ ရှိသေးသည်။

ခင်မကြီးသည် သူတို့နေသောနေရာနှင့် အတန်ငယ်ဝေးသော ထောက်ကြံ့ဘက်မှာရှိသော စက်ရုံတစ်ရုံမှာ အလုပ်လုပ်နေသူဖြစ်ပြီး နေ့စဉ်သွားရလေသည်။

အိမ်မှ ခြေလျှင်သွားနိုင်သော်လည်း အနည်းငယ် ဝေးသည်။ လမ်းမှာ ရာဘာတောများသာရှိသည့် လူပြတ်သော နေရာများ ရှိသည်။

ညနေပိုင်း အချိန်ရှိသေးလျှင် လမ်းပေါ်မှာ လူသွားလူလာ ရှိသော်လည်း ထိုထက်နောက်ကျပြီး အချိန်လင့်သွားပါက လူသွားလူလာ မရှိသလောက် ရှင်းသွားတတ်သည်။

မတတ်သာတော့ပေ။ အလုပ်ရုံမှာ အလုပ်အရေးကြီးပါက အချိန်ပို၍ လုပ်ပေးရပေရာ တစ်ခါတစ်ရံ နောက်ကျပြီးမှ ပြန်ရလေ့ရှိသည်။

တစ်နေ့သ၌ အချိန်နောက်ကျနေ၍တစ်ယောက်တည်း ပြန်လာရာ ရာဘာတောထဲမှ ရပ်ကြည့်နေသော လူတစ်ယောက်ကို အမှတ်မထင် တွေ့မြင်ရလေသည်။

အမှောင်ရိပ်သမ်းနေသည့် ရာဘာတောအတွင်းမှာ ဖြစ်သောကြောင့် သဲသဲကွဲကွဲတော့ မဟုတ်ပေ။

လောင်းကုတ်အကျီရှည်ကြီး ဝတ်ဆင်ထားပြီး သက္ကလတ်ဦးထုပ်ကို ခပ်စိုက်စိုက် ဆောင်းထားသောကြောင့် မျက်နှာကိုတော့ မမြင်ခဲ့ရပေ။



www.burmeseclassic.com

www.burmeseclassic.com



ခင်မေကြီးက မိမိကို တစ်စုံတစ်ယောက်က ကြည့်နေမှန်း သိသောအခါ ခြေလှမ်းကို ခပ်သွက်သွက် သွားလေသည်။

အတော်ဝေးဝေးနေရာ ရောက်တော့မှ နောက်သို့ လှည့်ကြည့်သောအခါ ရာဘာတောအတွင်းမှာ ရပ်နေသူကို မတွေ့ရတော့ပေ။

ထိုအခါ စိတ်သက်သာရာ ရသွားလေသည်။

အိမ်သို့ ပြန်ရောက်သောအခါ ညီမဖြစ်သူ ခင်မေလေးအား ထိုအကြောင်း ပြောပြလိုက်သည်။

"မမကလည်း. . . အချိန်မရှိတော့မှ ဘာကြောင့် တစ်ယောက်တည်း ပြန်လာရတာလဲ"

"ဟဲ့. . . မပြန်လို့ ငါက မိန်းကလေးတန်မဲ့ စက်ရုံမှာ အိပ်ရမှာလား"

"ကျွန်မက ဒီသဘောမျိုးနဲ့ ပြောတာမဟုတ်ပါဘူး၊ အဖော်မပါဘဲ ဘာဖြစ်လို့ တစ်ယောက်တည်း ပြန်လာရတာလဲ လို့ ပြောတာပါ"

"ငါပြန်တဲ့အချိန်က အတူတူပြန်တဲ့အဖော်တွေက ပြန်သွားနှင့်ကြလို့ တစ်ယောက်တည်း ပြန်လာရတာပေါ့ဟယ်. . ၊ တကယ်လို့သာ တစ်ခုခု ဖြစ်သွားရင်တော့ ကြောက်စရာကြီး နော်"

"နောက်ရက်တွေကျရင်တော့ အချိန်မရှိမှ တစ်ယောက်တည်းတော့ ပြန်မလာပါနဲ့၊ မမ အပြန်နောက်ကျရင် ကျွန်မတို့





လာကြိုမှာပေါ့"

"အေးပါ. . . နောက်ရက်တွေကျရင် ငါစောစောပြန်ခဲ့ပါ့မယ်"

ဟု ပြောလေသည်။

"အဲဒီလိုနဲ့ နောက်ထပ်တစ်ပတ်လောက်အထိတော့ ဘာမှပြောသံမကြားရတော့ပါဘူး၊ သူလည်း စောစောပြန်လာပါတယ်၊ ကျွန်မတို့လည်း ခါတိုင်းလိုပဲမှတ်ပြီး အေးအေးပဲ နေခဲ့ကြပါတယ်၊ ဒါပေမယ့် အဲဒီနေ့မှာတော့ သူပြန်မလာနိုင်တော့ပါဘူး"

ဟု ခင်မေလေးက မျက်ရည်အဝိုင်းသားဖြင့် ပြောပြနေရာ ဒေါက်တာမင်းထင်ကျော်မှာ နားထောင်ရင်း စိတ်မချမ်းမသာဖြစ်လာသဖြင့် သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"အေးဗျာ. . . ကြားရတာ စိတ်မကောင်းပါဘူး၊ ကျွန်တော်တို့ သယ်လာပြီး ဆေးရုံပို့ပေးခဲ့တဲ့ အမျိုးသမီးကလည်း ခင်မေကြီး ဟုတ်တယ် မဟုတ်ဘူး သေသေချာချာ မသိရသေးတော့ မျှော်လင့်ချက်တော့ ရှိပါသေးတယ်၊ ကျွန်တော်တို့လည်း တတ်နိုင်သမျှ စုံစမ်းပြီးတော့ သတင်းထူးရင် ခင်ဗျားဆီကို အကြောင်းကြားပေးပါ့မယ်၊ ခင်ဗျားလိပ်စာကိုသာ ပေးထားခဲ့ပါ"

"ကျေးဇူးတင်ပါတယ် ဆရာရယ်"

ထို့နောက် ခင်မေလေးက စာရွက်တစ်ရွက်ဖြင့် သူမနေသောလိပ်စာကို ရေးပေးထားခဲ့ပြီး နှုတ်ဆက်ကာ ပြန်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်လည်း ထူးထူးခြားခြား အသတ်ခံရသည့်အပြင် ထူးဆန်းစွာ အလောင်းပါ ပျောက်သွားခဲ့သော ထိုအမျိုးသမီးအကြောင်းကို တွေးတောနေမိလေသည်။

ထိုအခိုက်မှာ ခြံဝန်းအတွင်းသို့ လင်ရိုဘာကားတစ်စင်း မောင်းဝင်လာသည်။

ကားမြင်ကတည်းက စုံထောက်ကျော်စွာ စီးနေကျကား ဖြစ်မှန်း သိလိုက်သည်။

ခဏကြာတော့ ကားရပ်ပြီး စုံထောက်ကျော်စွာ ဝင်လာလေသည်။

"ဘယ်လိုလဲ ဆရာ၊ စောစာစီးစီး နိုးနေပါလား"

ဒေါက်တာမင်းထင်ကျော်က မနက်ပိုင်းက ခင်မေလေး ဆိုသောအမျိုးသမီး ရောက်လာပြီး သူမ ပြောသွားသောအကြောင်းများကို ပြန်ပြောလိုက်သည်။

"အံ့သြစရာပါလား"

"ဒါထက် အံ့သြစရာကို ညက တွေ့လိုက်ရသေးတယ်၊ ညဥ့်အတော်နက်တော့မှ လူသတ်သမား ဒီခြံဝန်းထဲကို ရောက်လာသေးတယ်"

"ဟင်. . ."

ထိုစကားကြောင့် ကျော်စွာမှာ မျက်လုံးပြူးသွားလေသည်။

ဒေါက်တာမင်းထင်ကျော်က ညက တွေ့ကြုံခဲ့ရသော





အဖြစ်အပျက်များကိုပါ ပြောပြလိုက်လေသည်။

"ဒီအတိုင်းဆိုရင်တော့ အန္တရာယ်က ကျွန်တော်တို့ဆီကိုပါ ရောက်လာပြီနဲ့တူတယ်၊ ပုလိပ်ဘဇံကို သတ်သွားတာ ဟိုအမျိုးသမီးကိုသတ်တဲ့ လူသတ်သမားပဲ ဖြစ်ရမယ်"

"ဖြစ်နိုင်ပါတယ်. . . ဒါ့အပြင် နောက်ထပ်အန္တရာယ်တွေလည်း ရောက်လာနိုင်သေးတယ်"

"ကျွန်တော်တို့က သူ့ကို လက်ဦးမှု မရရင် နောက်ထပ်လူတွေ သေရဦးမယ့်အပြင် သူ့ရဲ့ဓားဦးက ကျွန်တော်တို့ဆီတောင် လှည့်လာနိုင်သေးတယ်"

"သတိထားရမှာပေ့ါ. . ဒါထက် စောစောစီးစီး ဘာကိစ္စနဲ့ ရောက်လာတာလဲ မောင်ကျော်စွာ"

"မနက်က ဆေးရုံကြီးက ဆရာဝန်ကြီးဦးမင်းဟန်က ဖုန်းဆက်တယ်"

"ဘယ်လိုအကြောင်းထူးလို့တဲ့လဲ"

"ဆေးရုံကြီးမှာ ထူးထူးဆန်းဆန်း အသတ်ခံထားရတဲ့ လူတစ်ယောက် ရောက်လာတာ လာကြည့်ပေးဖို့ အကြောင်းကြားတာပဲ၊ ဒါကြောင့် ဆရာနဲ့အတူသွားဖို့ ဝင်ခေါ်တာပါ"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က အဝတ်အစားလဲပြီး သူ ညကရှာထားသော ဆေးပညာမှတ်တမ်းများကို အိတ်တစ်လုံးထဲထည့်ကာ တစ်ပါတည်းယူကာ စုံထောက်ကျော်စွာနှင့် အတူတူ ထွက်ခဲ့ကြလေသည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံကြီး ရောက်သောအခါ ဆရာဝန်ကြီးဦးမင်းဟန်နှင့် တွေ့ရလေသည်။

"ခင်ဗျားတို့ ရောက်လာတာနဲ့ အတော်ပဲ၊ အလောင်းကို အရေးပေါ် ခွဲစိတ်ခန်းထဲမှာ ထည့်ထားသေးတယ်၊ ကျွန်တော်နဲ့ အတူ သွားကြည့်ကြရအောင်"

ဟု ပြောပြီး သူနှင့်အတူ ထွက်ခဲ့ကြသည်။

ခွဲစိတ်ခန်းထဲရောက်တော့ ခွဲစိတ်စင်ပေါ်မှာ တင်ထားသော အလောင်းတစ်လောင်းကို တွေ့ရသည်။

အပေါ်မှ ပိတ်ဖြူစဖြင့် အုပ်ထားလေသည်။

ဦးမင်းဟန်က အနီးသို့ လျှောက်သွားသဖြင့် နှစ်ယောက်သား နောက်မှလိုက်သွားကြသည်။

အနားရောက်တော့ အပေါ်မှအုပ်ထားသော အဝတ်စကို ဆွဲဖယ်လိုက်သည်။

သေဆုံးနေသူမှာ အသက်(၃၀)ကျော်ခန့်သာ ရှိသေးပြီး ခန္ဓာကိုယ် ကြံ့ခိုင်သန်စွမ်းသူဖြစ်သည်။

"ဒီမှာ လာကြည့်ကြပါ"

ဦးမင်းဟန်က ခေါ်ပြသဖြင့် သွားကြည့်သောအခါ ဘေးဘက် တစ်နေရာတွင် ခွဲစိပ်ထားသောဒဏ်ရာတစ်ခု တွေ့ရပြီး ထိုဒဏ်ရာကို ပြန်ချုပ်ထားသည်။

ထူးဆန်းသည်က သေဆုံးသည်မှာ မကြာသေးသော်လည်း ဒဏ်ရာနှင့် အနီးတစ်ဝိုက်တွင် လောက်ကောင်များ တက်





နေသည်ကို တွေ့ကြရသည်။

အချို့မှာ အောက်သို့ ကျနေပြီး တလွန့်လွန့်ဖြင့် သွားနေကြသည်။

"သေတာတောင် မကြာသေးဘူး၊ ဒီလောက်ကောင်တွေက ဘယ်ကရောက်လာတာလဲ"

"ဒါကို ကျွန်တော် နောက်တော့ ပြောပြပါ့မယ်၊ ဒီခွဲစိတ်ထားတဲ့ဒဏ်ရာကိုကြည့်ရင် အထဲက နှလုံး ဒါမှမဟုတ် အသည်းကို ခွဲထုတ်ယူသွားတယ်ဆိုတာ သေချာပါတယ်၊ ခွဲစိတ်ထားတဲ့ ဓားချက်နဲ့ ပြန်ချုပ်ထားတဲ့လက်ရာတွေကို ကြည့်ရင် သာမန်ဆရာမျိုး မဟုတ်ဘူးဆိုတာ သိသာပါတယ်၊ ဒီလိုလက်ရာမျိုးက [illegible]က ဆေးပညာမှာ တစ်ဖက်ကမ်းခတ်အောင်တော်တဲ့ ဆရာဝန်ကြီးတွေမှ လုပ်နိုင်တဲ့လက်ရာမျိုးပဲဗျ"

ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက်ကတော့ ဆေးဆရာနှင့် ပတ်သက်ပြီး နားမလည်လှသောကြောင့် ကြည့်ရုံသာ ကြည့်ကြလေသည်။

"ဒါဖြင့် ဟိုတလောက ဒီဆေးရုံပေါ် ရောက်လာပြီးမှ အလောင်းပျောက်သွားတဲ့ အမျိုးသမီးမှာ တွေ့ရတဲ့ ဓားဒဏ်ရာနဲ့ အတူတူပဲလားဟင်"

"အတူတူပါပဲ. . . တစ်ယောက်တည်းက ခွဲခဲ့တာပါပဲ"

"ဒါဖြင့် လူတွေရဲ့အသည်းနှလုံးတွေ ကျောက်ကပ်တွေကို အရှင်လတ်လတ် ဖောက်ယူပြီး ဘာလုပ်တာလဲ ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"တစ်နေရာမှာ အစားထိုးသုံးတာပဲ ဖြစ်မှာပေါ့ဗျာ။ တခြားတော့ ယူစရာအကြောင်း မရှိပါဘူး၊ လာဗျာ . . ကျွ တော့်ရုံးခန်းထဲ သွားပြီး စကားပြောကြရအောင်"

ဟု ပြောကာ အလောင်းပေါ်သို့ အဝတ်စကို ပြန်အုပ် လိုက်ပြီး အပြင်သို့ ထွက်လာကြသည်။

"ဒီအလောင်းက ဘယ်နေရာက လာပို့တာလဲ ဆရာ ကြီး"

"ယောက်ကြံ့ဘက်မှာရှိတဲ့ ရာဘာတောမှာ အလုပ်လု နေတဲ့ လူတစ်ယောက်လို့ ပြောတယ်၊ ရာဘာတောထဲမှာ အလု လုပ်နေရင်း သေနေတာတွေ့လို့ ဆေးရုံကို လာပို့ပေးသွားက တာပဲ"

"ဟိုတလောက သေတဲ့ အမျိုးသမီးကလည်း မင်္ဂလာ ဘက်က ဖြစ်ဖို့များတယ်"

"ဒီလိုဆိုရင် လူသတ်သမားဟာ အဲဒီဘက်ကများ ဖြ လေမလားပဲ"

ဟု အချင်းချင်း ပြောရင်း လျှောက်လာကြရာ ဆရာ ကြီးရုံးခန်းသို့ ရောက်လာကြသည်။

ဦးမင်းဟန်က စားပွဲနောက်မှာထိုင်ပြီး သူတို့နှစ်ယော က ရှေ့မှာထိုင်ကြသည်။

ဦးမင်းဟန် နောက်ဘက်တွင် ဗီရိုဖြင့် ထည့်ထားသော ဆေးကျမ်းစာအုပ်များနှင့် စင်ပေါ်မှာ တင်ထားသည့် ဆေးမှ





တမ်းဖိုင်များ ရှိနေသည်။

ဒေါက်တာမင်းထင်ကျော်ကလည်း ငှါးယူလာသော တမ်းများကို ထုတ်ယူကာ စားပွဲပေါ် တင်ထားလိုက်သည်။

"လူရဲ့ကိုယ်ခန္ဓာအစိတ်အပိုင်းတွေကို လဲလှယ်အသုံးပြု ာကတော့ ရှေးခေတ်ကာလတွေကတည်းကပါပဲ၊ သွေးမကောင်း င် သွေးဖောက်လဲတယ်၊ အသည်းနှလုံး၊ ကျောက်ကပ် စတဲ့ အတွင်းကလီစာတွေ ပျက်စီးသွားရင်လည်း တစ်ခုချင်း အသစ် ဲပြီး သုံးခဲ့ကြတယ်"

"ဟုတ်ကဲ့"

"ဒီအတတ်ပညာတွေဟာ ရှေးနှစ်ပေါင်းများစွာက ည်းက ရှိခဲ့ကြတယ်ဆိုပေမယ့် လူအတော်များများမှာတစ် ယောက် မလုပ်နိုင်တဲ့ ပညာမျိုးတွေပဲဗျ"

"ဒါဖြင့် အခုလို လူတွေဆီက ကလီစာတွေ ယူနေတာ ဘာအတွက်ဖြစ်မလဲ ဆရာ"

"ကျွန်တော် စောစောကပြောသလို တစ်နေရာမှာ အစားထိုး အသုံးပြုဖို့ပဲ ဖြစ်မှာပါ၊ ဒါပေမယ့် အခု အင်္ဂလိပ်တွေ ုပ်ချုပ်နေတဲ့အချိန်ကာလမှာ ဒီလိုခွဲစိတ်နိုင်တဲ့ဆရာဝန်မျိုး နိုင်ငံမှာ မရှိသေးဘူး"

ထိုစကားကြောင့် နှစ်ယောက်သား များစွာအံ့ဩသွား ကြလေသည်။

"မြန်မာပြည်က သူ့ကျွန်ဘဝ ရောက်နေတယ်လေ၊



www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်သားတွေကို ဒီလိုထူးချွန်တဲ့ပညာမျိုး သင်ကြားခွ
ပေးဖို့ နေနေသာသာ သာမန်ဆရာဝန်ဘွဲ့ ရဖို့တောင် အင်္ဂလိ
အစိုးရက ခွင့်ပေးချင်တာ မဟုတ်တော့ ဒီလိုထူးချွန်တဲ့လူမျိ
ဘယ်ရှိပါတော့မလဲ"

ထိုသို့ပြောပြမှပင် သဘောပေါက်ကြရတော့သည်။

ဦးမင်းဟန် ပြောသည်မှာ အမှန်ပင်ဖြစ်သည်။

မြန်မာ့ပထမဆုံးဆရာဝန်မှာ မွန်လူမျိုး ဒေါက်တ
ရှောလု(Dr.Shaw Lu) (၁၈၃၉-၁၉၂၉) ဖြစ်ပြီး (၁၈၆၇)ခုနှစ်
အမေရိကန်နိုင်ငံတွင် ဆေးပညာဘွဲ့ကို ဆွတ်ခူးခဲ့သည်။

မြန်မာ့ပထမဆုံး အမျိုးသမီးဆရာဝန်မှာ ဒေါက်တ
ဒေါ်စောဆ (Dr. Daw Saw Sa)ဖြစ်ပြီး (၁၉၁၄)မှ (၁၉၂
အထိ ဗဟိုအမျိုးသမီးဆေးရုံ(ယခင် ဒပ်ဖရင်သားဖွားဆေး
တွင် ဆေးရုံအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

မြန်မာလူမျိုးထဲမှ ပထမဆုံး သွားစိုက်ဆရာဝန် ဖြ
လာသူမှာ သွားစိုက်ဆရာဝန်ကြီး ဦးထောင်ဘို(၁၈၈၅-၁၉
ဖြစ်သည်။

(မှတ်ချက်။ ။ရွှေတိဂုံစေတီတော်အနီးရှိ ဦးထောင်
လမ်းမှာ ဆရာကြီးအား ဂုဏ်ပြုမှည့်ခေါ်ထားခြင်းဖြစ်သည်

အင်္ဂလိပ်များ အုပ်စိုးစဉ်အချိန်က မြန်မာလူမျိုးမျာ
ခေတ်မီတိုးတက်သူ မရှိရလေအောင် ဖိနှိပ်ချုပ်ချယ်ထား
ကြောင့် သာမန်ဆရာဝန်များလောက်သာ ပေါ်ခဲ့ပြီး ထူ





သောဆရာဝန်ကြီးများ မပေါ်ပေါက်ခဲ့ခြင်း ဖြစ်ပေသည်။

"ဟုတ်တယ်ဗျ. . . ကျွန်တော်လည်း ဒါကိုပဲ အံ့ဩနေ
တာပေါ့၊ ဒီလိုခွဲစိတ်နိုင်တဲ့သူမျိုး ကျွန်တော်တို့ ဆရာဝန်လောက
မှာ ဘယ်သူမှ မရှိသေးပါဘူး"

"ဒါဖြင့် ဘယ်သူများ ဖြစ်နိုင်မလဲ၊ ဆရာ့အထင်ကိုလည်း
ပြောပြပေးပါဦး"

"ကျွန်တော်လေ့လာထားတဲ့ မှတ်တမ်းမှတ်ရာတွေအရ
ဆိုရင် ဒီလိုလက်ရာမျိုးက အိန္ဒိယမှာ ရှေးကရှိခဲ့ကြတဲ့ ဆရာဝန်
ကြီးတွေပဲ လုပ်နိုင်ကြတာမျိုးဗျ၊ ဘာကြောင့်လဲဆိုတော့ ချုပ်တဲ့
နေရာမှာ သုံးတဲ့ကြိုးက အခုခေတ်မှာ သုံးတဲ့ကြိုးမျိုး မဟုတ်တဲ့
ပိုးကြိုးကို သုံးထားတာ၊ ပိုးကြိုးက ရှေးခေတ် အိန္ဒိယ ဆရာဝန်
ကြီးတွေ အသုံးပြုလေ့ရှိတဲ့ကြိုးမျိုးပဲ၊ နောက်တစ်ချက် ခင်ဗျားတို့
နဲ့ယောက် သတိထားမိကြတယ် မဟုတ်လား"

"ဒဏ်ရာပေါ်က လောက်ကောင်တွေကို ပြောတာ
ဟုတ်လား ဆရာ၊ မပုပ်သေးပဲနဲ့ ဒီလောက်ကောင်တွေက
ဘယ်နေရာက ရောက်လာတာလဲ"

"အဲဒီလောက်တွေက သူ့ဘာသာ ရောက်နေကြတာ
မဟုတ်ဘူး၊ ဆရာဝန်တွေသုံးတဲ့ လောက်တွေပဲ"

"ဗျာ. . ဆရာဝန်တွေက လောက်တွေကို ဘာကြောင့်
သုံးတာလဲ"

"ဒီမှာတော့ ခေတ်မီတိုးတက်မှု မရှိကြသေးတော့



www.burmeseclassic.com

www.burmeseclassic.com



လောက်တွေ မျှော့တွေကို ရွံစရာကောင်းတဲ့ သတ္တဝါတွေလို့ သဘောထားကြတယ်၊ အနောက်နိုင်ငံတွေမှာတော့ ဆေးကုတဲ့ နေရာမှာ အသုံးပြုကြတယ်၊ လောက်က ရနိုင်ပေမယ့် မျှော့က တော့ သူတို့ဆီမှာ မရနိုင်လောက်အောင် ရှားကြတယ်၊ ဒီတော့ မျှော့လိုချင်ရင် တောနက်တွေ ရှိတဲ့နေရာအထိ သွားဖမ်းကြရ တယ်"

"ဘယ်လိုသုံးတာလဲ ဆရာ"

"မျှော့က အနာဆွေး အနာဟောင်းတွေအပေါ်ကို တင် ပေးလိုက်ရင် မကောင်းတဲ့ ပြည်ပုပ်၊ သွေးပုပ်တွေကို စုပ်ယူနိုင် တယ်၊ ဒီတော့ ခွဲစိပ်ကုသစရာ မလိုဘဲ အနာမြန်မြန်သက်သာ တာပေါ့ဗျာ"

"လောက်ကရော ဘယ်လိုသုံးတာလဲ"

"ရှေးက ခေတ်မီဆေးဝါးတွေ မပေါ်သေးတော့ ဒဏ်ရာ တွေပဲဖြစ်ဖြစ်၊ ခွဲစိတ်တဲ့နေရာမှာပဲဖြစ်ဖြစ် ကူးစက်တဲ့ရောဂါပိုး တွေ ဝင်လေ့ရှိတယ်၊ အဲဒီဒဏ်ရာပေါ်မှာ လောက်တွေ တင်ပေး ထားလိုက်ရင် မကောင်းတဲ့အညစ်အကြေးတွေနဲ့ မကောင်းတဲ့ ပိုးမွှားတွေကို လောက်တွေက စားပစ်တာဗျ၊ သူတို့က လူ့ အကျိုးပြုတဲ့ ပိုးမွှားတွေနဲ့ အသွေးအသားတွေကိုတော့ မစားကြ ဘူး၊ ဒီတော့ ရှေးဆရာဝန်ကြီးတွေက မျှော့နဲ့လောက်တွေကို ရောဂါကုတဲ့နေရာမှာ အသုံးပြုခဲ့ကြတာပေါ့ဗျာ"

ဟု ဆရာဝန်ကြီးဦးမင်းဟန်က စိတ်ရှည်လက်ရှည်





ရှင်းပြလေသည်။

"ဆရာပြောသလိုဆိုရင် ခွဲစိတ်ထားတဲ့နေရာမှာလည်း ကျွမ်းကျင်တယ်၊ ချုပ်တဲ့နေရာမှာလည်း ပိုးကြိုးတွေကို အသုံးပြု တယ်၊ ဒါအပြင် . . လောက်တွေကိုပါ အသုံးပြုတယ်ဆိုတော့ တရားခံဟာ ရှေးက ဆရာဝန်ကြီးတစ်ယောက် ဖြစ်ဖို့များတာ ပေါ့"

"ဒါတင် ဘယ်ကမလဲ၊ တခြားနေရာကထက် အိန္ဒိယ ဘက်က ဆရာဝန်ကြီးတစ်ယောက် ဖြစ်နိုင်ခြေလည်း ရှိတာပေါ့"

ထိုသို့ပြောပြီး ဒေါက်တာမင်းထင်ကျော်က ရင်းယူလာ သော အိန္ဒိယမှ ရှေးဟောင်းဆေးမှတ်တမ်းများနှင့် ဆရာဝန်ကြီး များ၏ မှတ်တမ်းများကို ဦးမင်းဟန်အား ပေးလိုက်သည်။

ဦးမင်းဟန်က ထိုမှတ်တမ်းများကို အသေအချာ ဖတ်ရှု ကြည့်ပြီး ဆရာဝန်ကြီးများ၏မှတ်တမ်းများထဲမှ တစ်ခုကို ယူ လိုက်သည်။

"ရှေးဟောင်းအိန္ဒိယဆေးလောကမှာ ထူးချွန်တဲ့ ဆရာဝန်ကြီးတွေ များများစားစား မရှိလှပါဘူး၊ ဒီအထဲမှာမှ ခွဲစိတ်တဲ့နေရာမှာ ထူးချွန်တဲ့ ဆရာဝန်ကြီးကတော့ တစ် ယောက်ပဲ တွေ့နိုင်တယ်"

ဒေါက်တာမင်းထင်ကျော်တို့က စိတ်ဝင်စားစွာ နား ထောင်နေကြသည်။

"သူကတော့ တခြားမဟုတ်ဘူး၊ 'ဆရာဝန်ကြီးကူးပါး'



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ သူက လူရဲ့ကိုယ်ခန္ဓာတစ်ခုလုံးကို ခွဲစိတ်တဲ့နေရာမှာ အတော် ဆုံးဖြစ်သလို သူအသုံးပြုတဲ့ပစ္စည်းတွေထဲမှာ ပိုးကြိုးနဲ့ လောက် ကောင်တွေ ပါတယ်၊ ဒါပေမယ့် သူသေသွားခဲ့တာ နှစ်ပေါင်း ငါးဆယ်ကျော်ခဲ့ပြီဗျ"

ထိုစကားကြားသောအခါ နားထောင်နေရင်းမှ သဲလွန် စပြတ်သွားသလို ခံစားလိုက်ရသည်။

"အေးဗျာ. . . အခုဖြစ်နေပုံတွေကလည်း အတော်ဆ လေး ဆန်းကြယ်တာပဲ၊ ဒါပေမယ့် ပြဿနာရယ်လို့ ဖြစ်လာရင် အဖြေတစ်ခုကတော့ ရှိမှာပါပဲ"

စိတ်သက်သာရာ ရစေသည့် စကားမျိုး ပြောသည်။

"ကျွန်တော်တို့လည်း ဒီလိုပဲ ယူဆထားပါတယ်၊ ဆရာ ကို တစ်ခုတော့ မေးပါရစေ"

"မေးပါဗျာ"

"သေပြီးသားလူတစ်ယောက်ကို အသက်ပြန်ရှင်အောင် လုပ်လို့ရသလား"

ဦးမင်းဟန်က သဘောကျစွာ ရယ်လိုက်သည်။

"အသက်သေသွားတဲ့လူကိုတော့ အသက်ပြန်ရှင်လာ အောင် လုပ်လို့မရနိုင်ပါဘူး၊ တစ်ခုတော့ ရှိတယ်၊ အသက်ရှင် နေတဲ့လူတစ်ယောက်ကိုတော့ အသက်ရှည်အောင်တော့ လုပ် ယူလို့ရတယ်"

"ဘယ်လိုနည်းနဲ့ အသက်ရှည်အောင် လုပ်တာလဲ





ဆရာ"

"ခန္ဓာကိုယ်ပေါ်မှာ ပျက်စီးသွားတဲ့ အစိတ်အပိုင်းတွေ ကို တစ်ခုချင်း လဲပြီး အသုံးပြုတတ်မယ်ဆိုရင် အသက်ရှည်ပါ တယ်၊ မျက်လုံးမကောင်း မျက်လုံးလဲ၊ နှလုံးမကောင်း နှလုံးလဲ၊ နောက်ဆုံး တစ်ကိုယ်လုံးမှာရှိတဲ့သွေးကိုပါ အဟောင်းနဲ့အသစ် လဲပစ်လို့ ရနိုင်ပါတယ်"

"အဲဒီနည်းနဲ့ ပြုပြင်ပြောင်းလဲထားတဲ့ အသက်ကရော ပုံမှန်ဖြစ်နိုင်မလား ဆရာ"

ဒေါက်တာမင်းထင်ကျော်စကား ကြားသောအခါ ဆရာ ဝန်ကြီး ဦးမင်းဟန်က အတန်ကြာအောင် စဉ်းစားနေသည်။

"အဲဒါက အတော်ဆန်းကြယ်တဲ့ကိစ္စမျိုးပဲဗျ၊ သိပ္ပံပညာ နဲ့ လိုက်မမီနိုင်တဲ့ကိစ္စမျိုးတွေလို့ သတ်မှတ်လို့လည်း ရတယ်၊ တခြားတော့ မဟုတ်ဘူး၊ အဲဒီလို ပုံမှန်နည်း မဟုတ်ဘဲ အသက် ရှည်နေကြသူတွေဟာ ပရလောကသားတွေနဲ့ ဆက်စပ်မှု ရှိနေ တတ်ကြတယ်"

"ဘယ်လိုဆက်စပ်မှုမျိုးလဲ ဆရာ"

"ဗမာတွေရဲ့အယူအဆနဲ့ ပြောရရင်တော့ အပမှီတာမျိုး ဆော်ဝင်နေတာမျိုးပေါ့ဗျာ၊ ဗမာပြည်မှာ ဖုတ်ဝင်နေပြီး နှစ်ပေါင်း များစွာ အသက်ရှည်ခဲ့ဖူးတဲ့လူမျိုးတွေ ရှိခဲ့တာပဲ"

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် သံပုရာချောင်းရွာဘက်မှ ထန်းပင်ပေါ်မှ ကျသေခဲ့ပြီး ဖုတ်ဝင်ကာ လူကောင်းအသွင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာသော ထန်းတက်သမား မြေအကြောင်းကို ကြားဖူးသည်။

ရင်းသည် ဖုတ်ဝင်နေသောဘဝနှင့် သားမယားနှင့် အတူနေကာ ကလေးနှစ်ယောက်သုံးယောက် ရသည်အထိ နေလေသည်။

ထိုသို့နေသော်လည်း အခြားဘာမှမထူးခြားဘဲ အစားအသောက်စားရာ၌သာ ခါတိုင်းထက်ပိုပြီး များများစားတတ်လေသည်။

နောက်ပိုင်း ဆရာနှင့် တွေ့တော့မှ ဖုတ်ထွက်သွားပြီး သေလေသည်။

သူသေသောအခါ အရိုးစုသာ ကျန်ခဲ့တော့သည်။

သူသေပြီးနောက် ရင်းနှင့်ရသော ကလေးသုံးယောက်မှာလည်း တစ်ပြိုင်နက်သေကြကာ အရိုးစုကလေးများသာ ကျန်ခဲ့လေတော့သည်။

ထိုမှတ်တမ်းမျိုးတွေ မြောက်မြားစွာ ရှိသောကြောင့် ဦးမင်းဟန်ပြောသော အကြောင်းအရာမှာ ထူးဆန်းလှသည်တော့ မဟုတ်တော့ပေ။

"ဒါမျိုးတွေကတော့ ရှိပါတယ် ဆရာ"

"ဒါက ဒီမှာတင် ရှိတာမဟုတ်ပါဘူး၊ ကမ္ဘာအရပ်ရပ်မှာ ရှိနေကြတာပါပဲ၊ အနောက်နိုင်ငံတွေမှာဆိုရင် တစ္ဆေသရဲခြောက်လှန့်တာတွေ၊ သွေးစုတ်ဖုတ်ကောင်တွေ၊ အပမှီတာတွေ ဖုတ်ဝင်တဲ့အဖြစ်အပျက်တွေ အများကြီး ရှိနေတာပဲဗျာ၊ သိမ်





တော့ မထူးဆန်းလှပါဘူး"

"မှန်ပါတယ် ဆရာ၊ အခုဖြစ်နေတဲ့ကိစ္စတွေလည်း ပရလောကသားတွေနဲ့ တစ်နည်းနည်းနဲ့တော့ ပတ်သက်နေမယ်လို့ ထင်ပါတယ်၊ ကျွန်တော်တို့လည်း အစွမ်းကုန် ကြိုးစားကြည့်ပါ့မယ်၊ တကယ်လို့ ဆရာတို့ဆီမှာ အခြေအနေ ထူးရင်လည်း ကျေးဇူးပြုပြီး ကျွန်တော်တို့ဆီကို အကြောင်းကြားပေးပါ"

"ကောင်းပါပြီ"

ထို့နောက်. . .

ဒေါက်တာမင်းထင်ကျော်နှင့် စိုးထောက်ကျော်စွာတို့ နှစ်ယောက်မှာ ဆေးရုံကြီးမှ ပြန်ထွက်လာကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၈)

# လူလော နာနာဘာဝပေလော

အချိန်က နေ့ဝင်ရီတရောအချိန်ဖြစ်သည်။

အလင်းရောင်က အားပျော့သွားပြီး ပတ်ဝန်းကျင်တစ်ဝိုက်တွင် အမှောင်ရိပ်များ သမ်းလာလေသည်။

ရှေးအခါက မင်္ဂလာဒုံ၊ ထောက်ကြံ့ နယ်နိမိတ်တစ်ဝိုက်တွင် လူနေအိမ်ခြေ များပြားခြင်း မရှိဘဲ စက်ရုံအချို့နှင့် ရွာအချို့သာ ရှိသည်။

မြို့ထဲမှ အရှေ့ဘက်သို့ထွက်သော တစ်ခုတည်းသော



www.burmeseclassic.com

www.burmeseclassic.com



လမ်းမဖြစ်သည့် ပြည်လမ်းမတစ်လျှောက်မှာပင် လူနေအိမ် မရှိပေ။ လမ်းဘေးဝဲယာတစ်လျှောက်တွင် ရာဘာတောများနှင့် သစ်ပင်ကြီးများ၊ ချုံနွယ်ပိတ်ပေါင်းများသာ ရှိကြလေသည်။

ထိုအချိန်က ထိုတောများထဲမှာ မြွေနှင့်တောတိရစ္ဆာန်များပင် ရှိကြသည်။

အထူးသဖြင့် လှော်ကားရေကန် ရှိသောနေရာ ပတ်ဝန်းကျင်တစ်ဝိုက်မှာ ရန်ကုန်မြို့တော် နယ်နိမိတ်ထဲမှာ ပါဝင်သောနေရာဖြစ်သော်လည်း သစ်တောကြီးများသာ ရှိလေသည်။

ထိုနေရာတစ်ဝိုက်တွင် ယခင်က ကျောင်းကုန်း စီရင်စုအပိုင် လှော်ကား၊ ကုန်းတန်တိုက်နယ်အဝင် စမ်းကြီးဝ ရေသိုးစီရင်စုအဝင် ထောက်ကြံ့ စသောကျေးရွာကြီးများအပြင် ပျဉ်းမပင်၊ နွယ်ခွေ၊ သက်န်းကျွန်းကြီး စသောကျေးရွာများသာ ရှိခဲ့သည်။

ယခု ရွှေညောင်ပင် ရှိသောနေရာမှာ ရှေးအခါက မွန်လူမျိုးတို့နေသော ဇွဲထော်ဟု ခေါ်ကြသည့် ရှေးဟောင်းရွာကြီးရှိခဲ့သည်။

ရှေးအခါက(၁၉၁၂ ခုနှစ်ဝန်းကျင်)ထောက်ကြံ့မှာပင် နေထိုင်သူ (၄၈၉)ဦးသာရှိကြောင်း မှတ်တမ်းဟောင်းများ၌ တွေ့ရသည်။ လှော်ကားရေကန်ကြီးကတော့ ရှေးကတည်းက ရှိခဲ့သော ရေကန်ကြီး ဖြစ်ပေသည်။

ရှေးအခါက ရမ္မာနာရမြို့တော်အနီးတွင် ရှိခဲ့ပြီး ထင်





ရှားသောရေကန်လည်း ဖြစ်သည်။

နှစ်ကာလကြာမြင့်သောအခါ ရေကန်မှာ တိမ်ကောသွားသဖြင့် (၁၉၀၂)ခုနှစ် စက်တင်ဘာလတွင် ရန်ကုန်မြို့နေလူထုအတွက် သောက်သုံးရေရရှိရန်အတွက် ပြန်လည်တူးဖော်ဆည်ဖို့ခဲ့ကြသည်။

ဗြိတိသျှအစိုးရသည် လှော်ကားရေကန်အသစ်တူးဖော်တည်ဆောက်ရေးလုပ်ငန်းအတွက် ရူပီငွေ အမြောက်အမြားအကုန်အကျ ခံခဲ့လေသည်။

(၁၉၄၀)ခုနှစ်တွင် လှော်ကားကန်အသစ်တည်ဆောက်တူးဖော်ရေးလုပ်ငန်းများ ပြီးစီးခဲ့သည်။

သာမုကျေးရွာအနီး၌ ရှိသော ရေကန်ကြီးကို 'သာမုကန်'ဟု ခေါ်တွင်သကဲ့သို့ လှော်ကားကျေးရွာနှင့် မနီးမဝေးမှာရှိသော ရေကန်ကြီးကိုလည်း 'လှော်ကားကန်' ဟု ခေါ်ဆိုခဲ့ကြသည်။

လှော်ကားကန် ရေကန်နှင့် ပတ်ဝန်းကျင်တစ်ဝိုက်တွင် သစ်ပင်သစ်တောများသာ ရှိကြလေသည်။

လူသူအရောက်အပေါက် နည်းလှသော နေရာများလည်းဖြစ်သည်။

နောက်ပိုင်းရောက်လာတော့မှ ငွေယားကုန်းနှင့် အောင်ချမ်းသာကုန်းတစ်ဝိုက်မှာ လူအချို့ရောက်လာခြင်းဖြစ်သည်။ အောင်ချမ်းသာကုန်းမှာ ဦးအောင်ချမ်းသာဟု



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သော သာသနာပြုနေသော ပုဂ္ဂိုလ်တစ်ဦး လာရောက်နေထိုင်ခဲ့ရာမှ ထိုအမည်တွင်ခဲ့ခြင်းဖြစ်ပြီး ငွေယားကုန်းတစ်ဝိုက်မှာတော့ ဥစ္စာသိုက်ရှိသည်ဟု ပြောကြသည်။

ထိုနေရာမှရသောငွေများကို အိမ်သို့ ယူဆောင်လာပါက မနေနိုင်အောင် ယားယံလာသဖြင့် မူလနေရာသို့ ထိုငွေများအား ပြန်ပို့လိုက်တော့မှ ယားယံမှု ပျောက်သည်ကြောင့် 'ငွေယားကုန်း' ဟု အလွယ်တကူ ခေါ်ခဲ့ကြဟန် ရှိလေသည်။

ပြည်လမ်းမတစ်လျှောက်မှာလည်း လူနေထိုင်မှု မရှိသေးဘဲ ရာဘာတောနှင့် သစ်တောများသာ နေရာအနှံ့ ရှိကြလေသည်။

လမ်းမပေါ်မှာတော့ တစ်ခါတစ်ရံ ဖြတ်မောင်းသွားကြသော မော်တော်ကား တစ်စင်းတလေမှလွဲ၍ အခြားလူသွားလူလာ မရှိသလောက် ရှင်းလှပေသည်။

နေဝင်သွားပြီး ညဦးပိုင်းအချိန်ရောက်လျှင်တော့ မြို့ပြင်သို့ ထွက်သော ကားအချို့နှင့် မြို့ထဲသို့ ပြန်ဝင်လာသော ကားအချို့မှလွဲပြီး အခြားမရှိတော့ပေ။

ညဦးပိုင်းအချိန် ရောက်လာပြီဖြစ်သောကြောင့် လမ်းမပေါ်မှာ အမှောင်ရိပ်များ သမ်းစပြုနေချေပြီ။ ကားလမ်းပေါ်၌သာ အလင်းရောင်အချို့ ရှိနေပြီး လမ်းဘေးဝဲယာတစ်ဖက်တစ်ချက် သစ်တောများအတွင်းမှာတော့ အမှောင်ရိပ်များ ဖုံးနေချေပြီ။





ထိုအချိန်တွင် ထောက်ကြံ့ဘက်မှ မောင်းလာသော ကားတစ်စင်းသည် ငွေယားကုန်းအလွန်သို့ ရောက်လာလေသည်။

ကားမောင်းလာသူမှာ ငွေထွန်းဆိုသူဖြစ်ပြီး သူသည် မှော်ဘီဘက်မှ ပြန်လာခြင်းဖြစ်သည်။

ကားပေါ်မှာ သူတစ်ယောက်တည်းသာ ပါသောကြောင့် ကားကို အရှိန်မြှင့်ကာ မောင်းလာခြင်းဖြစ်သည်။

ငွေယားကုန်းအလွန်သို့ ရောက်လာသောအခါ လမ်းမဘေးတစ်နေရာတွင် လဲကျနေသော အမျိုးသမီးတစ်ယောက်ကို လှမ်းမြင်ရသည်။

ထိုအမျိုးသမီးမှာ ဒဏ်ရာရထားဟန်ဖြင့် သူ့ကားကို လှမ်းမြင်သောအခါ လက်တစ်ဖက်ကို မြှောက်ကာ အကူအညီတောင်းနေသည်။

ငွေထွန်းက ထိုအမျိုးသမီးကို လှမ်းမြင်သော်လည်း ကားကို မရပ်ဘဲ ဆက်မောင်းသွားသေးသည်။

အနည်းငယ် ဝေးသွားသောနေရာရောက်မှ စိတ်ကူး[illegible]ပေါ်သွားပြီး ကားကိုအရှိန်သတ်ကာ နောက်သို့ ပြန်ဆုတ်[illegible]သည်။

ထိုအမျိုးသမီးမှာ ရုပ်ရည်ချောမောသူဖြစ်သော်လည်း [illegible]ါ်မှာ တစ်စုံတစ်ခု ဒဏ်ရာရထားဟန်ဖြင့် မျက်နှာမှာ [illegible]သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်တာလဲဗျ. . . ကျွန်တော် ဘာများ အကူ
အညီ ပေးရမလဲ"

ငွေထွန်းက ကားပေါ်မှ မဆင်းဘဲ မေးလိုက်သည်။

"ကျွန်မမှာ ဒဏ်ရာရနေလို့ပါရှင်၊ ဖြစ်နိုင်ရင် ဟိုဘက်မှာ
ရှိတဲ့ ဆေးခန်းတစ်ခုကို လိုက်ခဲ့ပါရစေ"

"လိုက်ခဲ့လို့ရပါတယ်. . . ကားပေါ် တက်ပါ"

"အို. . . ကျွန်မက ခြေထောက်မှာ ဒဏ်ရာရပြီး ခြေ
ထောက်မထောက်နိုင်လို့ လဲနေတာပါ၊ ကားပေါ် ဘယ်လိုတက်
နိုင်မှာလဲရှင်"

ဟု ပြောတော့မှ သဘောပေါက်သွားပြီး တံခါးကို ဖွင့်ပြီး
ကားပေါ်မှ ဆင်းလိုက်သည်။

ထို့နောက် မရဲတရဲနှင့် အမျိုးသမီးအနား ကပ်သွား
သည်။

"ကျွန်တော် ခင်ဗျားကို ပွေ့တင်ပေးရမှာလား"

အမျိုးသမီးက ခေါင်းညိတ်ပြသဖြင့် ထွေထွေထူးထူး
စဉ်းစားမနေတော့ဘဲ ထိုအမျိုးသမီးကို ပွေ့ယူလိုက်သည်။

အမျိုးသမီးက သူ့လည်ပင်းကို သိုင်းဖက်ထားသော
သည်။

ကားအတွင်းသို့ ထည့်သောအခါမှ အခက်တွေ့ရတော့
သည်။

ကားတံခါးပေါက်က ကျဉ်းနေသဖြင့် တော်တော်နှင့်





အတွင်းသို့ ထည့်မရဘဲ ရှိနေသည်။

ငွေထွန်းက ပွေ့ချီထားသော အမျိုးသမီးကို ကားထဲ
ရောက်အောင် ကြိုးစားနေစဉ်မှာ နောက်ဘက်မှ လူတစ်
ယောက် ရောက်လာသည်ကိုတော့ သတိမပြုမိလိုက်တော့ပေ။

ထိုလူက နောက်မှ တိုးကပ်လာပြီး ပဝါဖြင့် ငွေထွန်း
မျက်နှာကို အုပ်ချလိုက်ရာ ဘယ်လိုမှ ဖယ်ရှားချိန် မရတော့ဘဲ
သတိမေ့သွားလေတော့သည်။

အချိန်မည်မျှကြာအောင် သတိမေ့နေသည် မသိပေ။

သူ သတိရလာသောအခါ တစ်ကိုယ်လုံး လှုပ်မရတော့
ပေ။ မျက်စိဖွင့်ကြည့်လိုက်တော့ ရေနံဆီ မီးအိမ်တစ်လုံး ထွန်း
ထားသော အခန်းတစ်ခန်းထဲမှာ ရောက်နေပြီး ဘယ်နေရာမှန်း
တော့ မသိပေ။

ကိုယ်ကို လှုပ်ကြည့်သောအခါမှာ တစ်ကိုယ်လုံး လှုပ်
မရတော့ပေ။

လူနာများ ခွဲစိတ်ရာတွင် အသုံးပြုသောစင်ပေါ်တွင်
ပက်လက်အနေအထား ရောက်နေပြီး ဦးခေါင်း၊ ခြေနှစ်ဖက်၊
လက်နှစ်ဖက်ကို သံကွင်းများဖြင့် ခတ်ထားလေသည်။

ရုန်းကြည့်တော့လည်း တစ်စက်ကလေးမှ မလှုပ်သာ
ပေ။

"ငါ ဘယ်နေရာ ရောက်နေတာလဲ၊ ငါ့ကို ဘယ်သူ
ဖမ်းချုပ်ထားတာလဲ. . . ဘာလုပ်ကြမလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု အဆက်မပြတ် တွေးနေသည်။

ထိုကဲ့သို့ အနေအထားမျိုး ရောက်နေသောကြောင့်လည်း စိတ်ထဲမှာ စိုးရိမ်စိတ် ကြောက်စိတ်များ ဝင်နေသည်။

အခန်းတစ်ခုလုံးမှာလည်း တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည့်အခန်းထဲမှာ ဆေးနံ့များ လှိုင်နေပြီး ခွဲစိတ်ရာတွင် အသုံးပြုသော ကိရိယာများမှာလည်း နေရာအနှံ့ ရှိနေကြသည်။

သို့သော်. . ကိရိယာပုံသဏ္ဍာန်များမှာ ယခုခေတ်ဆရာဝန်များသုံးသော ခွဲစိတ်ကိရိယာမျိုး မဟုတ်ဘဲ ရှေးခေတ်ကအသုံးပြုသော ခွဲစိတ်ကိရိယာများပင်ဖြစ်သည်။

သူရှိနေသောနေရာနှင့် မနီးမဝေးမှာ စားပွဲတစ်လုံးပေါ်မှာ အရွယ်အစား အတန်အသင့်ကြီးသော ဖန်ပုလင်းတစ်လုံး တင်ထားသည်။

ထိုဖန်ပုလင်းအတွင်းမှာတော့ တရွရွနှင့် လှုပ်ရှားနေသော လောက်ကောင်ကြီးများကို တွေ့မြင်ရသည်။

ထိုနေရာနှင့် မနီးမဝေးမှာလည်း ပိုးချည်မျှင်အခွေများနှင့် အသားချုပ်ရာတွင် အသုံးပြုသည့် အပ်အရွယ်အစား အမျိုးမျိုးတို့ကို တွေ့ရလေသည်။

"ဒါတွေက ဘာတွေလဲ၊ ငါ့ကို ဘာလုပ်ကြမလို့လဲ"

ဟု တွေးတောနေစဉ် အခန်းထဲသို့ လူတစ်ယောက် ဝင်လာသောအသံကို ကြားရသည်။

ထိုသူသည် အပေါ်ဘက်မှ လှေကားထစ်များကို တစ်





ထစ်ချင်းနင်းပြီး ဆင်းလာသောခြေသံမျိုးဖြစ်သည်။

ငွေထွန်းက လှည့်ကြည့်ရန် စိတ်ကူးသော်လည်း တစ်ကိုယ်လုံး တုပ်နှောင်ထားသောကြောင့် ဘယ်လိုမှ မလှုပ်သာပေ။ အတန်ကြာတော့ တရှပ်ရှပ်ဖြင့် လျှောက်လာသည့်ခြေသံကို ကြားရသည်။

သူ့မျက်နှာပေါ်မှာ မိုးပြီး လာရပ်လေသည်။

ငွေထွန်းမှာ အသံကုန် ဟစ်မအော်မိစေရန် ချုပ်တည်းထားလိုက်ရသည်။ အဘယ်ကြောင့်ဆိုသော်. . .

သူ့မျက်နှာပေါ်သို့ မိုးပြီးလာရပ်သောမျက်နှာမှာ လူတစ်ယောက်မျက်နှာမျိုး မဟုတ်ဘဲ ကြောက်မက်ဖွယ်ကောင်းသော သရဲသဘက်တစ်ကောင်၏ မျက်နှာမျိုးဖြစ်နေလေတော့သည်။

ဖြူလျော်ပြီး ကျိုးတို့ကျဲတဲ ရှိနေသောဆံပင်များကြားမှ ဦးခေါင်းတစ်ခုလုံး၊ မျက်နှာပြင်တစ်ခုလုံး အထပ်ထပ်အခါခါ ခွဲစိပ်ချုပ်နှောင်ထားသော ဒဏ်ရာများကို တွေ့ရသည်။

မျက်လုံးများက မညီမညာ ဖြစ်နေသည့်အပြင် နှာခေါင်းရိုးမှာလည်း ကျိုးနေသောကြောင့် ပြန်ဆက်ထားရဟန် ရှိလေသည်။

လောင်းကွတ်အကျႌကြီး ဝတ်ထားသောကြောင့် ကိုယ်ခန္ဓာကို မမြင်ရသော်လည်း လည်ပင်းတစ်ဝိုက်မှ ချုပ်ရိုးကြောင်းများနှင့် မညီညာသောပါးစပ်ကြီးမှ ကျိုးတို့ကျဲတဲ သွားများကို



www.burmeseclassic.com

www.burmeseclassic.com



တော့ တွေ့မြင်ရလေသည်။

"ခင်ဗျားဘယ်သူလဲ. . . ကျွန်တော့်ကို ဘာလုပ်မလို့ ဖမ်းထားတာလဲ"

"စိတ်မပူပါနဲ့ကွာ. . . မင်းကို ငါက အချိန်အကြာကြီး ဖမ်းမထားပါဘူး၊ ငါလိုချင်တာ ယူပြီးရင် ပြန်လွှတ်ပေးမှာပါ"

ဟု အသံသြသြကြီးဖြင့် ပြန်ပြောလေသည်။

"ကျွန်တော့်ဆီက ဘာပစ္စည်းယူမှာလဲ"

"တခြားမဟုတ်ပါဘူးကွာ. . . မင်းရဲ့နှလုံးကိုပဲ ဖောက်ယူမှာပါ"

"ဗျာ. . ."

ငွေထွန်းမှာ အကြီးအကျယ် တုန်လှုပ်သွားလေသည်။ သို့သော် သူ့အနေနဲ့ မလှုပ်သာတော့ပေ။

"ချမ်းသာပေးပါဗျာ. . . ကျွန်တော့်ကို မသတ်ပါနဲ့၊ ပြန်လွှတ်ပေးပါ. . . တောင်းပန်ပါတယ်"

"မင်းမသေစေရပါဘူးကွာ. . . မင်းရဲ့နှလုံးကို ယူပြီးရင် နောက်ထပ်နှလုံးတစ်ခု အစားပြန်ထည့်ပေးလိုက်မှာပါ၊ စိတ်အေးအေးသာ ထားပါ. . . မကြောက်ပါနဲ့"

ဟု ပြောပြီး ငွေထွန်းပါးစပ်ကို ပလာစတာဖြင့် ပိတ်ကပ်လိုက်သည်။

အသံမထွက်နိုင်တော့ပေ။

ထိုနောက်မှာတော့ ခွဲစိတ်ရာတွင် အသုံးပြုသော လက်





ကိရိယာများ၊ ကြိုးခွေများ၊ ဆေးပုလင်းများအပြင် လောက်ကောင်များ ထည့်ထားသည့်ပုလင်းကိုပါ အနားယူလာလေသည်။

ငွေထွန်းမှာ ဘာမှမတတ်နိုင်တော့ပေ။

ထို့နောက်မှာတော့ သူ့ဝမ်းဗိုက်ကို ဓါးဖြင့်ခွဲပြီး နှလုံးကို ဖောက်ယူနေသည်ကိုသာ သိရပြီးနောက် သတိမေ့သွားလေတော့သည်။

အချိန်က ည(၁၀)နာရီခန့် ရှိလေသည်။

မင်္ဂလာဒုံဈေးပတ်ဝန်းကျင်တွင် ညဘက်ဖွင့်ထားသော ဆေးခန်းတစ်ခန်းရှိသည်။

ထိုဆေးခန်းရှေ့သို့ ကားတစ်စင်း ထိုးရပ်လာပြီး ကားပေါ်မှ လူတစ်ယောက် ဆင်းလာသည်။

ထိုလူသည် ဝမ်းဗိုက်ကို လက်ဖြင့် အုပ်ထားသော်လည်း မြေပြင်ပေါ်သို့ သွေးများက တစ်စက်ချင်း ကျနေသည်။ ဒယိမ်းဒယိုင်ဖြင့် ဆေးခန်းထဲဝင်လာသူကို မြင်သောအခါ ဆေးခန်းအတွင်းမှ နပ်(စ်)မတစ်ယောက် ထွက်လာသည်။

"ဟင်. . . ရှင် ဒဏ်ရာရလာသလား၊ ဘာဖြစ်လာတာလဲ"

ငွေထွန်းက သူ့ရင်ဘတ်ကို လက်နှစ်ဖက်ဖြင့် အုပ်ထားပြီး ဘာမှပြန်မပြောနိုင်ဘဲ မျက်လုံးအပြူးသားဖြင့် ကြည့်နေသည်၊

"ရှင့်ဒဏ်ရာ အတော်များပုံရတယ်၊ ကျွန်မကို ပြော၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ကြည့်ပါရစေ”

“မကြည့်နဲ့. . . မကြည့်ပါနဲ့”

“ရပါတယ်ရှင်. . ဒဏ်ရာဘယ်လောက်များများ ကျွန်မ ကြည့်ဝံ့ပါတယ်. . . မကြောက်တတ်ပါဘူး”

“မကြည့်ပါနဲ့”

ထိုသို့တားသော်လည်း မရဘဲ ရှေ့သို့ တိုးလာပြီး အုပ် ထားသော လက်နှစ်ဖက်ကို ဆွဲဖယ်၍ အကျီကို ဟ,ကြည့်လိုက် လေသည်။

“အမလေး. . .”

ဒဏ်ရာဘယ်လောက်ကြီးကြီး မကြောက်ပါဘူးဟု ပြောခဲ့သောနပ်(စ)မှာ ငွေထွန်းရင်ဘတ်မှာ ဟောင်းလောင်း ပေါက် ပွင့်နေပြီး အူများ အခွေလိုက် ထွက်ကျနေသည်ကို တွေ့ သောအခါ မေ့လဲကျသွားလေတော့သည်။

ရင်ဘတ်ဟောင်းလောင်းပွင့်နေသော ငွေထွန်းမှာ လည်း ဆေးခန်းထဲရောက်မှ ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ လဲကျ သွားလေတော့သည်။





# အခန်း(၉)

# အမှောင်ရိပ်ထဲမှ သဲလွန်စ

ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာတို့ စီးလာသော ကားမှာ မှော်ဘီသို့ ဦးတည်မောင်းလျက်ရှိသည်။ သူတို့နှစ် ယောက် မှော်ဘီဘက်သို့ လာရသည့်အကြောင်းရင်းမှာ. . .

မင်္ဂလာဒုံဘက်မှ ပုဂ္ဂလိက ဖွင့်ထားသော ဆေးခန်းတစ် ခန်းတွင် ဝမ်းဗိုက်တစ်ခုလုံး အခွဲခံထားရသော လူတစ်ယောက် ရောက်လာပြီး သေဆုံးသွားသောကြောင့် သွားရောက်ကြည့်ရှု ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာရောက်တော့ သေဆုံးသူ ငွေထွန်း၏ ဆွေမျိုးသားချင်းများနှင့် တွေ့ရသည်။

"မနက်က မော်ဘီမှာ ရှိတဲ့ သူ့မိတ်ဆွေတစ်ယောက်ဆီကို ကားနဲ့သွားပါတယ်"

"သူ့မိတ်ဆွေနာမည်က ဘယ်သူပါလဲ"

"သူ့မိတ်ဆွေက ကိုကျော်လို့ ခေါ်ပါတယ်၊ မော်ဘီဘိုးဘိုးကြီးနန်းနားမှာ နေတာပါ"

"ပြောပါဦး"

"အဲဒီကို သွားပြီး ညကမှ ဆေးခန်းတစ်ခုကို ရောက်လာပြီး သေသွားတယ်လို့ သတင်းကြားလို့ လာကြည့်တော့ ဘယ်လိုရန်ငြိုးနဲ့များ အခုလို ရက်ရက်စက်စက် လုပ်သွားတယ်ဆိုတာ မသိတော့ပါဘူး၊ မြင်ရက်စရာတောင် မရှိတော့ပါဘူးရှင်"

"သူ့ကို မြင်တော့ ဘယ်လိုပုံစံနဲ့ ပြန်တွေ့ရပါသလဲ"

"ဆရာဝန် ပြောပြတာတော့ ဝမ်းဗိုက်ကို ခွဲပြီး အထဲကအသည်းနှလုံးကို ထုတ်ယူသွားတယ်လို့ သိရပါတယ်"

"ကိုငွေထွန်းမှာ ရန်ငြိုးရန်စများ ရှိဖူးပါသလား"

"ကျွန်မတို့ သိရသလောက်တော့ သူက လူအေးတစ်ယောက်ပါ၊ လူချစ်လူခင်လည်း များပါတယ်၊ အဲဒီနေ့ကမှ မော်ဘီက သူ့သူငယ်ချင်းဆီ သွားရင်းနဲ့ အခုလို ဖြစ်ရတာပါ"

ဟု ပြောပြလေသည်။

ထို့နောက် ငွေထွန်းအလောင်းရှိသော ဆေးရုံသို့ သွား





ကြည့်တော့ ရင်ဘတ်မှာ ခွဲထားသောဒဏ်ရာနှင့် အတွင်းမှ အသည်း၊ နှလုံးတို့ကို ဆွဲထုတ်ယူထားသည့် လက္ခဏာကို တွေ့ရသည်။

ဒီတစ်ကြိမ်တော့ ဒဏ်ရာကို ပြန်မချုပ်ထားပေ။

"ဘယ်လိုလဲ ဆရာ၊ ခွဲထားတဲ့လက်ရာကတော့ အရင်တွေ့ရတဲ့လက်ရာအတိုင်းပဲ၊ ဒီတစ်ခါတော့ ပြန်ချုပ်မထားပါလား"

"ကျွန်တော့်အထင်ပြောရရင်တော့ သူ့ဒဏ်ရာကို လက်နဲ့အုပ်ပြီး ဆေးခန်းအထိ ရောက်လာပုံထောက်တော့ ဗိုက်ကိုအခွဲခံရပြီး ကြောက်လန့်တကြားနဲ့ ထပြေးလာတဲ့ပုံပဲ၊ ဘာပဲဖြစ်ဖြစ် ဒီလောက်ဒဏ်ရာကြီးနဲ့ ကားမောင်းပြီး ဆေးခန်းရောက်အောင် လာနိုင်တာတော့ ချီးကျူးရမှာပဲ"

"သူစီးလာတဲ့ကားကို တစ်ချက်စစ်ကြည့်ရင် အဖြေရနိုင်တယ် ဆရာ"

ဟု ကျော်စွာက အကြံပေးသဖြင့် ငွေထွန်းတို့နေအိမ်သို့ တစ်ခေါက်ပြန်လာကြသည်။

၎င်းတို့အိမ်မှာ ခရေပင်လမ်းဆုံအနီးမှာ ရှိသဖြင့် အလွယ်တကူပင် တွေ့ကြသည်။

ကားကို ခြံဝန်းထဲမှာပင် ရပ်ထားသောကြောင့် ဝင်ကြည့်ကြလေသည်။

ဒေါက်တာမင်းထင်ကျော်က မှန်ဘီလူးတစ်လက် ယူပြီး



www.burmeseclassic.com

www.burmeseclassic.com



ကားကို အသေးစိတ် စစ်ဆေးကြည့်သည်။

ကားမှာ လင့်ရိုဘာကားပုံသဏ္ဍာန်မျိုးဖြစ်ပြီး ရှေ့ခန်းမှာ နှစ်ယောက်၊ နောက်ခန်းမှာ နှစ်ယောက်ထိုင်နိုင်သော ကားမျိုး ဖြစ်သည်။

နောက်ဘက်တံခါးနှစ်ပေါက်မှာ လော့ချထားပြီး ရှေ့ဘက်ခန်းနှစ်ချပ်ကတော့ စေ့ရုံသာ ရှိသည်။

ကားမောင်းသူဘက်မှ တံခါးကို ဖွင့်လိုက်သောအခါ သွေးညှီနံ့များ ထောင်းခနဲ ထွက်လာသည်။

ထိုင်ခုံနှင့်ကြမ်းခင်းပေါ်မှာ သွေးများ စီးကျနေပြီး အချို့မှာ မခြောက်သေးပေ။

ငွေထွန်းမှာ ဒီလောက်ကြီးသော ဒဏ်ရာကြီးနှင့် ဆေးခန်းရောက်လာအောင် မောင်းနိုင်ခဲ့သည်မှာ သွေးရူးသွေးတန်းဖြင့် မောင်းလာခြင်းဖြစ်ပေလိမ့်မည်။

ဆေးခန်းရောက်တော့မှ စိတ်လျှော့လိုက်ဟန်ဖြင့် လဲကျသေဆုံးသွားခြင်း ဖြစ်ပေလိမ့်မည်။

ဒေါက်တာမင်းထင်ကျော်က နောက်ဘက်အခန်း လှမ်းကြည့်တော့ ထူးထူးခြားခြား ဘာမှမတွေ့ရပေ။

သို့ကြောင့် တစ်ဖက်တံခါးချပ်ကို ဖွင့်ကြည့်သည်။

ထိုနေရာရောက်တော့ ကားရှေ့ခန်းကြမ်းပြင်ပေါ်မှာ ကျနေသော ကလစ်တစ်ချောင်းကို တွေ့သဖြင့် ယူကြည့်လိုက်သည်။





ကလစ်မှာ အမည်းရောင်ဖြစ်ပြီး အမျိုးသမီးများ ဆံထုံး ထုံးရာတွင် အသုံးပြုသော ကလစ်အသေးမျိုးဖြစ်၏။

ထို့ကြောင့် ကားတံခါးနေရာအနှံ့ လိုက်ကြည့်သောအခါ တံခါးဘောင်မှာ ညပ်နေသော ဆံပင်ရှည်အချို့ကို တွေ့ရပြန်သည်။

သို့ကြောင့် တံခါးကြားမှာ ညပ်နေသောဆံပင်ရှည်တို့ကို ဂရုတစိုက် ဖြုတ်ယူလိုက်သည်။

“ဘာထူးသလဲ ဆရာ”

“ငွေထွန်း မသေခင်က အမျိုးသမီးတစ်ယောက်နဲ့ တွေ့ခဲ့ပုံပဲ”

“ဒါဖြင့် လူသတ်မှုမှာ အမျိုးသမီးပါ ပါနေတဲ့သဘောပေါ့”

“အသေအချာတော့ မပြောနိုင်သေးဘူး၊ ဒါပေမယ့် အရင်ကထက်တော့ တဖြည်းဖြည်း နီးကပ်လာပြီလို့ ဆိုရမယ်၊ မှော်ဘီက ကိုကျော်ဆိုတဲ့လူနဲ့ တွေ့ရရင်တော့ ဒါထက် ပိုသိရမှာပဲ”

“တရားခံကို မြန်မြန်သိရမှ ဖြစ်မယ် ဆရာ၊ မမိမချင်း လူတွေ တစ်ယောက်ပြီးတစ်ယောက် ဗိုက်ဖောက်ခံနေရတာ မနည်းတော့ဘူး”

ဟု ပြောပြီး နှစ်ယောက်သား မှော်ဘီဘက်သို့ ထွက်လာခဲ့ကြခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မှော်ဘီရောက်တော့ ညနေပိုင်းအချိန် ရောက်နေချေပြီ။ မှော်ဘီဘိုးဘိုးကြီးနန်းအနီးမှနေသော ကိုကျော်ဆိုသူကို ရှာရာ အလွယ်တကူ တွေ့ရသည်။

ငွေထွန်းအကြောင်း ပြောပြလိုက်တော့ မျက်လုံးအပြူးသားနဲ့ အံ့သြသွားသည်။

"ဟုတ်မှဟုတ်ရဲ့လားဗျာ"

"အမှန်ပါပဲ. . . ခင်ဗျားသူငယ်ချင်း ကိုငွေထွန်း သေသွားပါပြီ"

". . . . . . . . . . . ."

"ဒီတော့ သိချင်တာလေးတွေ မေးပါရစေ"

ခေါင်းညိတ်ပြသည်။

သူ့ကြည့်ရသည်မှာ မယုံနိုင်စရာ သတင်းဆိုးကြောင့် များစွာစိတ်ထိခိုက်ပြီး ဆို့နင့်နေဟန်ရှိသည်။

"ကိုငွေထွန်းနဲ့ခင်ဗျားနဲ့က သူငယ်ချင်းတွေလား"

"ဟုတ်ပါတယ်. . . အရင်ကတည်းက ခင်နေကြတဲ့ မိတ်ဆွေတွေပါ၊ သူ တကယ်ကို လူရိုးလူအေးတစ်ယောက်ပါပဲ၊ နောက်ပြီး လူတစ်ဖက်သားဆိုရင်လည်း အကူအညီပေးချင်တယ်"

"အဲဒီနေ့က ဒီကို ဘာကိစ္စနဲ့ လာတာလဲ"

"သူက မှော်ဘီဘိုးဘိုးကြီးနန်းကို လာပြီး ပွဲတင်လေ့ရှိတယ်၊ အဲဒီနေ့က ပွဲတင်ဖို့ လာတာပါ"





"သူတစ်ယောက်တည်း လာတာလား၊ သူနဲ့အတူ ဘယ်သူများ ပါလာသေးလဲ"

"တစ်ယောက်တည်း လာတာပါ၊ ဘယ်သူပါလာတာမှ မတွေ့မိဘူး"

"ဒါထက် ကိုငွေထွန်းမှာ အမျိုးသမီးမိတ်ဆွေတွေ ဘာတွေများ ရှိသလား"

"ကျွန်တော်သိရသလောက်တော့ သူ့မှာ ချစ်သူတွေ ဘာတွေ မရှိသေးဘူးထင်တယ်၊ ဒါကတော့ သေသေချာချာ မပြောနိုင်ဘူး၊ ဒါမျိုးက လူသိခံချင်တာမျိုးမှ မဟုတ်တာ"

"ဟုတ်ပါတယ်. . . ဟုတ်ပါတယ်၊ ဒါထက် သူ ဒီကနေ ဘယ်အချိန် ပြန်ထွက်သွားတယ်ဆိုတာ အနီးစပ်ဆုံး ပြောပြပေးပါဗျာ"

ကိုကျော်ဆိုသူက အနည်းငယ် စဉ်းစားနေပြီးမှ. . .

"သူ ဒီကနေ ပြန်ထွက်သွားတော့ ညနေငါးနာရီလောက် ရှိနေပြီ၊ ဒီထက် မပိုဘူး"

"အခုလို ပြောပြပေးတာ ကျေးဇူးတင်ပါတယ်ဗျာ"

ဟု ပြောပြီး ညနေပိုင်း(၅)နာရီအချိန်ခန့်တွင် မှော်ဘီမှ ပြန်ထွက်ခဲ့ကြသည်။

"ကိုငွေထွန်း စီးတဲ့ကားနဲ့ ဒီကားနဲ့ အတူတူပဲ၊ ဒီတော့ မှန်မှန်သာ မောင်းပါ၊ မှောင်ရီသမ်းစအချိန်မှာ ဘယ်နေရာရောက်မလဲ သိချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီး ကားကို ဖြေးဖြေးမှန်မှန်ပင် မောင်းခဲ့ကြလေသည်။

လမ်းတစ်လျှောက်လုံးမှာတော့ ထူးထူးထွေထွေ ဘာမှ မတွေ့ရပေ။

ထောက်ကြံ့ဘက် ရောက်လာတော့ ညနေပိုင်းအချိန် ကျော်လာခဲ့ပြီ။

ထောက်ကြံ့လမ်းဆုံတစ်ဝိုက်မှာ လူသွားလူလာ များသောကြောင့် အရှိန်လျှော့မောင်းရသည်။

ရွှေပြောင်ပင်နယ်နိမိတ် ကျော်လာတော့ မှောင်ရီသမ်းစအချိန် ရောက်ခဲ့လေပြီ။

နှစ်ယောက်သား ကားကို ဖြည်းဖြည်းမှန်မှန် မောင်းခဲ့ရင်းမှ လမ်းဘေးတစ်ဖက်တစ်ချက်ကိုလည်း မျက်ခြည်မပြတ် ကြည့်လာခဲ့ကြသည်။

လမ်းဘေးဝဲယာတစ်လျှောက်မှာတော့ လူနေအိမ်ခြေ မရှိဘဲ သစ်တော၊ ရာဘာတောများနှင့် ချုံများတို့သာ ရှိကြလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ လမ်းဘေးကို အကဲခတ်ကြည့်လိုက် နာရီကြည့်လိုက်နှင့် အချိန်မှတ်နေလေသည်။

(၆)နာရီကျော်ကျော်ခန့် ရှိလာသောအခါ အောင်ချမ်းသာကုန်း၊ ငွေယားကုန်းတို့ကို ကျော်လာခဲ့သည်။

တစ်နေရာရောက်တော့ လမ်းဘေးမှာ အရပ်ခိုင်းသဖြင့်





လက်ယာဘက် လမ်းဘေးတစ်နေရာတွင် ရပ်ပေးလိုက်သည်။ နှစ်ယောက်သား ကားပေါ်မှ မဆင်းသေးဘဲ အခြေအနေကို အကဲခတ်ကြည့်လိုက်သည်။

ထိုနေရာတစ်ဝိုက်မှာတော့ လမ်းဘေးဝဲယာ တစ်ဖက်တစ်ချက်တွင် ချုံများနှင့် သစ်တောများစွာ ထူထပ်စွာ ရှိသောကြောင့် အတွင်းပိုင်းသို့ မမြင်ရပေ။

အမှောင်ထုကလည်း တဖြည်းဖြည်းနှင့် များလာချေပြီ။

"ကိုငွေထွန်းက သူ မှော်ဘီက (၅)နာရီပတ်ဝန်းကျင်မှာ ထွက်လာတယ်ဆိုရင် (၆)နာရီပတ်ဝန်းကျင်လောက်မှာ ဒီနေရာတစ်ဝိုက်လောက်ပဲ ရောက်လာမှာ သေချာတယ်"

"ဟုတ်တယ် ဆရာ"

"သူ ဆေးခန်းကို ရောက်လာတဲ့အချိန်က (၁၀)နာရီပဲ ထားဦး၊ (၄)နာရီပတ်ဝန်းကျင်အတွင်းမှာ သူ့အတွက် ကြမ္မာဆိုးတွေ ဝင်ခဲ့တာပဲ"

ကျော်စွာ ခေါင်းညိတ်ပြသည်။

"ဒီနေရာကသွားရင် မင်္ဂလာဒုံဈေးကို ကားနဲ့သွားရင် နာရီဝက်ပဲ ကြာမယ်၊ ဒီတော့ အခင်းဖြစ်တဲ့ သုံးနာရီပတ်ဝန်းကျင်အချိန်က ဒီနေရာပတ်ဝန်းကျင်တစ်ဝိုက်မှာပဲဆိုတာ ခန့်မှန်းလို့ရတယ်"

"ဟိုအမျိုးသမီးနဲ့ ရာဘာခြံအလုပ်သမားတွေ အသတ်ခံရတာလည်း ဒီနေရာတစ်ဝိုက်မှာပဲ ဖြစ်ဖို့များတယ် ဆရာ၊



www.burmeseclassic.com

www.burmeseclassic.com



အောက်ဆင်းပြီး ဒီနေရာတစ်ဝိုက်မှာ အခြေအနေ လိုက်ကြည့်ရင် မကောင်းဘူးလား"

"ကောင်းတယ်. . . ဒါပေမယ့် ကားကိုတော့ ဟိုတောထဲအထိ မောင်းသွင်းထားခဲ့တာ ပိုကောင်းမယ်"

ဟု ပြောပြီး ကားကို လမ်းမပေါ်မှ ကြည့်လျှင် မမြင်ရသောနေရာ ရောက်သည်အထိ မောင်းသွင်းထားလိုက်ပြီး နှစ်ယောက်သား ကားပေါ်မှဆင်းကာ ထိုနေရာပတ်ဝန်းကျင်တစ်ဝိုက်သို့ လိုက်လံကြည့်ရှုကြလေသည်။

နှစ်ယောက်စလုံးမှာ သေနတ်တစ်လက်စီပါပြီး လက်နှိပ်ဓါတ်မီးလည်း ယူလာကြသည်။

ဦးစွာ ကားလမ်းနံဘေးတစ်လျှောက် မြေသားပေါ်သို့ လိုက်ကြည့်ကြသည်။

ကတ္တရာလမ်းနံဘေးမှာ မြေနီများရှိပြီး ခြေဖြင့် နင်းလျှောက်သွားလျှင်ပင် ခြေရာထင်ကျန်ခဲ့လေသည်။

ဦးစွာ အနောက်ဘက်တစ်ကြော လိုက်ကြည့်ကြရာ ထူးထူးခြားခြား ဘာမှမတွေ့ရပေ။

"ဟိုတစ်နေ့က ငွေထွန်းဆိုတဲ့လူရဲ့မော်တော်ကား ဒီနားတစ်ဝိုက်ကို ရောက်ခဲ့တာတော့ သေချာတယ်၊ ကားဘီးနဲ့ဘော်ဒီမှာ မြေနီမှုန့်တွေ ကပ်နေတာ တွေ့ခဲ့ရတယ် ဆရာ"

ဟု-ကျော်စွာက ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။





အနောက်ဘက်မှာ ထူးထူးခြားခြား မတွေ့ရသဖြင့် အရှေ့ဘက်မှာရှိသော လမ်းဘေးတစ်ကြောသို့ လိုက်လံကြည့်ကြပြန်သည်။ (၆)နာရီကျော်လာခဲ့ပြီဖြစ်သောကြောင့် ပတ်ဝန်းကျင်မှာ အမှောင်ရိပ်များ သမ်းစပြုလာချေပြီ။

နှစ်ယောက်သား စိတ်ရှည်လက်ရှည်နှင့် လိုက်လံကြည့်ရှုရာ အတော်ဝေးသောနေရာ ရောက်တော့မှ ကားလမ်းမဘေးမြေပေါ်မှာ ထင်နေသော ကားဘီးရာများကို တွေ့ကြရသည်။

"ဒါ ငွေထွန်းရဲ့ကားဘီးရာတွေ ဖြစ်ဖို့များတယ်၊ ပုံစံချင်းက အတူတူပဲ"

"ကားက ရှေ့ရောက်သွားပြီးမှ ဘက်ပြန်ဆုတ်လာပုံလည်း ရတယ်၊ ဒီမှာ ကားဘီးရာနှစ်ခု ထပ်နေတယ်"

ထိုနေရာတစ်ဝိုက်သို့ စစ်ဆေးကြည့်သောအခါ မြေပေါ်တွင် ထင်ကျန်နေသော ခြေရာအချို့ကို တွေ့ရလေသည်။

ထိုနေရာတစ်ဝိုက်မှာ လူသွားလူလာ မရှိသောကြောင့် ခြေရာများက မပျက်သေးခြင်းဖြစ်သည်။

"ခြေရာက နှစ်ခုပဲ၊ တစ်ယောက်က အမျိုးသမီး စီးတဲ့ဒိနပ်ခြေရာမျိုးဆိုတော့ ကားတံခါးဘောင်မှာ ညှပ်ကျန်နေခဲ့တဲ့ဆံပင်ပိုင်ရှင် အမျိုးသမီး ဖြစ်ဖို့များတယ်"

ထို့နောက်မှာတော့ ကားဘီးရာများနှင့် မနီးမဝေး မြေပြင်ပေါ်မှာ အကွက်လိုက်ထင်နေသော နီညိုရောင်များကို တွေ့ရသဖြင့် ဒေါက်တာမင်းထင်ကျော်က လက်ဖြင့်တို့ပြီး နမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။

"သွေးကွက်တွေပဲ"

"ငွေထွန်း အသတ်ခံရတာ ဒီနေရာတစ်ဝိုက် ဖြစ်ဖို့က တော့ အတော်ကလေး နီးစပ်နေပြီ၊ ဒီနားတစ်ဝိုက်ကို လိုက်ကြည့်ကြရအောင်"

ဟုပြောပြီး သေနတ်များကို အဆင်သင့်ပြင်ပြီး လက်နှိပ်ဓါတ်မီးဖြင့် ထိုနေရာသို့ လိုက်ကြည့်ကြသည်။

ထိုအခါမှပင် အချို့နေရာများမှာ သစ်ပင်သစ်ကိုင်းများ ကျိုးပဲ့နေပြီး အချို့နေရာများတွင် သွေးစက်နှင့်သွေးကွက်များ စွန်းပေနေသည်ကို တွေ့ကြရသည်။

ထိုသဲလွန်စများအတိုင်း လိုက်ကြည့်ရာ လှော်ကားကန်ဘက်သို့ ဦးတည်သွားသည်ကို တွေ့ကြရသည်။

"အချိန်မရှိတော့ဘူး. . . မှောင်ကလည်း အတော်မှောင်နေပြီ. . . ပြန်လှည့်ကြစို့"

ဟု ပြောပြီး နှစ်ယောက်သား ထိုနေရာမှ ခြေသံလိုလို ကြားရသဖြင့် လက်နှိပ်ဓါတ်မီးကို ချက်ချင်းပိတ်လိုက်ပြီး ချုံကွယ်တစ်ခုနံဘေးသို့ ဝင်နေလိုက်ကြသည်။

အတန်ကြာတော့ ခြေသံက တဖြည်းဖြည်း နီးလာသည်။ သစ်ပင်သစ်ကိုင်းများ တိုးလာသောအသံကိုပင် ကြားလာရသည်။ အသက်ကိုပင် ပြင်းပြင်းမရှူဝံ့ဘဲ စောင့်ကြည့်နေကြစဉ် ခဏကြာတော့ ထိုနေရာသို့ လူတစ်ယောက် ရောက်လာသည်။





ခေါင်းပေါ်မှာ ပဝါတစ်ခု ခြုံထားသော်လည်း အမျိုးသမီးတစ်ယောက်ဖြစ်သည်ကိုတော့ ပုံပန်းသဏ္ဌာန်ကြည့်ရုံနှင့် သိလိုက်ကြသည်။

ထိုအမျိုးသမီးက ဘေးဘီဝဲယာသို့ပင် မကြည့်ဘဲ လှော်ကားကန်ရှိရာဘက်သို့ ခပ်သုတ်သုတ် ဆင်းသွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်တို့လည်း အတန်ကြာအောင် ထပ်မံစောင့်ကြည့်ကြသော်လည်း နောက်ထပ် အခြေအနေမထူးတော့မှ နေရာမှ ထကာ ကားလမ်းဘက်သို့ ပြန်ထွက်ခဲ့ကြလေသည်။

သူတို့အတွက်တော့ မမျှော်လင့်ပါဘဲ သဲလွန်စတစ်ခု ရခဲ့ကြခြင်းပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၀)

## မရဏကြိုးယှက်လိမ် ပုဆစ်အိမ်

အချိန်က နံနက်ပိုင်းအချိန် ကျော်လာခဲ့ပေပြီ။ နေရောင်ခြည် ပေါ်လာပြီဖြစ်သောကြောင့် ပတ်ဝန်းကျင်တစ်ဝိုက်မှာ ဖုံးအုပ်ထားသောနှင်းများ ဝေ့ဝဲပျောက်ကွယ်သွားကြလေပြီ။

ထိုအချိန်တွင် မှော်ဘီ၊ ယောက်ကြံဘက်မှ တအိအိနှင့် မောင်းလာသော ခရီးသည်တင် မော်တော်ကားတစ်စင်းသည် ပြည်လမ်းအတိုင်း မြို့တွင်းသို့ မောင်းဝင်လာသည်။

ဧင်းမှာ ဗိုက်ပူဘတ်(စ်)ကားအမျိုးအစားဖြစ်ပြီး ကား

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာလည်း ခရီးသည်များ အပြည့်ပါလာသည်။

ထို့ပြင် ဈေးသည်များက မြို့ထဲမှာ ရောင်းချရန် ယူလာကြသောအထုပ်များ၊ ဟင်းသီးဟင်းရွက်အစည်းများကလည်း ကြမ်းပြင်ပေါ်မှာ ပါလာသေးသည်။

ခရီးသည်များကလည်း တစ်စီးတလေသာ ထွက်သော ခရီးသည်တင် ဘတ်(စ်)ကားကို အားကိုးစီးကြရသောကြောင့် ထိုင်စရာမရစေကာမူ ခြေထောက်ဖြင့် ရပ်သာရုံရလျှင်ပင် လိုက်ကြရလေသည်။

ဒရိုင်ဘာနှင့်စပယ်ယာတို့ကတော့ ကားပေါ်မှာ ခရီးသည် ဘယ်လောက်ပင် များနေစေကာမူ သူတို့ကိစ္စ မဟုတ်ကြပေ။

သူတို့ကိစ္စက နောက်ထပ်ခရီးသည် ရလျှင် ထပ်တင်ဖို့သာ အရေးကြီးသည်။

"အထဲမှာ ဘယ်လောက်ကျပ်နေပါစေ၊ နောက်လူတက်လာတော့လည်း သူ့အလိုလို ရသွားတာပါပဲ"

ဟူသော သဘောမျိုးဖြင့် လမ်းတစ်လျှောက်လုံး ရသမျှတင်ကြလေသည်။

လှော်ကားဘက်သွားသော လမ်းပေါက်ဝ ရောက်သောအခါ အမျိုးသမီးတစ်ယောက် တားပြီး ကားပေါ်တက်လာသည်။ သူမ တက်လာသောအချိန်မှာ လူက အတော်ကျပ်နေပြီဖြစ်သောကြောင့် ခြေထောက်ချရန်ပင် မလွယ်ကူပေ။





ထိုအခါ လူတစ်ယောက်က လှမ်းခေါ်သည်။

"ဒီဘက်မှာ နည်းနည်းချောင်တယ်. . . လာခဲ့ပါလား"

ဟု ခေါ်သဖြင့် ထိုနေရာသို့ တိုးသွားရာ ထိုလူက သူရပ်နေသောနေရာရှေ့မှာ နေရာပေးသည်။

"ကျေးဇူးပါပဲရှင်. . . မဟုတ်ရင် အသက်ကိုတောင် ဘယ်လိုရှူရမှန်း မသိတော့ပါဘူး"

"ဒီအချိန်က မြို့ထဲကို ဈေးရောင်းသွားတဲ့သူတွေ များတော့ ကားကျပ်တယ်ဗျ၊ ဒါထက် ဘယ်အထိ သွားမှာလဲ"

"စကော့ဈေး သွားမလို့ပါပဲ"

"ကျွန်တော်လည်း မြို့ထဲ သွားမှာပါပဲ"

ထိုအမျိုးသမီးက သူ့ကို နေရာပေးသောလူကို အကဲခတ်သလို တစ်ချက်ကြည့်လိုက်သည်။

ဘတ်(စ်)ကားပေါ်မှာဆိုတော့ အခွင့်အရေး ယူတတ်သူများလားဟု အကဲခတ်ကြည့်လိုက်ခြင်းဖြစ်သည်။

သို့သော် သူမ ထင်သလိုတော့ မဟုတ်နိုင်ပေ။

ထိုလူမှာ အသက်(၃၀)ပတ်ဝန်းကျင်အရွယ်ခန့်ပင် ရှိသေးပြီး သာမန်အဝတ်အစားများဝတ်ကာ နံဘေးမှာ လွယ်အိတ်တစ်လုံး လွယ်ထားလေသည်။

မျက်နှာမှာ ရိုးသားမှုရှိသည့် လက္ခဏာမျိုးရှိသည်။

"ဒါထက် ဒီကကော ဘယ်အထိ သွားမှာလဲ"

"ကျွန်တော်က ရုံးစာရေးတစ်ယောက်ပါ၊ ထောက်ကြံ့



www.burmeseclassic.com

www.burmeseclassic.com



ဘက်မှာ နေပါတယ်၊ နေ့တိုင်း ရုံးသွားနေရတော့ ဒီဒုက္ခကိုတော့ နေ့တိုင်းတွေ့နေရတာပေါ့ဗျာ. . . မဆန်းတော့ပါဘူး"

"ရှင်က ရုံးစာရေးကိုး၊ ကျွန်မလည်း မကြာခဏဆိုသလို မြို့ထဲသွားနေရတာပဲ၊ အရင်က ရှင်နဲ့ တစ်ခါမှ မဆုံမိဘူးနော်"

"ဟုတ်တယ်ဗျ. . . အချိန်လွဲနေလို့လည်း ဖြစ်မှာပေါ့၊ ဒါထက် ခင်ဗျားကရော ဘယ်မှာနေတာလဲ"

"လှော်ကားဘက်က ရွာတစ်ရွာမှာ နေပါတယ်၊ နာမည်က ဆွေဆွေလို့ ခေါ်ပါတယ်"

"ကျွန်တော့်နာမည်က ကျော်ဝေလို့ ခေါ်ပါတယ်၊ ဒါထက် ညနေကျတော့ မြို့ထဲက ဘယ်အချိန်ပြန်သလဲဟင်"

"အမှန်တော့ မရှိပါဘူး၊ ဈေးဝယ်ပြီးရင်တော့ ပြန်တာပါပဲ. . . ဘာဖြစ်လို့လဲဟင်"

"အော်. . . တခြားမဟုတ်ပါဘူး၊ အပြန်မှာ ကျွန်တော် ရုံးဆင်းတဲ့အချိန်နဲ့ ကြုံကြိုက်ရင် နေရာလေးဘာလေး စီစဉ်ပေးလို့ရတာပေါ့"

"ကျေးဇူးတင်ပါတယ်ရှင်"

ထို့နောက်မှာတော့ ကျော်ဝေနှင့်ဆွေဆွေတို့နှစ်ယောက်မှာ ယခုမှ တွေ့ကြသော်လည်း ခင်မင်သွားကြပြီး စကားလက်ဆုံကျသွားကြလေရာ မြို့ထဲရောက်သည်အထိပင်။

မြို့ထဲ၌ ကားဂိတ်ဆုံးတော့မှ ကားပေါ်မှဆင်းကာ လိုရာသို့ သွားကြလေသည်။





ဆွေဆွေဆိုသော အမျိုးသမီးကတော့ စကော့ဈေး (ယခု ဗိုလ်ချုပ်အောင်ဆန်းဈေး) ရှိရာသို့ ထွက်ခဲ့လေသည်။

သူမ ဝယ်ယူသောပစ္စည်းများမှာ အစားအသောက်ပစ္စည်းများအပြင် ဆေးဝါးပစ္စည်းများပင်ဖြစ်သည်။

ထိုဆေးဝါးများမှာ မြန်မာဆေးဝါးများ မဟုတ်ဘဲ နိုင်ငံခြားမှလာသော ဆေးဝါးများပင် ဖြစ်သည်။

သူမသည် ထိုဆေးဝါးများကို အိတ်ထဲမှာ လုံခြုံအောင်ထည့်ပြီးမှ ဆွဲယူလာလေသည်။

ပစ္စည်းများ ဝယ်ယူပြီးသောအခါ ကားဂိတ်သို့ ပြန်လာခဲ့သည်။

ထိုသို့လာရာမှာ ကားဆီသို့ စောစောရောက်ရန်အတွက် လံချားတစ်စီးဖြင့် လာခဲ့ခြင်းဖြစ်သည်။

လမ်းတစ်နေရာရောက်တော့ လမ်းဖြတ်ကူးလာသောလူတစ်ယောက်ကို တွေ့ရသည်။

ကျော်ဝေဆိုသူပင်ဖြစ်၏။

လံချားပေါ်မှ ဆွေဆွေက ကျော်ဝေကို လှမ်းမြင်သောအခါ လံချားကို လမ်းနံဘေးတစ်နေရာတွင် ထိုးရပ်စေသည်။

"ကိုကျော်ဝေ. . . ကိုကျော်ဝေ"

ထိုအခါမှ ကျော်ဝေက လံချားပေါ်မှ ဆွေဆွေကို သတိပြုမိသွားသည်။

"အော်. . . မဆွေဆွေပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကျော်ဝေ ဘယ်သွားမလို့လဲ"

"ပြန်တော့မလို့လေ. . . ကားဂိတ်ထိုးတဲ့ဆီ သွားမလို့၊ မဆွေဆွေရော မပြန်သေးဘူးလား"

"ပြန်တော့မလို့လေ. . . ကားဂိတ်သွားမလို့ ဆင်းလာတာ၊ လံချားနဲ့ တစ်ခါတည်း လိုက်ခဲ့ပါလား"

"ကျေးဇူးပါပဲဗျာ"

ဟုပြောပြီး လံချားပေါ် တက်လိုက်လာသည်။

ကားဂိတ်ရောက်တော့ ကားပြန်ထွက်ရန်အချိန် လိုသေးသောကြောင့် လမ်းဘေးနားမှာပင်ရှိသော အစားအသောက်ရောင်းသော ဆိုင်တစ်ဆိုင်သို့ ဝင်ကာ အဆာပြေ စားသောက်ရင်း စကားပြောကြသည်။

"ဒါထက် ကိုကျော်ဝေ ရုံးတက်ကာ ထမင်းချိုင့်လေးဘာလေး မပါဘူးလား၊ အိမ်က လူက လုပ်မပေးဘူးလား"

"မပါပါဘူးဗျာ. . . ကျွန်တော်က မိဘတွေနဲ့ နေတဲ့သူဆိုတော့ မိဘတွေကလည်း အသက်အရွယ်ကြီးတော့ မလုပ်ပေးနိုင်ပါဘူး၊ ဒါထက် မဆွေဆွေကရော အခုလို တစ်ယောက်တည်းသွားနေတာ အဖော်မရှိလို့လား"

ဆွေဆွေက တစ်ချက်ပြုံးလိုက်သည်။

"ကျွန်မလည်း ကိုကျော်ဝေနဲ့ ဘဝတူပဲလို့ ဆိုရမှာပဲ၊ မိအိုဖအိုတွေနဲ့ နေရတာပါ"

"အေးဗျာ. . . ကျွန်တော်တို့ ဘဝတူချင်း တွေ့ရတာ





ဝမ်းသာပါတယ်၊ ဒါထက် မဆွေဆွေ ဝယ်လာတဲ့ပစ္စည်းတွေကများလှချည်လား၊ အိမ်မှာ ဈေးဆိုင်ရှိလို့လား"

"မဟုတ်ပါဘူး. . . ရွာက လူတွေက မှာလိုက်တာတွေပါ အားလုံး စုဝယ်လို့ပါ"

ကျော်ဝေက ဆွေဆွေနံဘေးမှာ ချထားသော လက်ဆွဲအိတ်ထဲမှ ပစ္စည်းများကို တစ်ချက်လှမ်းကြည့်လိုက်သည်။

သို့သော် အပေါ်မှာ တင်ထားသောပစ္စည်းများကသာမန်ပစ္စည်းများသာ တွေ့ရလေသည်။

"နောက်အလုပ်အားတဲ့ရက်ဆိုရင်တော့ မဆွေဆွေတို့နေတဲ့နေရာကို အလည်အပတ် လာခဲ့လို့ရတယ်၊ ကျွန်တော့်ကိုလိပ်စာပြောပြပါလား"

"ကျွန်မ နေတဲ့နေရာက အလှမ်းဝေးပါတယ်၊ ကျွန်မကတစ်ပတ်တစ်ခေါက်လောက် မြို့ထဲသွားနေရတာပဲ၊ တွေ့ချင်ရင်ကားပေါ်မှာပဲ တွေ့ကြရင် ရတာပါပဲ"

ဆွေဆွေက သူမ နေသောနေရာကို မပြောလိုသဖြင့်ဥပါယ်တံမျဉ်ဖြင့် ရှောင်လွှဲလိုက်သည်။

"ဒီလိုလည်း ရတာပါပဲလေ၊ ကျွန်တော်က နေ့တိုင်းရုံးသွားနေရတာပဲ၊ တစ်နေ့မဟုတ် တစ်နေ့တော့ ထပ်တွေ့ကြရဦးမှာပါ၊ စကားပြောနေရင်း ဗိုက်ထဲက နာသလို ဖြစ်လာလို့နောက်ခဖေးဝင်လိုက်ဦးမယ်"

ဟု ပြောကာ ကျော်ဝေက သူလွယ်ထားသော အိတ်ဘေး



www.burmeseclassic.com

www.burmeseclassic.com



လွယ်အိတ်ကို ချွတ်ပြီး စားပွဲပေါ်တင်ကာ နေရာမှ ကပျာကယာ ထလိုက်စဉ် နံဘေးမှာ ချထားသောအိတ်ကို ဝင်တိုက်မိသွားလေတော့သည်။

ထိုအခါ အိတ်က လဲကျသွားပြီး အထဲမှ ပစ္စည်းများမှာ အချို့တစ်ဝက် ကြမ်းပြင်ပေါ် ကျသွားလေသည်။

"ဟာ. . . စိတ်မရှိပါနဲ့ဗျာ"

ကျော်ဝေက ကြမ်းပြင်ပေါ် ကျနေသည့်ပစ္စည်းများကို ကပျာကယာ ပြန်ကောက်ယူပြီး အိတ်ထဲသို့ ထည့်ပေးလိုက်လေတော့သည်။

ပြီးမှာ ဆိုင်ရှင်ကို ခွင့်တောင်းကာ အနောက်ဘက်သို့ ဝင်သွားလေသည်။

သူဝင်သွားသည်နှင့် ဆွေဆွေက စားပွဲပေါ်မှာ တင်ထားခဲ့သော လွယ်အိတ်ကို ယူ၍ အထဲသို့ ရှာကြည့်လေသည်။ ထွေထွေထူးထူးတော့ ဘာမှမတွေ့ရပေ။

ဖိုင်အချို့နှင့် မှတ်တမ်းစာအုပ်အပြင် အခြားအသုံးအဆောင်အချို့ကိုသာ တွေ့ရသည်။

ဖိုင်တစ်ခုပေါ်မှာတော့ မောင်ကျော်ဝေ အထက်တန်းစာရေး ဟူသော စာရေးထားသည်ကို တွေ့ရသဖြင့် ပစ္စည်းများကို နေသားတကျ ပြန်ထည့်ထားပြီး လွယ်အိတ်ကို ပြန်တင်ထားလိုက်သည်။

ခဏကြာတော့မှ ကျော်ဝေ နောက်ဘက်မှ ပြန်ထွက်





လာလေသည်။

ထို့နောက် ကားထွက်ချိန် နီးတော့ ကားပေါ်သို့ ပြန်တက်ကြလေသည်။

ဂိတ်မှ ထွက်စဖြစ်သဖြင့် ရှေ့တွင် ထိုင်ခုံနေရာ ရကြသဖြင့် နှစ်ယောက်ယှဉ်တွဲကာ ထိုင်ကြရသည်။

လမ်းတစ်လျှောက်လုံးမှာလည်း နှစ်ယောက်သား စကားပြောလာကြသည်။

နေ့လယ်ပိုင်းအချိန်ရောက်မှ မြို့ထဲမှ ပြန်ထွက်လာသော မော်တော်ကားမှာ တစ်နေရာပြီးတစ်နေရာ ရပ်လိုက်မောင်းလိုက်နှင့် တအိအိ လာလေရာ ညနေပိုင်းအချိန် ရောက်တော့မှ မင်္ဂလာဒုံဘက်သို့ ပြန်ရောက်လာလေသည်။

လှော်ကားဘက် သွားသော လမ်းခွဲတစ်ခု ရှိသည့်နေရာသို့ ရောက်သောအခါ ကားကို ရပ်ခိုင်းပြီး ဆွေဆွေက ဆင်းသွားလေသည်။

ထို့နောက် ကားက ရှေ့သို့ ဆက်မောင်းသွားလေရာ ကျော်ဝေလည်း အပေါက်မှ လှမ်းကြည့်နေရင်းနှင့် ပါသွားလေတော့သည်။

ဆွေဆွေဆိုသော အမျိုးသမီးသည် ထိုလမ်းထဲသို့ မဝင်မီ ပတ်ဝန်းကျင်သို့ အကဲခတ်ကြည့်လိုက်သေးသည်။

ပတ်ဝန်းကျင် လမ်းမတစ်လျှောက်မှာ လူသွားလူလာ ရှင်းတော့မှ တောလမ်းအတိုင်းအတွင်းသို့ ဝင်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာရောက်တော့ သစ်ပင်ကွယ်များအနောက်မှ လူကြီးတစ်ယောက် ထွက်လာသည်။

အရပ်အမောင်း မြင့်မားလှပြီး ဘောင်းဘီနှင့် လောင်းကုတ်အင်္ကျီရှည်ကြီးကို ဝတ်ထားသည်။

မျက်နှာပေါ်မှာ မျက်နှာဖုံး စွပ်ထားပြီး သက္ကလတ်ဦးထုပ် အဝိုင်းကြီးကို မျက်နှာတစ်ဝက်ခန့် ဖုံးသည်အထိ ခပ်စိုက်စိုက် ဆောင်းထားလေသည်။

"စောစောက ကားပေါ်မှာ စကားပြောနေတဲ့သူက ဘယ်သူလဲ"

ဟု အသံသြသြကြီးနှင့် မေးလိုက်သည်။

"ကားပေါ်မှာတွေ့တဲ့ မိတ်ဆွေပါပဲ"

"ငါတို့အတွက် သားကောင်ရနိုင်သလား"

ဆွေဆွေက ဘာမှပြန်မပြောပေ။

"နင် ငါ့အပေါ်မှာ သစ္စာဖောက်မယ်လို့တော့ စိတ်မကူးနဲ့နော်၊ နင့်အဖေနဲ့အမေကို ငါသတ်ပစ်လိုက်မယ်"

"ကျွန်မလည်း ဆရာကြီး ခိုင်းသမျှ လုပ်ပေးနေတာပဲ"

"အေး. . . အခုအတိုင်း နေသွားဖို့ပဲ အရေးကြီးတယ်၊ တခြားလူတွေနဲ့ ပတ်သက်တာလည်း ငါသဘောမကျဘူး၊ အဲ. . . တစ်ခုတော့ ရှိတယ်၊ ကိုယ့်အတွက် အသုံးပြုလို့ရမယ့် သားကောင်မျိုး ရရင်တော့ ခေါ်လာခဲ့ပေတော့၊ ငါမှာလိုက်တဲ့ဆေးတွေ အစုံအလင် ရခဲ့ရဲ့လား"





ဆွေဆွေက ခေါင်းညိတ်ပြလိုက်သည်။

ထို့နောက် နှစ်ယောက်သား လှိုဏ်တစ်ခုအတွင်းသို့ ဆင်းသွားကြလေသည်။

၎င်းတို့လျှောက်သွားသောလမ်းမှာ ဖောက်ထားသောလမ်း မဟုတ်ဘဲ သစ်တောများအတွင်းမှ အလျဉ်းသင့်သလို သွားကြခြင်းဖြစ်သည်။

တစ်နေရာ ရောက်သောအခါ လှိုဏ်တစ်ခုအတွင်းမှာ အဆောက်အအုံဟောင်းတစ်ခု ရှိရာသို့ ရောက်သွားကြသည်။

ထိုအဆောက်အဦးမှာ လော်ကားကန် ပြန်လည်ဖော်စဉ်က မျက်နှာဖြူအရာရှိများ တည်းခိုနေထိုင်ရန်အတွက် ယာယီဆောက်ထားသော အဆောက်အအုံတစ်လုံး ဖြစ်သော်လည်း အုတ်များ၊ သစ်များဖြင့် အခိုင်အခံ့ ဆောက်ထားခဲ့သော အဆောက်အအုံဖြစ်သည်။

သို့သော် နှစ်ပေါင်းများစွာကြာအောင် လူနေထိုင်ခြင်းမရှိဘဲ ပစ်ထားခဲ့သောကြောင့် ပျက်စီးနေလေပြီ။

ထိုနေရာမှာ ခေါင်သည်က တစ်ကြောင်း၊ တစ္ဆေသရဲခြောက်လှန့်မှုကြမ်းသည်ဟု နာမည်ဆိုး ရှိသဖြင့်လည်း လာရောက်နေထိုင်ရန် မဆိုထားနှင့်၊ အကြောင်းမရှိဘဲ မလာရောက်ဝံ့သောနေရာမျိုးလည်းဖြစ်သည်။

(ရှေးအချိန်က ဇော်ကားဥယျာဉ်အတွင်းမှာ သိုက်နှင့် ပတ်သက်သည့် မှတ်တမ်းအချို့ပင် ရှိခဲ့သည်)။

www.burmeseclassic.com



သို့ကြောင့်လည်း အဆောက်အအုံမှာ ပျက်စီးယိုယွင်းနေခြင်းဖြစ်သည်။

ထိုနေရာရောက်သောအခါ တံခါးချပ်ကို ဖွင့်ဝင်သွားကြလေသည်။

အတွင်း၌ မှောင်နေလေသည်။

ရှေ့မှ သွားနေသူက ရေနံဆီမီးအိမ်တစ်လုံးကို မီးထွန်းလိုက်တော့မှ အလင်းရောင်အချို့ ရလာသည်။

အပေါ်ခန်းမှာတော့ ဘာပစ္စည်းမှ မယ်မယ်ရရ မရှိပေ။

မီးအိမ်ထွန်းပြီးသည်နှင့် ထိုလူကြီးက ကြမ်းပြင်တစ်နေရာမှ ဖုံးထားသော အံဝှက်တံခါးကို ဖွင့်လိုက်ရာ အောက်သို့ဆင်းသွားသော လှေကားထစ်များ ပေါ်လာသည်။

သူသည် ဆွေဆွေဆိုသော အမျိုးသမီး ဝယ်ယူလာသောအထုပ်ကို ယူပြီး လှေကားထစ်များမှ အောက်သို့ ဆင်းသွားလေသည်။

ဆွေဆွေလည်း နောက်မှဆင်းလိုက်သွားပြီး အံဝှက်တံခါးချပ်ကို ပြန်ပိတ်လိုက်သည်။

မြေအောက်ခန်းမှာ အတော်ကျယ်ဝန်းပြီး အခန်းများဖွဲ့ထားလေသည်။

မြေအောက်ခန်းထဲ ရောက်သွားပြီးနောက် ထိုလူကြီးက အခန်းတစ်ခုထဲ ဝင်သွားပြီး တံခါးပိတ်လိုက်လေသည်။

ဆွေဆွေလည်း အခြားအခန်းတစ်ခန်းသို့ သွားလေ





သည်။ ထိုအခန်းထဲမှာ မီးအိမ်တစ်လုံး ထွန်းထားပြီး လူနှစ်ယောက် ရှိနေကြသည်။

အသက်အရွယ်ကြီးလှပြီဖြစ်သည့် ကုလားလူမျိုး အဘိုးကြီးတစ်ယောက်နှင့် အဖွားကြီးတစ်ယောက်တို့ပင် ဖြစ်ကြလေသည်။

၎င်းတို့၏ ခန္ဓာကိုယ်များမှာလည်း ပုံမှန်အနေအထားမဟုတ်ဘဲ တစ်ကိုယ်လုံး ခွဲစိတ်ချုပ်နှောင်ထားသော ဒဏ်ရာအက်ချက်များ ရှိနေကြသည်။

၎င်းတို့နှစ်ယောက်က ဆွေဆွေဆိုသော အမျိုးသမီးဝင်လာသည်ကို မြင်သောအခါ ညှိုးငယ်သောမျက်လုံးများဖြင့် မော့ကြည့်နေကြသည်။

ဆွေဆွေဆိုသောအမျိုးသမီးကလည်း ထိုနှစ်ယောက်ကို စိတ်မချမ်းမြေ့သော အမူအရာဖြင့် ကြည့်နေလေသည်။

တကယ်တော့ ထိုအမျိုးသမီး၏အမည်မှာ ဆွေဆွေ မဟုတ်ပါချေ။

သူမ၏အမည်မှန်မှာ မေရီဆွေဖြစ်သည်။

သူမသည် အသက်(၂၅)နှစ်အရွယ်ခန့်ရှိပြီး အိန္ဒိယအမျိုးသမီးတစ်ဦးပင်ဖြစ်၏။

သူမရှေ့မှာ ရှိနေသည့် ခွဲစိတ်ဒဏ်ရာများဖြင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော အဘိုးကြီးနှင့်အဖွားကြီးနှစ်ယောက်မှာ ခင်နှင့်ဖခင်တို့ပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးရာဂျူးမှာ ဖခင်ဖြစ်ပြီး မိခင်ဖြစ်သူမှာ ဒေါ်မာလီ ဖြစ်သည်။

တကယ်တော့ ထိုနှစ်ယောက်မှာ ယခုလက်ရှိ မြင်တွေ့ရသလောက် အသက်အရွယ် ကြီးရင့်နေကြသူများတော့ မဟုတ်ကြပါပေ။

ဦးရာဂျူးက အသက်(၅၀)ကျော်သာ ရှိသေးပြီး ဒေါ်မာလီက ငါးဆယ်ဝန်းကျင်အရွယ်ခန့်သာ ရှိသေးသည်။ ၎င်းတို့မှာ ဆင်းရဲသဖြင့် ဆရာဝန်ကြီးတစ်ဦးထံမှာ အလုပ်ဝင်လုပ်ကြသည်။

သူတို့မှာ သမီးတစ်ယောက်သာ ရှိသည်။ မေရီဆွေပင် ဖြစ်၏။

ထိုဆရာဝန်ကြီးထံမှာ အလုပ်ဝင်စက မေရီဆွေပင် အရွယ်မရောက်သေးပေ။

(၁၅)နှစ်ခန့်ကြာပြီဖြစ်သောကြောင့် ယုံကြည်စိတ်ချရသော ဆရာတပည့်ရင်း ဖြစ်နေကြလေပြီ။

သူတို့ အလုပ်ဝင်ခဲ့သော ဆရာဝန်ကြီးမှာ တစ်ချိန်က အိန္ဒိယ ဆေးပညာလောကမှာ ထင်ရှားခဲ့သည့် ဆရာဝန်ကြီး ကူးပါးပင် ဖြစ်တော့သည်။

ဆရာဝန်ကြီး ကူးပါးမှာ ရှေးအခါကပင် လူတစ်ကိုယ်လုံးကို ခွဲစိတ်ပြုပြင်ကုသရာမှာ သူမတူအောင် ထူးချွန်ထင်ရှားခဲ့သူဖြစ်သည်။





နောက်တော့ ဆရာဝန်ကြီး ကူးပါးမှာ ပျောက်ချင်းမလှ ပျောက်သွားလေတော့သည်။

အချို့က တိုင်းတစ်ပါးသို့ ထွက်သွားသည်ဟု ထင်မှတ်ကြသည်။ အချို့ကတော့ တစ်နေရာမှာ လူသူမသိဘဲ သေဆုံးသွားပြီဟု ယူဆခဲ့ကြသည်။

ဆရာဝန်ကြီးကူးပါး ပျောက်ဆုံးသွားပြီး နှစ်ပေါင်းအတော်ကြာတော့မှ တစ်နေရာမှာ မထင်မရှား ပြန်ပေါ်လာသည်။

သို့သော် မူလရုပ်ရည် မူလပုံသဏ္ဌာန်မျိုးဖြင့်တော့ မဟုတ်တော့ပေ။

တစ်ကိုယ်လုံး ခွဲစိတ်ပြုပြင်ထားသော ချုပ်ရိုးများ၊ ဒဏ်ရာဒဏ်ချက်များဖြင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေခဲ့သည်။ သူ့မျက်နှာကို မမြင်ရစေရန် မျက်နှာဖုံးတစ်ခုကို စွပ်ထားလေသည်။

အခြားသူများကိုတော့ မီးလောင်ရာမှရသော ဒဏ်ရာများကို လူမမြင်စေလိုသောကြောင့် မျက်နှာဖုံး စွပ်ထားသည်ဟု ပြောထားသည်။

နောက်ပိုင်းမှာတော့ ဆေးကုခြင်း မလုပ်တော့ဘဲ ဆေးပညာနှင့် ပတ်သက်ပြီး အခြားသုတေသနလုပ်ငန်းများကိုသာ လူမသိအောင် ပြုလုပ်နေတော့သည်။

ထိုအချိန်မှာ ရာဂျူးတို့ မိသားစုသုံးယောက်နှင့် တွေ့ပြီး သူ့ထံမှာ ခိုင်းစေရန် ခေါ်ထားခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရာဂျူးတို့ကလည်း အခြားအားကိုးအားထား မရှိကြ သောကြောင့် ဆရာဝန်ကြီး ရွှေ့ပြောင်းရာနောက်သို့ လိုက်နေခဲ့ ကြလေသည်။

နောက်ပိုင်းတွင် ဆရာဝန်ကြီးကူးပါမှာ သူပြုလုပ်နေ သောအလုပ်များကို လူသိမည်စိုးသောကြောင့် အိန္ဒိယမှာပင် မနေတော့ဘဲ မြန်မာပြည်ဘက်သို့ လျှို့ဝှက်စွာ ရွှေ့ပြောင်းခဲ့ပြီး လှော်ကားဘက်၌ နေထိုင်ခဲ့လေသည်။

ရာဂျူးတို့မိသားစုမှာ ထိုအခါမှပင် ဆရာဝန်ကြီးကူးပါး ၏ လုပ်ဆောင်နေမှုများနှင့် လျှို့ဝှက်ချက်များကို ရိပ်မိကြသော် လည်း များစွာနောက်ကျခဲ့ကြလေပြီ။ သူတို့အတွက် ထွက်ပေါက် မရတော့ပေ။





# အခန်း(၁၁)

# ပုဆစ်အိမ်အတွင်းမှ ကယ်တင်ရှင်

တကယ်တော့ ရာဂျူးတို့မိသားစုများမှာ ကြောက်စရာ ကောင်းလှသည့် ကြိုးချည်မျှင်များဖြင့် ဖွဲ့နှောင်ထားသော မရဏ ကြိုးယှက်လိမ် ပုဆစ်အိမ်အတွင်းသို့ ကျရောက်ခဲ့ကြခြင်းဖြစ်ပေ သည်။

အိန္ဒိယမှာရှိစဉ်က ထိုအကြောင်းများ သိပါက လွတ် မြောက်ရန် ကြိုးစား၍ ရနိုင်သေးသော်လည်း ယခုကဲ့သို့ ဝေးခြား ခြားနေရာရောက်တော့ ဘယ်လိုမှ မတတ်နိုင်ကြတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ လှောင်ချိုင့်ထဲမှာ ထည့်ထားပြီး သူပြုသမျှ နုနေရသောဘဝမျိုးနှင့်သာ နေကြရသည်။

နှစ်ယောက်စလုံးမှာလည်း ကြောက်ရွံ့မှု၊ စိုးရိမ်ပူပန်မှုများကြောင့် မကြာခဏဆိုသလို ရောဂါအမျိုးမျိုးရကာ သေရတော့မည့် အခြေအနေမျိုးဖြင့် ကြုံတွေ့ကြရသည်။

ထိုအခါ ဆရာဝန်ကြီး ကူးပါးက သူတို့တစ်ကိုယ်လုံးကို ခွဲစိတ်ပြုပြင်ပြီး အသက်ရှင်အောင် လုပ်ပေးထားလေသည်။

သို့ကြောင့် နှစ်ကြာလာသည်နှင့်အမျှ နှစ်ယောက်စလုံး၏ကိုယ်ပေါ်မှာ ခွဲစိတ်ပြုပြင်ထားသော ဒဏ်ရာဒဏ်ချက်များ ချုပ်ရိုးများဖြင့် လူရုပ်ပင် မပေါ်ကြတော့ပေ။

ဆရာဝန်ကြီးကူးပါးကိုယ်တိုင်ကလည်း ထိုနည်းနှင့်ပင် အသက်ရှင်နေသူဖြစ်ကြောင်း နောက်ပိုင်းမှ သိကြရလေသည်။

နှလုံးမကောင်းလျှင် နှလုံး၊ အသည်းမကောင်းလျှင် အသည်း၊ မျက်လုံးမကောင်းလျှင် မျက်လုံး အစားထိုးလဲလှယ်ပြီး အသက်ရှင်နေသူဖြစ်သည်။

အခြားသူများကိုတော့ ဆရာဝန်ကြီးက ခွဲစိတ်ပြုပြင်ပေးပြီး သူ့ကိုတော့ မည်သူက ခွဲစိတ်ကုသပေးသည်ကိုတော့ မည်သူမှ မသိကြရသေးပေ။

တကယ်တော့ ရာဂျူတို့မိသားစုမှာ လှောင်အိမ်အတွင်းမှာရောက်နေသည့် တိရစ္ဆာန်များကဲ့သို့ ဖြစ်နေကြပြီး ဆရာဝန်ကြီးကူးပါး၏ အစမ်းသပ်ခံ သတ္တဝါများပမာ နေကြရခြင်းဖြစ်





သည်။

"သမီးပြန်လာပြီလား"

မေရီဆွေတစ်ယောက် အခန်းထဲ ပြန်ရောက်သောအခါ ဒေါ်မာလီက အားနည်းသောအသံဖြင့် မေးလိုက်လေသည်။

"ပြန်လာပါပြီ အမေ၊ အမေတို့ရော နေကောင်းကြရဲ့လားဟင်"

ခေါင်းညိတ်ပြရင်းနှင့်. . .

"အမေတို့လည်း ဘယ်ဘဝက ဝဋ်ကြွေးကံကြောင့် အခုလို လှောင်အိမ်ထဲမှာ နေရတဲ့ဘဝမျိုးနဲ့ နေကြရတယ်ဆိုတာ မသိတော့ပါဘူး"

ဟု စိတ်ပျက်ဝမ်းနည်းသောအသံဖြင့် ပြောလေသည်။

"ဒီလောက်လည်း ဝမ်းနည်းမနေပါနဲ့ အမေရယ်၊ ကျွန်မတို့မိသားစုတွေ တစ်နေ့တော့ ဒီဝဋ်ကြွေးက လွတ်မြောက်ကြမှာပါ၊ အဖေတို့အမေတို့ ဒီလိုဘဝမျိုးနဲ့တော့ ဘဝအဆုံးမသတ်စေရပါဘူး၊ ကျွန်မဘဝ အသက်ရှင်နေသမျှ ဒီဘဝက လွတ်မြောက်အောင် ကြိုးစားပေးပါ့မယ်"

မေရီဆွေက ဝမ်းနည်းနေသောအသံဖြင့် ပြောလိုက်လေသည်။

ထိုအခါ ဦးရာဂျူကပါ ဝင်ပြောသည်။

"အဖေကတော့ ဒီဘဝမျိုးနဲ့တော့ လူတွေ ရှိတဲ့နေရာကို ပြန်မသွားချင်တော့ပါဘူး၊ ဖြစ်နိုင်ရင် တစ်ခါတည်းသာ သေ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ချင်တော့တာပါပဲ သမီးရယ်”

“အိုး. . . ဘာကြောင့် သေရမှာလဲ အဖေရဲ့၊ သမီးတစ်ယောက်လုံး ရှိနေသေးတာ ဘာများ အားငယ်စရာရှိလို့လဲ၊ တစ်နေ့ကျရင် ကျွန်မတို့အတွက် ကံကြမ္မာက မျက်နှာသာပေးတဲ့ အလှည့်မျိုးနဲ့တော့ ကြုံရဦးမှာပါ”

ထိုကဲ့သို့ ပြောနေကြစဉ် အခန်းအပြင်ဘက်မှ လျှောက်လာသောခြေသံ ကြားရသဖြင့် စကားပြောနေခြင်းများကို ရပ်လိုက်ကြလေသည်။

အခန်းအပြင်ဘက်မှ လျှောက်နေသောခြေသံက တဖြည်းဖြည်းနှင့် ဝေးသွားတော့မှ သက်ပြင်းချနိုင်ကြလေတော့သည်။

ယခင်က အခန်းအပြင်ဘက်မှ ထိုကဲ့သို့ ခြေသံကြားရလျှင် ဆရာဝန်ကြီးကူးပါး ရောက်လာလေ့ရှိသည်။

အခန်းတံခါးဖွင့်လိုက်သည်နှင့် ၎င်း၏ကြောက်မက်ဖွယ်ရာ ပုံပန်းသဏ္ဌာန်ရှိသော မျက်နှာကြီးကို မြင်တွေ့ရသည်။

ပြီးလျှင် အသံသြသြကြီးဖြင့် ပြောသည်။

“ရာဂျူး. . မင်း ဒီကနေ့ည ခွဲစိတ်ခံရမယ်၊ မင်းရဲ့နှလုံးက သိပ်မကောင်းတော့ဘူး၊ အရင်တစ်ခါ လဲပေးထားတာ ကြာပြီဆိုတော့ သိပ်မကောင်းတော့ဘူး၊ ဒီကနေ့ည အသစ်လဲရမယ်”

ထိုစကားမှာ ရာဂျူးတို့လင်မယားအတွက် မကြားချင်ဆုံးသောစကားပင်ဖြစ်သည်။





“ကျွန်တော် နေလို့ကောင်းပါတယ်. .၊ နှလုံးလည်း ကောင်းနေသေးတယ် ထင်ပါတယ်၊ ဒါကြောင့် မခွဲပါရစေနဲ့ ဆရာကြီးရယ်”

“မင်းက ငါ့ထက် ပိုသိလို့ ဒီစကားမျိုး ပြောတာလား၊ ငါက လဲပေးမယ်ဆိုရင် ဘာမှထပ်ပြောမနေနဲ့၊ ခွဲစိတ်ခန်းထဲကိုသာ လာခဲ့”

ဒါပဲပြောပြီး ပြန်ထွက်သွားလေသည်။

ထိုသို့ပြောသွားပါက မနေဝံ့ဘဲ လိုက်သွားရလေသည်။

ခွဲစိတ်ခန်းထဲ ရောက်သောအခါ တစ်ကိုယ်လုံး မလှုပ်နိုင်အောင် တုပ်နှောင်ပြီး ထုံဆေး၊ မေ့ဆေး မပေးဘဲနှင့် အစိမ်းခွဲရာ နှလုံးသွေးရပ်လုမတတ် နာကျင်သောကြောင့် ခွဲစိတ်ဖြတ်တောက်ခံနေရရင်းနှင့် သတိမေ့သွားသည်က များလေသည်။

သတိပြန်ရလာလျှင် အခန်းထဲ ပြန်ရောက်နေပြီး ရက်အတော်ကြာသည်အထိ မချိမဆံ့ ခံရသည်။

တော်တော်နှင့် နာလန်ပြန်မထူတော့ပေ။

ထို့ကြောင့်လည်း လင်မယားနှစ်ယောက်စလုံး ခွဲစိတ်ခံရမည်ကို များစွာကြောက်ရွံ့ကြသည်။

သို့သော်လည်း ငြင်းဆန်၍မရ။

တကယ်တော့ သူတို့လင်မယားနှစ်ယောက်မှာ ဆေးပညာ သင်ကြားသောနေရာများမှာ အသုံးပြုသော ခွဲစိတ်ခံတိရစ္ဆာန်လေးများဘဝနှင့် ဘာမှမခြားနားလှပါချေ။



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကြီးကူးပါးမှာ အခြားသူများကို သူကိုယ်တိုင် ခွဲစိတ်ပေးသော်လည်း သူ့ကို မည်သူက ခွဲစိတ်ကုသပေးနေသည်ကတော့ မည်သူမှမသိကြဘဲ လျှို့ဝှက်ချက်တစ်ခု ဖြစ်နေတော့သည်။

ဂုင်းတို့မိသားစုသုံးယောက်ဘဝမှာ ဂရဲလှောင်အိမ်ထဲသို့ ရောက်နေရသည်နှင့် ဘာမှမခြားလှပါချေ။

အချိန်များ ရက်များသာ ပြောင်းလဲခဲ့သော်လည်း သူတို့ဘဝများက မပြောင်းလဲဘဲ ရှိနေကြတော့သည်။

တစ်နေ့သ၌ ထိုအဆောက်အအုံအနီး မနီးမဝေးမှာရှိသော လျှို့ဝှက်သောနေရာတစ်ခုတွင် လူနှစ်ယောက် ရောက်နေကြသည်။ ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့ပင် ဖြစ်ကြလေသည်။

ဂုင်းတို့နှစ်ယောက်သည် ဂုင်းတို့စီးလာသော မော်တော်ကားကို တစ်နေရာမှာ ဝှက်ထားပြီးနောက် ထိုအိမ်နှင့် မနီးမဝေးနေရာသို့ ရောက်နေကြခြင်းဖြစ်လေသည်။

အချိန်မှာ ညဉ့်ဦးပိုင်းအချိန် ရောက်နေချေပြီ။

သစ်ပင်များထူထပ်စွာ ရှိနေသည့်နေရာ ဖြစ်သောကြောင့် အပြင်ဘက်မှာထက် အမှောင်ထုက ပိုများနေသည်။

ဂုင်းတို့တွင် လက်နှိပ်ဓာတ်မီး၊ သေနတ်များ ပါကြပြီး ဘောင်းဘီနှင့်ဂျာကင်အညိုရောင်တို့ကို ဝတ်ဆင်ထားကြလေသည်။





နှစ်ယောက်သား လျှို့အစပ်မှာရှိသော အိမ်ဟောင်းကြီးနှင့် မနီးမဝေးတွင် လျှို့ဝှက်စွာ ပုန်းအောင်းနေကြရင်းမှ အခြေအနေကို စောင့်ကြည့်နေကြသည်။

ကျော်စွာက ထိုနေရာဘက်သို့ မျက်ခြည်မပြတ် အကဲခတ်ရင်း မေးလိုက်သည်။

"သူတို့ ဒီအထဲမှာ ရှိမယ်လို့ ဆရာထင်သလား"

"ကျွန်တော့်အထင် ပြောရရင်တော့ ဒီအဆောက်အအုံဟောင်းအတွင်းမှာ ခိုအောင်းနေတာ ဖြစ်နိုင်တယ်၊ မနေ့က ကားပေါ်က လှမ်းကြည့်တော့ သူ ဒီတောထဲကို ဝင်သွားတာကို လှမ်းမြင်လိုက်ရတယ်"

ဒေါက်တာမင်းထင်ကျော်က ပြန်ပြောလေသည်။

"ဆရာက သာမန်ရုံးစာရေး ကျော်ဝေလို့ အယောင်ဆောင်ထားတာကို သူ မရိပ်မိဘူးလား"

"စိတ်ချလက်ချတော့ ရှိပုံမရဘူး၊ အဲဒီနေ့က အဲနောက်ဘက်ကို ဝင်သွားတော့ တမင် လွယ်အိတ်ကို စားပွဲပေါ်မှာ တင်ထားခဲ့တယ်၊ ကျွန်တော်ဝင်သွားပြီး သူ ကျွန်တော့်လွယ်အိတ်ကို ရှာကြည့်ခဲ့ပုံပဲ"

"အဲဒီ ဆွေဆွေဆိုတဲ့အမျိုးသမီးလည်း ခေသူတော့ ဟုတ်ပုံမရဘူး၊ ဆွေဆွေဆိုတာ ပါးစပ်ထဲမှာရှိတဲ့ အမည်တစ်ခုခု ပြောခဲ့တာလည်း ဖြစ်ပုံရတယ်၊ သူယူလာတဲ့အိတ်ကို တို့တဲ့ချိုက်တော့ အထဲမှာ ဘာတွေတွေ့ရသလဲ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"အံ့ဩဖို့တော့ အတော်ကောင်းတယ်၊ သာမန် စားသောက်စရာတွေ အသုံးအဆောင်ပစ္စည်းတွေရဲ့အောက်မှာ ဆရာဝန်တွေသာ အသုံးပြုလေ့ရှိတဲ့ နိုင်ငံခြားဖြစ် ဆေးတွေ အတော်များများ တွေ့လိုက်ရတယ်"

"အဲဒါတွေ ဘယ်နေရာမှာ အသုံးပြုဖို့လဲ မသိဘူး"

"ဆရာဝန်ကြီး ဦးမင်းဟာန် ကောက်ချက်ချပုံအရဲ့ဆိုရင် ဖြစ်မှုကျူးလွန်နေတဲ့သူဟာ အနောက်တိုင်း ဆေးအတတ်ပညာတွေကို တစ်ဖက်ကမ်းခတ် တတ်မြောက်နိုင်တယ်လို့ ပြောတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒီအတိုင်းဆိုရင် သူမှတ်ချက်ချတာ အတော်နီးစပ်မှု ရှိနေပြီပေါ့၊ ဆွေဆွေဆိုတဲ့ အမျိုးသမီး ဝယ်လာတဲ့ ဆေးပစ္စည်းတွေဟာ အဲဒီဆရာဝန်ကြီး အသုံးပြုတာလည်း ဖြစ်နိုင်တာပေါ့"

"ဒါဖြင့် အဲဒီဆရာဝန်ကြီးကို နဆွေဆွေဆိုတဲ့အမျိုးသမီးက အကူအညီပေးနေတာပဲ ဖြစ်ရမယ်"

"ဖြစ်နိုင်တာပေါ့ မောင်ကျော်စွာရယ်၊ အများကြီး ဖြစ်နိုင်တာပေါ့၊ ငွေထွန်း အသတ်ခံရတဲ့အမှုမှာ ငွေထွန်းကားထဲက ကလစ်တစ်ချောင်းနဲ့ ကားတံခါးဘောင်မှာ ညှပ်နေတဲ့ ဆံပင်ရှည်ဟာ သူ့ရဲ့ဆံပင်ရှည် ဖြစ်နိုင်တာပေါ့၊ ဘာကြောင့်လဲဆိုတော့ ဟိုနေ့က သူ ကျွန်တော့်နံဘေးမှာထိုင်တော့ တစ်ပတ်လျှို ထုံးထားတာတောင် ဆံပင်က အတော်ရှည်တယ်၊ နောက်ပြီး ဆံပင်





မှာ ကလစ်အမည်းလေးတွေ ညှပ်ထားတာကိုပါ သတိပြုမိလိုက်တယ်"

"ဆရာကတော့ ဘယ်အလုပ်ကိုပဲလုပ်လုပ် ဘယ်နေရာမှာပဲဖြစ်ဖြစ် စေ့စပ်သေချာတဲ့နေရာမှာတော့ နှစ်ယောက်မရှိဘူး၊ စုံထောက်အလုပ်သာလုပ်ရင် နာမည်ကြီးမှာ အသေအချာပဲ"

"နာမည်မကြီးချင်လည်း နေပါစေ၊ ကျွန်တော်က ဉာဏ်ချင်းပြိုင်ရတဲ့အလုပ်ကို ဝါသနာပါလို့သာ မောင်ကျော်စွာတို့ရဲ့ အလုပ်တွေကို တတ်နိုင်သမျှ အကူအညီပေးနေတာပါ"

ဟုပြောနေရင်း အချိန်က တဖြည်းဖြည်းနှင့် ညဉ့်ဦးပိုင်း အချိန်ဘက်သို့ ရောက်လာလေသည်။

ထိုအချိန်မှာပင် အဆောက်အအုံအတွင်းမှ လူနှစ်ယောက် ထွက်လာသည်။

တစ်ယောက်က အရပ်မြင့်မြင့်နှင့် အမျိုးသားဖြစ်ပြီး ကျန်တစ်ယောက်က အမျိုးသမီးဖြစ်သည်။

နှစ်ယောက်စလုံး ရုပ်ဖျက်ထားကြသောကြောင့် မည်သူမည်ဝါမှန်း ရုတ်တရက် မသိနိုင်သော်လည်း မနီးမဝေးမှ ဖြတ်လျှောက်သွားကြခြင်းဖြစ်သောကြောင့် ထိုအမျိုးသမီးမှာ ဆွေဆွေဆိုသောအမျိုးသမီးဖြစ်မည်ဟုတော့ ခန့်မှန်းမိလိုက်သည်။

"သူတို့တော့ အပြင်ထွက်သွားကြပြီ၊ ဘယ်လိုလုပ်ကြမလဲ ဆရာ"

"ကိုကျော်စွာက သူတို့နှစ်ယောက်နောက်ကို ခြေရာခံ



www.burmeseclassic.com

www.burmeseclassic.com



ပြီး လိုက်သွားပေတော့၊ ကျွန်တော်က အဆောက်အအုံထဲ ဝင်ကြည့်မယ်”

“သတိတော့ထားနော် ဆရာ”

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်နှင့် ကျော်စွာလည်း ထိုနေရာမှ ထွက်သွားလေတော့သည်။

သူတို့ထွက်သွားပြီး အတန်ကြာတော့မှ ဒေါက်တာမင်းထင်ကျော်က နေရာမှထကာ အဆောက်အအုံ ရှိရာဘက်သို့ ထွက်လာခဲ့သည်။

သူသည် သတိကြီးစွာထားရင်း တဖြည်းဖြည်းနှင့် အဆောက်အအုံရှိရာသို့ တိုးကပ်သွားလေသည်။

အဆောက်အဦးဟောင်းကြီးမှာ အမှောင်ရိပ်အောက်မှာ မကောင်းဆိုးဝါးကြီးတစ်ကောင် ထိုင်နေသည်နှင့် တူနေတော့သည်။

ဒေါက်တာမင်းထင်ကျော်က မနီးမဝေးမှရပ်ကာ အခြေအနေကိုကြည့်တော့ ထူးခြားမှု မတွေ့ရသဖြင့် အနီးသို့ တဖြည်းဖြည်း ကပ်သွားလေသည်။

အမှောင်ထုအောက်မှာ တိတ်ဆိတ်ငြိမ်သက်စွာ ရှိနေသောအိမ်ကြီးအနီးသို့ ရောက်သောအခါ လက်နှိပ်ဓါတ်မီးနှင့် သေနတ်ကို အဆင်သင့် ကိုင်ထားလိုက်သည်။

ပြီးနောက် စေ့ထားသော တံခါးချပ်ကို အသာတွန်းဖွင့်လိုက်သည်။





သော့ခတ်မထားသောကြောင့် ကျွီခနဲ အသံမြည်ကာ တံခါးချပ်က ပွင့်သွားသည်။

အတွင်းမှ ဖုန်နံ့၊ သွေးနံ့နှင့် အပုပ်နံ့များ လှိုက်ထွက်လာသည်။

သူက သေနတ်ကို အဆင်သင့်ပြင်ပြီး မီးရောင်ဖြင့် ထိုးကြည့်လိုက်သည်။

အခန်းထဲမှာတော့ ဖုန်အထပ်ထပ် တက်နေသည့် ပရိဘောဂအဟောင်းများ၊ ကျိုးပဲ့ပျက်စီးနေသော အသုံးအဆောင်ပစ္စည်းများမှလွဲပြီး အခြားထူးထူးခြားခြားတော့ ဘာမှမတွေ့ရပေ။ သို့ကြောင့် အတွင်းသို့ ဝင်သွားလေသည်။

အဆောက်အအုံမှာ အကျယ်ကြီးမဟုတ်ဘဲ သာမန်သာရှိပြီး ခင်းထားသော ကြမ်းပြင်များပင် အချို့နေရာများမှာ ဟာနေပြီး အချို့နေရာများမှာ ကျိုးပဲ့နေသည်။

သူသည် မီးရောင်ဖြင့် နေရာအနှံ့အပြားသို့ လိုက်လံထိုးကြည့်သော်လည်း ထူးခြားမှုတော့ မတွေ့ရပေ။ အတွင်းခန်းတစ်နေရာရောက်တော့ စာရေးစားပွဲတစ်လုံး တွေ့ရပြီး ထိုစားပွဲပေါ်မှာ ပုံထပ်ထားသော စာအုပ်များကို တွေ့ရသည်။

စာအုပ်များမှာ အင်္ဂလိပ်ဘာသာ၊ အိန္ဒိယဘာသာ၊ သက္ကတဘာသာများဖြင့် ရေးသားထားသော ရှေးဟောင်းဆေးကျမ်းစာအုပ်များဖြစ်သည်။

စိတ်ဝင်စားသဖြင့် အကြမ်းဖျင်း လှန်ကြည့်သောအခါ



www.burmeseclassic.com

www.burmeseclassic.com



ဝိဉာဉ်နှင့် သက်ဆိုင်သော စာအုပ်အချို့ကိုပါ တွေ့ရပေသည်။

ထို့နောက် စာအုပ်များကို နေသားတကျထားပြီး အခြားနေရာများကို လိုက်ကြည့်သည်။

ဘာမှ မတွေ့ရပေ။

တစ်နေရာရောက်တော့ လက်ကိုင်ကွင်းတပ်ထားသော အံဝှက်တစ်ခုကို တွေ့ရသဖြင့် ဆွဲဖွင့်ပြီး လက်နှိပ်ဓါတ်မီးဖြင့် ထိုးကြည့်လိုက်သည်။

အောက်ဘက်သို့ ဆင်းရန် ပြုလုပ်ထားသော လှေကားများကို တွေ့ရသဖြင့် ထိုလှေကားထစ်များအတိုင်း အောက်ဘက်သို့ ဆင်းလာသည်။

လှေကားထစ်များမှာ သိပ်တော့ မများပေ။

မြေအောက်ခန်းမှာလည်း အတော်အသင့် ကျယ်ဝန်းပြီး ပစ္စည်းအဟောင်းများက ရှုပ်ပွနေလေသည်။

ဖုန်နံ့များ၊ သွေးနံ့၊ အပုပ်နံ့များက အောက်အခန်းတွင်း၌ ပိုများသည်။

တစ်နေရာရောက်တော့ စာအုပ်များ အစီအရီ တင်ထားသော စင်တစ်စင်နှင့် စားပွဲပေါ်မှာ ဖွင့်လျက်သား ချထားသော မှတ်တမ်းစာအုပ်တစ်အုပ် တွေ့ရသည်။

မီးရောင်ဖြင့် ကြည့်လိုက်သောအခါ စာအုပ်မှာ ဟောင်းနွမ်းလှပြီး စက္ကူဖြင့်ချုပ်ထားသော စာအုပ်မျိုး မဟုတ်ဘဲ ပါးလွှာသော သားရေပြားချပ်များကို စာအုပ်သဖွယ် ချုပ်ထားခြင်းဖြစ်ကြောင်း တွေ့ရသည်။

ထိုသားရေပြားချပ်များပေါ်မှာ ကညစ်ဖြင့် ရေးထားသော ဆေးမှတ်တမ်းများ ရှိသည်။

လူများကို ခွဲစိတ်ပြီး မှတ်သားထားသော မှတ်တမ်းများပင်ဖြစ်သည်။

စာအုပ်ဆိုက်မှာ (၄)လက်မ (၇)လက်မအရွယ်ခန့် ရှိသည်။

ဒေါက်တာမင်းထင်ကျော်က ထိုစာအုပ်ကို သားရေကြိုးဖြင့်ပတ်ကာ ဂျာကင်အကျီအိတ်ထဲ ထည့်ယူလိုက်သည်။

ထို့နောက်မှာတော့ အခြားနေရာများသို့ လိုက်ကြည့်ရာ အခန်းတစ်ခန်းထဲမှာ မည်းမည်းသဏ္ဌာန်နှစ်ယောက်ကို တွေ့ရသဖြင့် သေနတ်ဖြင့် ချိန်ကာ မီးရောင်ဖြင့် ထိုးကြည့်လိုက်သည်။

ထိုအခါမှ ကွပ်ပျစ်များပေါ်မှာ လဲနေသော လူနှစ်ယောက်ဖြစ်နေသည်ကို တွေ့ရသဖြင့် အနားသွားကြည့်သောအခါ ကုလားလူမျိုး ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက်တို့ကို တွေ့ရသည်။

နှစ်ယောက်စလုံး အိုမင်းရင့်ရော်နေပြီး ပိန်လှီလှသည်။ တစ်ကိုယ်လုံးမှာလည်း ချုပ်ရိုးအရာများ ပွနေသည်။

ရုတ်တရက် ကြည့်ပါက အဝတ်စများကို ဖာထေး စပ်ချုပ်ထားသကဲ့သို့ ရှိလေသည်။

၎င်းတို့နှစ်ယောက်မှာ ဦးရာဂျူးနှင့်ဒေါ်မာလီတို့ပင်ဖြစ်





www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

သူတို့က ဒေါက်တာမင်းထင်ကျော်ကို တွေ့သောအခါ မျက်လုံးအပြူးသားဖြင့် မော့ကြည့်ကာ ကြောက်လန့်နေကြဟန် ရှိကြလေသည်။

"မကြောက်ပါနဲ့. . . ကျွန်တော်က ခင်ဗျားတို့ကို ဒုက္ခပေးမယ့်သူ မဟုတ်ပါဘူး၊ ဒုက္ခရောက်နေရင် ကယ်ပေးမယ့်သူပါ"

နှစ်ယောက်စလုံးက သူပြောသည်ကို နားလည်ဟန်ဖြင့် ခေါင်းညိတ်ပြကြလေသည်။

"ဒီအထဲမှာ တခြားဘယ်သူတွေ ရှိသေးလဲ"

ရာဂျူးက အခြားတစ်နေရာသို့ လက်ညှိုးထိုးပြသဖြင့် ထိုနေရာဘက်သို့ ခပ်သုတ်သုတ် လျှောက်လာသည်။

တစ်နေရာရောက်တော့ ဆေးပုလင်းများ၊ ဆေးကုရာမှာ အသုံးပြုသောပစ္စည်းများကို စင်များဖြင့် အစီအရီ တင်ထားကာ နံရံမှာလည်း ရှေးခေတ်က အသုံးပြုသော ခွဲစိတ်ကိရိယာအမျိုးမျိုးတို့ကို အစီအရီ ချိတ်ဆွဲထားသည်ကို တွေ့ရသည်။

ထိုနေရာမှ လွန်လာသောအခါ ခွဲစိတ်ခန်းတစ်ခု တွေ့ရပြီး ခုံပေါ်မှာ တင်ထားသော လူတစ်ယောက်ကို တွေ့ရသည်။

ပိတ်စဖြင့် လွှမ်းထားသောကြောင့် အနားကပ်သွားပြီး အဝတ်စကို လှန်ကြည့်လိုက်တော့ ရင်ဘတ်ဟောင်းလောင်းဖြစ် သေဆုံးနေပြီဖြစ်သည့် ယောကျ်ားတစ်ယောက်အလောင်း





တွေ့ရသည်။

စိတ်မကောင်းစွာဖြင့် အဝတ်စကို ပြန်ဖုံးပြီး အပြင်ထွက်လာတော့ တခြားအခန်းတစ်ခန်းမှ ညည်းညူသံလိုလို ကြားရသဖြင့် ထိုအခန်းဘက်သို့ လျှောက်လာသည်။

သွေးစများ စွန်းပေနေပြီး စုတ်ပြဲနေသော အဝတ်စများ တာထားသော အခန်းတစ်ခန်းမှာတော့ အမျိုးသမီးတစ်ယောက်ကို တွေ့ရသည်။

အဝတ်ကို ကိုယ်တစ်ပိုင်း လွှမ်းထားပြီး ခြေလက်နှစ်ဖက်စလုံး ကြိုးဖြင့် တုပ်ထားသည်။

လက်မောင်းတစ်ဖက်မှာ ဒဏ်ရာတစ်ခု ရှိနေပြီး. . ထိုဒဏ်ရာပေါ်မှာ တရွရွ သွားနေသည့် လောက်ကောင်ကြီးများကို တွေ့ရလေသည်။

လောက်ကောင်ကြီးများက ခွဲစိတ်ထားသောဒဏ်ရာမှ အသားစများကို စားနေကြဟန်ရှိသည်။

ဒေါက်တာမင်းထင်ကျော်က အမျိုးသမီးမျက်နှာကို မီးရောင်ဖြင့် ထိုးကြည့်လိုက်သည်။

"ဟင်. . ."

ထိုအမျိုးသမီးမှာ အခြားသူ မဟုတ်ပေ။

သူ့ဆီသို့ လာရောက်အကူအညီတောင်းခဲ့သော ခင်မေလေးပင်ဖြစ်သည်။

မီးရောင်ကြောင့် ခင်မေလေးမှာ မျက်လုံးပွင့်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



ကြောက်လန့်တကြား အော်ဟစ်ရန် ဟန်ပြင်သဖြင့် ပါးစပ်ကို အသာပိတ်ထားလိုက်ရသည်။

"ခင်မေလေး. . မကြောက်ပါနဲ့၊ ကျွန်တော် ဒေါက်တာမင်းထင်ကျော်ပါ၊ ခင်ဗျားကို ကယ်ပေးမလို့ ရောက်လာတာပါ"

ဟု တိုးတိုးကပ်ပြောလိုက်မှ မျက်လုံးအပြူးသားနှင့် ပြန်ငြိမ်ကျသွားသည်။

ထို့နောက်. . .

သူမလက်မောင်းပေါ်မှ လောက်ကောင်များကို အဝတ်စဖြင့် ဖယ်ရှားကာ ပတ်တီးစည်းပေးလိုက်သည်။

ခြေနှင့်လက်မှာ တုပ်ထားသောကြိုးများကို ဖြည်ပေးလိုက်သည်။ ထိုအခိုက်မှာပင် အပေါက်ဘက်မှ တံခါးဖွင့်သံ ကြားရသည်။ အတွင်းသို့ ဝင်လာသော ခြေသံအချို့ ကြားရသည်။

ခဏကြာတော့ ရေနံဆီ မီးအိမ်ကို မီးထွန်းလိုက်သဖြင့် မီးရောင်များ လင်းလာသည်။

ကြမ်းပြင်အပေါက်များမှတစ်ဆင့် အလင်းရောင်အချို့က အောက်သို့ ရောက်လာသည်။

ဆရာဝန်ကြီးကူးပါး၏ ပုံသဏ္ဌာန်ကို ကြမ်းပြင်ပေါက်မှ တစ်စွန်းတစ်စ မြင်နေရသည်။

ထိုအခါ ခင်မေလေးက ကြောက်လန့်တကြား အော်ဟစ်ရန် ကြိုးစားပြန်သောအခါ ပါးစပ်ကို ပိတ်ထားပြီး အသာငြိမ်နေရန် သတိပေးနေရသည်။





ခဏကြာတော့ မေရီဆွေ အောက်သို့ ဆင်းလာပြီး သူ့အခန်းသို့ ဝင်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်က ခင်မေလေးကို အဝတ်ဖြင့်ပတ်ပြီး ပွေ့ယူရန် ကြိုးစားနေစဉ်မှာ နောက်ဘက်သို့ မေရီဆွေ ရောက်လာသည်။

ဒေါက်တာမင်းထင်ကျော်မျက်နှာကို မြင်တော့ ပါးစပ်အဟောင်းသားဖြစ်နေသည်။

ဒေါက်တာမင်းထင်ကျော်က သူမကို ကြည့်ပြီး အသံမထွက်စေရန် အချက်ပြလိုက်သည်။

သူမကလည်း သဘောပေါက်သွားဟန်ရှိသည်။

ထို့နောက် ခင်မေလေးကို ပွေ့ယူလိုက်သည်။ မေရီဆွေကပင် အနောက်ဘက်မှ ထွက်ရန် လျှို့ဝှက်အပေါက်ရှိရာသို့ လမ်းညွှန်ပြပေးလိုက်သည်။

"မင်းရဲ့ကျေးဇူးကို မမေ့ပါဘူး၊ ကိုယ်တို့ ထပ်တွေ့ကြသေးတာပေါ့"

ဟု ပြောပြီး အပြင်သို့ ထွက်ခဲ့လေသည်။


ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ထုများ ဖုံးလွှမ်းနေလေသည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၂)

## မိစ္ဆာဝိဇ္ဇာနှင့် အစတေးခံ သားကောင်များ

အမှောင်ထုများက ပတ်ဝန်းကျင်တစ်ခုလုံး ဖုံးအုပ်ထားလေသည်။

ဒေါက်တာမင်းထင်ကျော်က ခင်မေလေးကို အဝတ်ဖြင့်ပတ်ကာ ကားဝှက်ထားသောနေရာသို့ သယ်ယူလာလေသည်။ ထိုသို့သယ်ယူလာသောအချိန်မှာပင် ကြောက်လန့်သဖြင့် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေကာ မကြာခဏ အသံထွက်



www.burmeseclassic.com

www.burmeseclassic.com



သည်အထိ ညည်းညူနေလေသည်။

ဒေါက်တာမင်းထင်ကျော်က တဖွဖွ အားပေးစကားပြောရင်း ကားရှိရာသို့ အလျှင်အမြန် လာလေသည်။

ကားမှာ လမ်းနှင့်မနီးမဝေး ချုံများနောက်မှာ ရှိသောကြောင့် ထိုနေရာသို့ ရောက်အောင်လာပြီး ခင်မေလေးကို ကားနောက်ဘက်သို့ အရင်တင်ပေးလိုက်သည်။

"ဘာမှမကြောက်နဲ့နော်. . . မကြာခင်မှာ ဒီအန္တရာယ်တွေက လွတ်တော့မှာပါ"

ထိုသို့ပြောသော်လည်း ခင်မေလေးထံမှ ညည်းညူသံသာ ကြားရလေသည်။

ခင်မေလေးကို ကားပေါ် တင်ပြီး ကားရှေ့ခန်းသို့ ဝင်ထိုင်တော့မှ သော့အိမ်မှာ သော့မရှိမှန်း သိရတော့သည်။ အလာတုန်းက စုံထောက်ကျော်စွာ မောင်းလာသောကြောင့် ကားသော့က ၎င်းထံမှာ ပါသွားဟန်ရှိလေသည်။

ဒေါက်တာမင်းထင်ကျော်က တစ်နေရာမှာ ရှိလေသလားဟု အလောတကြီး ရှာနေစဉ်မှာပင် ကားနံဘေးသို့ အရိပ်မည်းကြီးတစ်ခု ကပ်လာသည်။

ကျော်စွာထင်သဖြင့် လှည့်ကြည့်လိုက်သောအခါမှ မဟုတ်မှန်း သိလိုက်ရသည်။

ရုပ်ပျက်ဆင်းပျက် မျက်နှာကြီးနှင့် ကူးပါးပင်ဖြစ်လေသည်။





ကူးပါးက သူ့လည်ကုပ်ကို ကိုင်ပြီး အောက်သို့ ဆွဲချလိုက်ရာ အောက်သို့ တလိမ့်ခေါက်ကွေး ကျသွားလေတော့သည်။ ထိုအခါမှ ကူးပါးမှာ သာမန်လူတစ်ယောက် မဟုတ်ဘဲ မိစ္ဆာစွမ်းအားများ ဝင်နေကြောင်း သိရတော့သည်။

"ငါ့အလုပ်ကို လာပြီးနှောင့်ယှက်တော့လည်း တမလွန်ကို ပို့ပေးရမှာပေါ့ကွာ"

ဒေါက်တာမင်းထင်ကျော်ကလည်း လွယ်လွယ်နှင့် အလျှော့ပေးတတ်သူ မဟုတ်သောကြောင့် ပြန်လည်တိုက်ခိုက်လေသည်။ သို့သော် သူ၏တိုက်ခိုက်မှုများက ကူးပါးကို မထိရောက်လှဘဲ ကူးပါးလက်ဖြင့် တစ်ချက်ထိလိုက်လျှင်သာ အဝေးသို့ လွင့်စင်ထွက်သွားလေသည်။

နောက်ဆုံး မလွှဲသာတော့သဖြင့် သေနတ်ကို ထုတ်သုံးရလေတော့သည်။

"မိစ္ဆာကောင်ကြီး သေပေတော့"

"ဒိုင်း. . . ဒိုင်း. . . ဒိုင်း"

ကျည်ဆန်များက ကူးပါးကိုယ်တွင်းသို့ ဖောက်ဝင်သွားလေတော့သည်။

သေနတ်ကျည်ဆန် ထိသောအခါ နောက်သို့ အနည်းငယ်ယိုင်သွားသည်မှလွဲပြီး လဲကျမသွားပေ။

ကျည်ဆန်ပေါက်များမှ နီညိုရောင်သွေးများ စီးကျလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကူးပါးက ထိုဒဏ်ရာများကို ငုံ့ကြည့်နေသည်။ ပြီးမှ ဒေါက်တာမင်းထင်ကျော်ကို ကြည့်ပြီး ရယ်ပြသည်။

"သေနတ်နဲ့ ပစ်တာလား၊ ကြိုက်သလောက် ပစ်ပေတော့၊ ငါက သေမှာမဟုတ်ဘူး၊ တစ်ခုတော့ ရှိတာပေါ့ကွာ၊ အသစ်လဲထားတဲ့ နှလုံးတို့ အသည်းတို့ ပျက်စီးသွားတာကတော့ နှမြောစရာပဲပေါ့၊ ဒါပေမယ့် စိုးရိမ်စရာတော့ မရှိပါဘူး၊ တစ်ခု ပျက်စီးသွားတော့လည်း နောက်တစ်ခု အသစ်လဲတပ်တာပေါ့"

ဟု ပြောကာ ရှေ့သို့ တိုးလာပြန်သည်။ ထိုအခိုက်မှာပင် သေနတ်သံကြားသောကြောင့် ကျော်စွာက ကားအနီးသို့ရောက်လာသည်။

ရောက်သည်နှင့် အခြေအနေ မဟန်မှန်း သိသဖြင့် ကားပေါ်သို့ တက်ကာ စက်နှိုးလိုက်သည်။

"ဆရာ. . . ကားပေါ် မြန်မြန်တက်"

ဒေါက်တာမင်းထင်ကျော်က ကျော်စွာ ဖွင့်ပေးသော တံခါးပေါက်မှ ကားထဲသို့ ဝင်လိုက်သည်။

သို့သော် ချက်ချင်း နောက်မှ ကူးပါးရောက်လာပြီး အတင်းဆွဲချနေသောကြောင့် ရင်ဝကို ကန်ထည့်လိုက်လေသည်။

"အင့်. . ."

ကူးပါး လဲကျသွားစဉ်မှာ ကားတံခါးကို ပြန်ပိတ်ကာ မောင်းထွက်ရန် ကြိုးစားသည်။





သို့သော် မလွတ်မလပ်ဖြစ်နေသောကြောင့် ရုတ်တရက် မောင်းထွက်မရဘဲ ရှိနေစဉ် ကူးပါးက အနားရောက်လာပြီး တံခါးဖွင့်ရန် ကြိုးစားသည်။

မရတော့ မှန်တံခါးများကို ရိုက်ခွဲပစ်သည်။

"ခွမ်း. . . ခွမ်း. . . ခွမ်း"

ကျော်စွာက သစ်ပင်များကြားမှ ကားမောင်းထွက်ရန် ကြိုးစားတော့ ရှေ့မှ ပိတ်ကာထားသည်။

သို့ကြောင့် လီဗာကို မြှင့်ပြီး အရှိန်ဖြင့် ဆောင့်တိုက်ချလိုက်သည်။

"ဒုန်း. . . ဝုန်း"

ကူးပါးမှာ လမ်းပေါ်သို့ လဲကျသွားသည်။

ကျော်စွာကလည်း အရှိန်မလျှော့တော့ဘဲ ကိုယ်ပေါ်မှ နင်းပြီး ဖြတ်ကျော်မောင်းနှင်သွားလေတော့သည်။

အတန်ကြာတော့ လမ်းမကြီးပေါ် ရောက်သွားကာ ဆက်မောင်းသွားလေတော့သည်။

တောထဲမှာတော့ ကူးပါးတစ်ယောက် လမ်းပေါ်မှာ လဲကျန်ခဲ့လေသည်။

သူသည် အတန်ကြာအောင် ငြိမ်နေပြီးမှ တဖြည်းဖြည်း ပြန်ထလာသည်။

ကားကြိတ်သွားသောကြောင့် လည်ပင်းရိုး ကျိုးကာ ဇက်က တစ်ဖက်သို့ စောင်းကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ဦးခေါင်းကို လက်နှစ်ဖက်ဖြင့် ကိုင်ပြီး ပြန်တည့်လိုက်သည်။

"ဂျွတ်. . . ဂျွတ်. . . ဂျွတ်"

အရိုးချင်း ထိသံများ ပေါ်လာပြီး ဇက်က ပြန်တည့်သွားလေသည်။

သို့သော် မျက်လုံးတစ်ဖက် ပျက်သွားသောကြောင့် ထိုနေရာမှ သွေးများ စီးကျနေလေသည်။

ကူးပါးက ဒယိမ်းဒယိုင်ဖြင့် ဇင်းနေသောအိမ် ရှိရာသို့ ပြန်လျှောက်သွားလေသည်။

အိမ်အတွင်းမှာတော့ မေရီဆွေတို့ မိသားစုသုံးယောက်မှာ ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ရှိနေကြသည်။

မကြာခင် သူတို့အတွက် အန္တရာယ်ဆိုးကြီးတစ်ခု ကျရောက်လာတော့မည်ဟုလည်း ကြိုတင်သိနေကြသည်။

သို့သော်လည်း ထိုညမှာ သူတို့ဆီသို့ မည်သို့သော အန္တရာယ်မှ ရောက်မလာဘဲ ငြိမ်သက်နေလေသည်။

ညဥ့်နက်ပိုင်း ရောက်တော့မှ မေရီဆွေ အိပ်နေသော အခန်းတွင်းသို့ မည်းမည်းသဏ္ဌာန်ကြီး ဝင်လာတော့သည်။

လူတစ်ယောက်ကဲ့သို့ အကောင်အထည်ဖြင့် ဝင်လာခြင်းမဟုတ်ဘဲ မီးခိုးငွေ့များကဲ့သို့ ဝိညာဉ်ဘဝဖြင့် ဝင်လာခြင်းဖြစ်သည်။

ဝင်လာသောဝိညာဉ်မှာ ကူးပါး၏ဝိညာဉ်ပင် ဖြစ်တော့သည်။





အခန်းထဲ ရောက်သောအခါ ထိုဝိညာဉ်က အိပ်ပျော်နေသည့် မေရီဆွေ ခန္ဓာကိုယ်အတွင်းသို့ ဝင်သွားလေတော့သည်။

ခဏကြာတော့ မေရီဆွေမှာ အိပ်ရာမှ ထလာသည်။ ယခုအခါမှာတော့ မေရီဆွေကိုယ်ခန္ဓာနှင့် ကူးပါး၏ ဝိညာဉ်စိတ်၊ အသိစိတ်မျိုး ဖြစ်နေတော့သည်။

သူမ အမူအရာမှာလည်း ဘာကိုမှ သတိမရတော့ဘဲ နောက်မှ တစ်စုံတစ်ယောက်က စေခိုင်းသည့်အတိုင်း လုပ်ပေးနေရသော သံပတ်ပေးထားသည့် စက်ရုပ်ပမာ ရှိနေတော့သည်။

သူမသည် ဆေးပုလင်းများ ထားသောနေရာမှ မေ့ဆေးပုလင်းကိုယူလာပြီး ဖခင်ဖြစ်သူ ရာဂျူး အိပ်နေရာသို့ လျှောက်သွားကာ နိုးလိုက်သည်။

ရာဂျူး နိုးလာသောအခါ မေ့ဆေးကို တိုက်လိုက်သည်။

ရာဂျူးကလည်း သမီးဖြစ်သူ တိုက်သဖြင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ သောက်ချလိုက်ရာ ခဏကြာတော့ မေ့ပြီး အိပ်ပျော်သွားလေတော့သည်။

ထိုအခါမှ ခွဲစိတ်ကိရိယာများ ယူလာပြီး ရာဂျူးရင်ဘတ်ကို ခွဲကာ အသည်းနှင့်နှလုံးကို ထုတ်ယူလိုက်သည်။

မေရီဆွေမှာ ဆေးပညာ တတ်ကျွမ်းသူတစ်ယောက်တော့ မဟုတ်ပါချေ။

သို့စေကာမူ ယခုအချိန်မှာတော့ သူမအနေဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကြီးတစ်ယောက်ကဲ့သို့ မည်သို့မည်ပုံ ပြုလုပ်ရမည်ကို စိတ်ထဲမှ အလိုလို သိနေတော့သည်။

ရာဂျူးကိုယ်မှ နှလုံးနှင့်အသည်းကို ထုတ်ယူပြီးသော အခါ ကူးပါးရှိသော အခန်းဘက်သို့ လျှောက်သွားလေသည်။

ခွဲစိတ်စင်ပေါ်မှာတော့ ကူးပါးက ပက်လက်အနေ အထားဖြင့် ရှိနေသည်။

သူသည် အိပ်ပျော်နေသကဲ့သို့ မလှုပ်မယှက် ငြိမ်သက် စွာ ရှိနေလေသည်။

မေရီဆွေက ကူးပါးရင်ဘတ်ကို ဓါးဖြင့် ခွဲသည်။ နီညို ရောင်သွေးများက အောက်သို့ စီးကျလာသည်။

ရင်ဘတ်ကို ခွဲပြီး သေနတ်ကျည်ဆန်ထိပြီး ပျက်စီးနေ သောနှလုံးနှင့် အသည်းတို့ကို ဖယ်ပစ်လိုက်ပြီး ရာဂျူးကိုယ်မှ ထုတ်ယူလာသော အသည်းနှလုံးတို့ကို အစားထိုး တပ်ပေး သည်။

ပိုးချည်ကြိုးဖြင့် ချုပ်ပေးပြီး နေသားတကျဖြစ်သော အခါ အဝတ်ဖြူစဖြင့် အပေါ်မှလွှမ်းပေးကာ အခန်းတွင်းမှ ပြန် ထွက်လာသည်။

ထို့နောက်မှာတော့ သူမအခန်းသို့ ပြန်ရောက်သွားကာ မူလအတိုင်း ပြန်လည်အိပ်ပျော်သွားလေတော့သည်။

သူမ အိပ်ပျော်သွားပြီး မကြာခင် ဝိညာဉ်ဖြူက ပြန် ထွက်သွားကာ ကူးပါးကိုယ်ခန္ဓာအတွင်းသို့ ပြန်ဝင်သွားလေ





သည်။

ထိုနည်းဖြင့် ကူးပါးမှာ သူ့ကိုယ်ခန္ဓာကိုယ်အတွက် လို အပ်သော ခွဲစိတ်မှုများကို ပြုလုပ်လေ့ရှိသည်။

သူ၏ဝိညာဉ်နှင့် တစ်စုံတစ်ယောက်၏ခန္ဓာကိုယ်ကို အသုံးချခြင်းဖြစ်သည်။

ယခင် ရာဂျူး ကျွန်းမာစဉ်ကတော့ သူ့ကို အသုံးချခဲ့ပြီး သူ မကျန်းမမာ ဖြစ်လာသောအခါ မေရီဆွေကို အသုံးချခဲ့လေ သည်။

မေရီဆွေခမျာမှာတော့ အိပ်ပျော်နေဆဲပဲ ရှိနေသေးပြီး ဘာမှမသိရှာပေ။

အာရုဏ်တက်ချိန် ရောက်သောအခါ ကူးပါးတစ် ယောက် သတိပြန်ရလာသည်။

သူသည် နေရာမှထထိုင်ပြီး အပေါ်မှ အဝတ်ကြီး ဖယ် စ်လိုက်သည်။

ဝမ်းဗိုက်မှ ခွဲစိတ်ထားသောဒဏ်ရာကို ငုံ့ကြည့်လိုက် သည်။ ထိုနေရာမှ သွေးများ စို့ထွက်နေဆဲပင် ရှိသေး၏။

“ပျက်စီးသွားတဲ့နှလုံးနဲ့ အသည်းတော့ ပြန်လဲပြီးသွားပြီ၊ နှလုံးတစ်ဖက်ပဲ ကျန်သေးတယ်၊ ဒါက ကိစ္စမရှိပါဘူးလေ၊ နောက်ထပ်သားကောင် ရှာတွေ့တော့မှပဲ လဲယူရမှာပဲ၊

အင်း. . . ရာဂျူးအတွက်တော့ စိတ်မကောင်းပါဘူး၊ တခြားသားကောင် ရှာရမယ့်အချိန် မရှိတော့ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုပဲ အသုံးချလိုက်ရတော့တယ်"

ဟု ရေရွတ်နေလေတော့သည်။

မေရီဆွေခမျာမှာတော့ နောက်တစ်နေ့ အိပ်ရာမှ ပြန်နိုး လာသောအခါ ရင်ဘတ်ဟောင်းလောင်းပွင့်ကာ အသက်သေ ဆုံးနေသော ရာဂျူးကို မြင်ရသောအခါ များစွာစိတ်ထိခိုက်မှု ဖြစ်မိလေသည်။

ထိုအခါ ဒေါ်မာလီက ပြောသည်။

"ဒီလိုဖြစ်သွားတာ သူ့အတွက် ပိုကောင်းပါတယ်၊ မိစ္ဆာ ဝိညာဉ်လှောင်အိမ်ထဲမှာ နေရတာနဲ့စာရင် သေသွားတော့ ပိုပြီး လွတ်လပ်သွားတာပေါ့၊

သူ့အလှည့်ပြီးရင် တစ်နေ့ကျရင် ငါတို့သားအမိ အလှည့်ပဲ ကျန်တော့တယ်"

မေရီဆွေကတော့ အံကို တင်းတင်းကြိတ်ထားလေ သည်။

ညက သူမ ဘာတွေလုပ်ခဲ့မိသည်ကို မမှတ်မိတော့ သော်လည်း လက်နှစ်ဖက်မှာ စွန်းပေနေသော သွေးများကို မြင်သောအခါ ရိပ်မိသလိုတော့ ရှိလေသည်။

သို့သော်လည်း မည်သို့မည်ပုံ ပြုလုပ်ခဲ့သည်ကိုတော့ ဘာမှ မမှတ်မိပေ။

စိတ်ထဲ၌မူ သူမဖခင်ရာဂျူး သေဆုံးရသည်မှာ ကူးပါး လက်ချက်ဖြစ်မှန်းတော့ စိတ်ထဲမှ သိနေသည်။





သူမအနေဖြင့် ကူးပါးကို လက်စားချေရန်အတွက် တစ် ယောက်တည်းနဲ့တော့ မဖြစ်ပေ။

သို့ကြောင့် အခွင့်ကောင်း စောင့်ရန်သာ စိတ်ထဲမှ ကျိတ်ကာ ဆုံးဖြတ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၃)

# ဦးသူတော်နှင့် ဂမုန်းနတ်မှော်ဝင်ကြိုး

ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာတို့နှစ်ယောက်မှာ အန္တရာယ်မှ·လွတ်မြောက်လာခဲ့ပြီးနောက် ဒဏ်ရာများဖြင့် သတိမေ့နေသော ခင်မေလေးအား ဆေးရုံသို့ ပို့ပေးရလေသည်။

ဆရာဝန်ကြီး ဦးမင်းဟန်ကို အကျိုးအကြောင်း ပြောပြီး ဂရုတစိုက် ကုသပေးသောကြောင့် နောက်တစ်နေ့ နံနက်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



အချိန်တွင် သတိပြန်ရလာသည်။

ညကလောက် အခြေအနေ မဆိုးတော့ဘဲ ပုံမှန်အခြေအနေအတိုင်း ပြန်ဖြစ်လာလေသည်။

ဒေါက်တာမင်းထင်ကျော်ကို မြင်သောအခါ မျက်ရည်အဝိုင်းသားဖြင့် ကျေးဇူးတင်စကား ဆိုလေသည်။

"ဆရာ့ကို ကျေးဇူးတင်ပါတယ် ဆရာရယ်၊ ကျွန်မတော့ ဒီသေဘေးက မလွတ်တော့ဘူးလို့တောင် ထင်နေမိတာပါ။ ကြောက်စရာကောင်းလိုက်တာတော့ ပြန်မပြောဝံ့လောက်အောင်ပါပဲ"

"ဒါထက် အဲဒီနေရာကို ဘယ်လိုရောက်သွားခဲ့တာလဲ"

"ကျွန်မလည်း မမရဲ့သတင်းကို လိုက်ပြီး မေးမြန်းစုံစမ်းရင်းနဲ့ အမျိုးသမီးတစ်ယောက်နဲ့ တွေ့ရတယ်၊ သူက မမရဲ့သတင်းကို ပြောပြမယ်ဆိုပြီး တစ်နေရာကို ခေါ်သွားရင်းက သတိမေ့သွားခဲ့တာပါ"

"နောက်တော့ ဘယ်လိုဆက်ဖြစ်သလဲ"

"သတိပြန်ရလာတော့ စင်တစ်ခုပေါ်မှာ မလှုပ်သာအောင် ကြိုးတွေနဲ့ တုပ်ထားတာကို တွေ့ရတော့တာပါပဲ၊ ကျွန်မလည်း အော်ဟစ်ပြီး အကူအညီတောင်းကြည့်ပါသေးတယ်၊ ဘယ်သူမှ ကြားပုံမရပါဘူး"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။

"နောက်တော့ မျက်နှာပေါ်မှာ ချုပ်ရိုးတွေ အပြည့်ရှိတဲ့





ကြောက်စရာကောင်းတဲ့ လူကြီးတစ်ယောက် ရောက်လာပါတယ်၊ သူ့ကြည့်ရတာ လူနဲ့ မတူလှဘူး၊ သရဲသဘက်နဲ့ တူနေတော့တယ်"

"အင်း. . . ပြောပါဦး"

"သူက ကျွန်မလက်မောင်းကို ဖောက်ပြီး သွေးတွေစုပ်ယူပါတယ်၊ ပြီးတော့ ဒဏ်ရာပေါ်ကို လောက်ကောင်တွေတင်ပေးခဲ့ပြီး ပြန်ထွက်သွားတာပါပဲ၊ ကျွန်မလည်း ကြောက်လွန်းလို့ သတိမေ့သွားခဲ့ပြီး ညက ဆရာရောက်လာတော့မှပဲ သတိပြန်ရလာတာပါပဲ"

"မင်း အတော်လေး ကံကောင်းတာပေါ့"

"ရှင်. . . ဒီလောက်ကြောက်စရာကောင်းတဲ့ အဖြစ်မျိုးနဲ့ ကြုံခဲ့ရတာတောင်မှ ကံကောင်းတယ် ဟုတ်လား"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။

"ကံကောင်းတာပေါ့. . . အခြားသူတွေဆိုရင် အဲ့ဒီနေရာ ရောက်ပြီးရင် ဗိုက်ခွဲပြီး နှလုံး၊ အသည်း၊ ကျောက်ကပ်တွေ ထုတ်ယူခံကြရလို့ သေတာ အတော်များနေပြီ၊ မင်းက သွေးပဲ ဖောက်ယူခံရတာဆိုတော့ အခုချိန်ထိ အသက်ရှင်နေသေးတာ ကံကောင်းတာပေါ့"

ခင်မေလေးက မျက်လုံးအပြူးသားဖြင့် ကြည့်နေလေသည်။

"ပြောရမှာတော့ စိတ်မကောင်းစရာပါပဲ၊ မင်းရဲ့အစ်မ



www.burmeseclassic.com

www.burmeseclassic.com



ခင်မေကြီးလည်း ဒီနေရာရောက်ခဲ့ပြီးမှ သေခဲ့ရတာပါပဲ"

"ဟင်. . . ဒါဖြင့် ကျွန်မအစ်မ သေသွားခဲ့ပြီပေါ့။ ဘယ်သူသတ်တာလဲဟင်"

"မင်းကိုယ်ထဲက သွေးဖောက်ယူတဲ့ မိစ္ဆာကောင်းကြီးပဲ သတ်လိုက်တာပါပဲ"

ခင်မေလေးက မျက်ရည်များ ဝိုင်းတက်လာသည်။ သူမအတွက် အနည်းငယ် ကျန်နေသေးသော မျှော်လင့်ချက်ကလေးပင် ပျက်စီးသွားသကဲ့သို့ ရှိလေသည်။

"ကျွန်မအစ်မကို နောက်ဆုံးအလောင်းကိုတောင် မမြင်လိုက်ရဘူး"

"ဒီအတွက်တော့ စိတ်မကောင်းဖြစ်မနေပါနဲ့တော့၊ မင်းအခုလို အန္တရာယ်တွင်းက ပြန်လည်လွတ်မြောက်လာတာကိုပဲ ဝမ်းသာရမှာပါ"

ဟု ပြောဆိုနှစ်သိမ့်ပြီးနောက် အပြင်သို့ ပြန်ထွက်လာလေသည်။

အပြင်ဘက်ရောက်သောအခါ ကျော်စွာနှင့် တိုင်ပင်ကြသည်။

"ကျွန်တော်တို့ ဘယ်လိုလုပ်မလဲ ဆရာ၊ စခန်းက ပုလိပ်တွေပါ ခေါ်ပြီး ဝိုင်းဖမ်းရင် မကောင်းဘူးလား"

"ဒီလိုလုပ်ဖို့ မသင့်သေးဘူးထင်တယ်၊ သူ့ဆီမှာ ဖမ်းထားတဲ့သူတွေလည်း ရှိပုံရတယ်၊ နောက်တစ်ချက်က ကျွန်တော်





တို့ ရင်ဆိုင်ရမယ့် တရားခံဟာ သာမန်လူတစ်ယောက် မဟုတ်တော့ဘူး၊ မိစ္ဆာဘဝ ရောက်နေတဲ့သူဖြစ်နေပြီ"

"ဒီတော့ ဘယ်လိုလုပ်ကြမလဲ"

"ဒီလို မိစ္ဆာစိတ် ဝင်စီးနေတဲ့သူဆိုတာ ဖုတ်ဝင်နေတဲ့သူလိုပဲ၊ သူတို့ကို သာမန်လက်နက်တွေနဲ့ သတ်လို့ မသေနိုင်တော့ဘူး"

ထိုစကားကြားသောအခါ စုံထောက်ကျော်စွာမှာ အံ့ဩသွားလေသည်။

"ဒါကြောင့် ညက ဆရာ သေနတ်နဲ့ပစ်တာကို မသေဘဲ ချက်ချင်းပြန်ထလာနိုင်တာကိုး၊ ဒီတော့ သူ့ကိုသတ်ဖို့ ဘယ်လိုလက်နက်မျိုး သုံးရမလဲ"

"သိဒ္ဓိရှိတဲ့ အစီအရင်လက်နက်မျိုးတွေ သုံးမှရနိုင်မယ်"

"အဲဒီလက်နက်မျိုးက ဘယ်နေရာမှာ ရနိုင်မလဲဆရာ"

"အစီအရင် ကျွမ်းကျင်တဲ့သူမျိုးဆီမှာ အကူအညီတောင်းရမှာပါ၊ မင်းမြေကုန်းဘက်မှာ ကျွန်တော့်မိတ်ဆွေ ဦးဇန်ကောင်း ရှိတယ်၊ သူ့ဆီ သွားကြရမယ်"

ဟု ပြောဆိုတိုင်ပင်ပြီးနောက် ကားဖြင့် ဦးဇန်ကောင်းရှိသောနေရာဘက်သို့ သွားကြလေသည်။

သူတို့ ရောက်သွားသောအခါချိန်တွင် ဦးဇန်ကောင်းတစ်ယောက်တည်း မဟုတ်ဘဲ ဖိုးသူတော်ကြီးပါ ရောက်နေသည်ကို တွေ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ထင်ကျော်တို့ပါလား. . . ဘယ်လိုအကြောင်းကိစ္စရှိလို့ ရောက်လာကြတာလဲ"

"ဦးဇန်ကောင်းဆီမှာ အကူအညီတောင်းချင်လို့ လာတာပါ"

"အချင်းချင်းတွေပဲ. . . အကြောင်းရှိရင်တော့ အကူအညီ ပေးရမှာပေါ့။ ဘယ်လိုအကူအညီမျိုး လိုချင်တာလဲ"

ဒေါက်တာမင်းထင်ကျော်က ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်လေသည်။

ဦးဇန်ကောင်းက ကွမ်းတမြုံ့မြုံ့ ဝါးကာ နားထောင်နေပြီးမှ မှတ်ချက်ချသည်။

"ဒါဖြင့် ဟိုတလောက ဒီနားတစ်ဝိုက်မှာ လာပစ်သွားတဲ့ မိန်းကလေးလည်း သူတို့လက်ချက်ပဲ မဟုတ်လား. . . အတော်ယုတ်မာတာပဲ"

ထိုအခါ ဖိုးသူတော်ကြီးကပါ ဝင်ပြောသည်။

"ဒါမျိုးက လွယ်လွယ်နဲ့ သုတ်သင်လို့မရဘူး၊ မိစ္ဆာစာတ်ဝင်နေပြီဆိုရင် ဘယ်လိုဖျက်ဆီးလို့မှ မရတော့ဘူး သူ့ကိုနိုင်တာ တစ်ခုပဲရှိတယ်"

"ဘာများပါလိမ့်"

"အစီအရင်နဲ့ ပြုလုပ်ထားတဲ့ မှော်ဝင်ကြိုးနဲ့ သတ်မှပဲ ရနိုင်တယ်"

"မှော်ဝင်ကြိုးဆိုတာ ဘယ်လိုမျိုးလဲ. . . ရှင်းပြပါဦး"





ဖိုးသူတော်ကြီးက ကြမ်းပေါ်မှာ ချထားသော လက်ဖက်ရည်ကြမ်းပန်းကန်ကို ယူ၍ တစ်ငုံသောက်လိုက်ပြီးမှ ပြောပြသည်။

"မှော်ဝင်ကြိုးဆိုတာ ဂမုန်းနက်နဲ့ စီရင်ထားတဲ့ကြိုးမျိုးပဲ၊ ဂမုန်းနက်ကိုတော့ သိကြတယ်မဟုတ်လား"

"ဟုတ်ကဲ့. . . ကြားဖူးပါတယ်"

"သေသေချာချာတော့ မသိကြဘူးမဟုတ်လား၊ ဗဟုသုတ ဖြစ်အောင် ဂမုန်းနက်နဲ့ ပတ်သက်တဲ့အစီအရင်ကို ပြောပြမယ်"

ဟု အစပျိုးကာ အောက်ပါအစီအရင်တို့ကို ပြောပြသည်။

ဂမုန်းနက်မှာ ဆိပ်ဖူးပင်နှင့် အပင်အရွက် ပုံသဏ္ဌာန်တူပြီး တစ်ပင်လုံး အနက်ရောင်ဖြစ်သည်။

အရွက်ကြောများပင် အနက်ရောင်ရှိသည်။

ထိုဂမုန်းနက် ပွင့်ပါက လေညာဘက်မှ ပွင့်လျှင် လေအောက် တစ်မိုင်နှစ်မိုင်အထိ ရနံ့ရောက်သည်။

ထိုရနံ့သွားရာတစ်လျှောက် ပတ်ဝန်းကျင်တစ်ဝိုက်မှာ ရှိသော နတ်မိစ္ဆာ၊ ဖုတ်သရဲတစ္ဆေ၊ ကျတ်၊ မှင်စာ၊ မကောင်းဆိုးဝါးတို့ မနေနိုင်ဘဲ ထွက်ပြေးကြရသည်။

အပင်က ဆိပ်ဖူးပင်နှင့် တူသော်လည်း အမြစ်နှင့်ဥတို့မှာ နနွင်းခေါင်း၊ နနွင်းဥနှင့် ပုံသဏ္ဌာန် တူလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့စေကာမူ အတွင်းသားကမူ နန္ဒင်းသားကဲ့သို့ အဝါရောင် မဟုတ်ဘဲ အနက်ရောင်ဖြစ်သည်။

နန္ဒင်းရနံ့မျိုး မဟုတ်ဘဲ ရနံ့က မွှေးကြိုင်သင်းပျံ့၏။

ထိုရနံ့ကို သမ္မာဒေဝနတ်များက လိုလားနှစ်သက်မှု ရှိသလောက် မကောင်းသောမိစ္ဆာများကတော့ ကြောက်ရွံ့တတ်ကြသည်။

ထိုရနံ့ ရှိသောအရပ်မှာပင် မနေဝံ့ကြပေ။

ဂမုန်းနက်ဥကို သွေးပြီး ကိုယ်မှာလိမ်းထားပါက မကောင်းသောမိစ္ဆာများ အနားမကပ်နိုင်ကြသည်သာမက မှက်၊ ခြင်၊ ယင် စသောပိုးမွှားများပင် မကိုက်မထိဝံ့ကြချေ။

ရေထဲသို့ သွားလျှင် မိကျောင်း၊ ငမန်း စသောတိရစ္ဆာန်များ အဝေးသို့ ပြေးကြသည်။

တောထဲသို့ဝင်ပါက ကျား၊ ဆင်၊ ခြင်္သေ့တို့ အနားမလာဝံ့ပဲ အဝေးမှပင် ရှောင်သွားကြသည်။

မြွေဆိုးများ ဆိုပါကလည်း ရနံ့ရသည်နှင့်ပင် အနားကပ်ဝံ့ဖို့ မဆိုထားနှင့် ပတ်ဝန်းကျင်မှာပင် မနေဝံ့ကြပေ။ အခြားမကောင်းသော မိစ္ဆာမှန်သမျှလည်း အနီးသို့ မလာဝံ့ကြပေ။

ဂမုန်းနက်ကို မဟာပိန္နဲရုပ်တု ပြုလုပ်ကာ ဆောင်ကြသူများလည်း ရှိသည်။

ပြုလုပ်ပုံမှာ ဤသို့ဖြစ်သည်။

တင်ပျဉ်ခွေ ပုံသဏ္ဌာန်ဖြစ်ပြီး ဘယ်လက်က နှာမောင်း





ကိုကိုင်ထားပြီး ယာဖက်လက်က သန်လျက်ကိုင်ထားသော ဟန်မျိုးဖြစ်သည်။

ရုပ်တုအတွင်း၌ သရီဓာတ်တော်သုံးဆူ ဌာပနာထည့်ပြီး သစ်စေးခုနစ်ထပ်၊ ရွှေခုနစ်ထပ် ချရသည်။

ရုပ်တုစီရင်ပြီးပါက ရွှေကြုတ်သို့ ထည့်ပြီး အောက်ပါဂါထာဖြင့် သိဒ္ဓိတင်ရသည်။

သိဒ္ဓိတင်ရန် ဂါထာမှာ. . .

"ဥုံ. မဟာပိန္နဲ တရလေတေတိ ညာဏ်. . .၊

မဟာရာဇာ. . . အမောင်ရသေ့ရှစ်သောင်း

အံ့ဆရာအံ့ ၊ မှိုင်ဆရာမှိုင်. . . . ."

ဟူ၍ဖြစ်သည်။

ဤဂါထာမန္တန်ကို ရေပေါ်မှာ ဖောင်ဖွဲ့ပြီး အကြိမ်တစ်ထောင်၊ သချိုင်းမှာ အကြိမ်တစ်ထောင်၊ လမ်းဆုံမှာ အကြိမ်တစ်ထောင်၊ အထိကရသစ်ပင်မှာ အကြိမ်တစ်ထောင်၊ နတ်ကြမ်းသောနေရာမှာ အကြိမ်တစ်ထောင်၊

ရွတ်ဆိုပူဇော် သိဒ္ဓိတင်ပြီး ရွှေကြုတ်နှင့် သွားလေရာဆောင်ပါက ဖုတ်၊ တစ္ဆေ၊ သရဲသဘက်၊ ကျတ်၊ မှင်စာတို့ကိုနှင့် ကောင်းစွာနိုင်လေသည်။

ဤင်းစီရင်သောအချိန်တွင် သိမ်ဝင်ပရိတ်ကြိုးကို ခုနစ်ခွေ ရစ်ပြီး တစ်ပါးတည်း သိဒ္ဓိတင်ပါက ထိုချည်ကြိုးမှာ မှော်ဝင်ကြိုး ဖြစ်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မှော်ဝင်ကြိုးမှာလည်း ဂမုန်းနက်ဖြင့် စီရင်ထားသော မဟာပိန္နဲရုပ်တုကဲ့သို့ပင် များစွာအစွမ်းထက်လေသည်။

မိစ္ဆာရှိသောနေရာသို့ ထိုကြိုးဖြင့် ရစ်ဝိုင်းထားပါက မိစ္ဆာအဝေးမပြေးနိုင်တော့ဘဲ လောကမှ တစ်ခါတည်း ပျောက်ကွယ်သွားစေနိုင်သော အစွမ်းသတ္တိ ရှိလေသည်။

ဖိုးသူတော်ကြီးက အခြားအသုံးချနိုင်သော အစွမ်းများကိုပါ ပြောပြပြီးနောက် စကားကို အဆုံးသတ်လိုက်လေသည်။

"ဦးသူတော်ရဲ့ဂမုန်းနက်နဲ့ စီရင်ထားတဲ့မှော်ဝင်ကြိုးက အစွမ်းထက်တာကတော့ ဟုတ်ပါပြီ၊ ဒါပေမယ့် လော်လောဆယ် ဂမုန်းနက်ရဖို့က မလွယ်ဘူးထင်တယ်"

"မှန်တာပေါ့. . . သိဒ္ဓိရှိတဲ့ဂမုန်းတွေက လူတွေနဲ့နီးတဲ့ နေရာတွေမှာ နေလေ့မရှိဘူး၊ ဟိမဝန္တာမှာပဲ နေကြတာ များတယ်၊ (၃)နှစ်တစ်ကြိမ်၊ (၇)နှစ်တစ်ကြိမ်၊ (၁၀)နှစ်တစ်ကြိမ် လောက်မှသာ လူတွေရှိတဲ့နေရာကို ပြန်လာလေ့ရှိကြတော့ သာမန်လူတွေရဖို့ ဘယ်မှာလွယ်ပါတော့မလဲ"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်တို့ နှစ်ယောက်မှာ များစွာစိတ်ပျက်သွားကြလေသည်။

ဖိုးသူတော်ကြီး ပြောနေသောစကားများမှာ အမှန်ဖြစ်ကြောင်း စာထဲမှာ ဖတ်ဖူးသောကြောင့် ဂမုန်းနက် ရဖို့ကိစ္စမှာ မျှော်လင့်ချက် မရှိတော့သလောက် ဖြစ်သွားလေသည်။

"ဂမုန်းနီ၊ ဂမုန်းဖြူ၊ ဂမုန်းနက် စတဲ့သိဒ္ဓိရှိတဲ့ ဂမုန်း





တွေက လူတွေနဲ့ နီးတဲ့နေရာမျိုးမှာ နေလေ့မရှိဘူး၊ ဒီမှာတွေ့နေ တဲ့ ဂမုန်းဖြူ ဂမုန်းနီ ဂမုန်းနက်ဆိုတာတွေက အတုတွေ များပါ တယ်"

"ဘယ်လိုအတုမျိုးလဲ ဦးသူတော်"

"ဂမုန်းပင် အစစ်တစ်ပင်ရဲ့အနီးပတ်ဝန်းကျင်မှာ သူနဲ့ ပုံသဏ္ဍာန်တူ အရိုး၊ အရွက်၊ အရောင်ရော အဆင်းရန့်ပါတူတဲ့ ဂမုန်းအတုအယောင်တွေက အများကြီး ဝန်းရံပြီး ပေါက်နေလေ့ ရှိတယ်"

"အတုနဲ့အစစ်က ဘယ်လိုကွာသလဲ ဦးသူတော်"

"အစစ်က သိဒ္ဓိရှိတယ်၊ အတုတွေက သိဒ္ဓိမရှိဘူးပေါ့၊ ဒါပဲ ကွာပါတယ်"

"ဒါဖြင့် ဂမုန်းပင်အစစ် ရအောင် ဘယ်လိုရှာရမယ် မလဲ"

"ပါရမီနဲ့ အကျင့်သီလ ကောင်းဖို့ လိုတာပေါ့၊ သိဒ္ဓိရှိတဲ့ ဂမုန်းပင်တွေက သာမန်လူတွေ ဘယ်တော့မှ မရနိုင်ဘူး၊ ရရင် လည်း အစစ်တစ်ပင်ရဲ့နံဘေးမှာ ဝန်းရံပေါက်နေတဲ့ အတုပင် တွေပဲ ရလေ့ရှိကြတယ်၊ ဘာကြောင့်လဲဆိုတော့ သိဒ္ဓိရှိတဲ့ ဂမုန်း ပင်အစစ်က တစ်နေ့ရာတည်းမှာ အကြာကြီး နေလေ့မရှိကြဘူး"

"မှန်ပါတယ်"

"အချိန်စေ့တာနဲ့ ဟိမဝန္တာကို ပြန်သွားတာ များပါတယ်၊ သိဒ္ဓိရှိတဲ့ဂမုန်းပင် ပြန်သွားရင်လည်း နံ့ဘေး [illegible]

www.burmeseclassic.com



ကာကွယ်ထားပေးကြတဲ့ အတုပင်တွေကတော့ နေရာမှာပဲ ကျန်ခဲ့ကြတယ်၊ အဲဒီအပင်တွေကို ရှာတွေ့တဲ့အခါမှာ ဂမုန်းပင် အစစ်ကို ရှာတွေ့တယ်လို့ ထင်ကြတာပဲ”

ဟု ရှင်းပြတော့မှ ဒေါက်တာမင်းထင်ကျော်တို့ နှစ်ယောက်မှာ သဘောပေါက်သွားကြတော့သည်။

ထို့အတူ သူတို့အလိုရှိသော မှော်ဝင်ကြိုးလည်း ဘယ်နည်းနှင့်မှ ရနိုင်တော့မည်မဟုတ် ဟုလည်း တွေးလိုက်မိကြသည်။

ထိုအခါ ဖိုးသူတော်ကြီးက ဆက်ပြောသည်။

“ဒီလောက်လည်း စိတ်ပျက်မသွားကြပါနဲ့၊ မောင်ရင်တို့ နှစ်ယောက်လိုချင်တဲ့ မှော်ဝင်ကြိုးရဖို့ ကျုပ်အကူအညီပေးနိုင်ပါတယ်”

“ဟင်. . . ဦးသူတော်ကြီးက အကူအညီပေးနိုင်တယ် ဟုတ်လား၊ ဘယ်လိုအကူအညီပေးမှာလဲဟင်”

“ကျုပ်ဆီမှာ မှော်ဝင်ကြိုး ရှိပါတယ်၊ ကျုပ်က နေရာအနှံ့ လျှောက်သွားနေရင်းကနေ ရခဲ့တာပါ”

“ဘယ်လိုရခဲ့တာလဲဟင်”

“ပုပ္ပါးတောင်ဘက် ရောက်တော့ ပုဂ္ဂိုလ်တစ်ဦးက ဂမုန်းနက်နဲ့ အစီအရင်တစ်ခု လုပ်နေတာကို ကြုံကြိုက်ခဲ့တယ်၊ ကျုပ်က သူ့ကို အကူအညီပေးခဲ့တော့ သူက ကျုပ်အတွက် မှော်ဝင်ကြိုး စီရင်ပေးခဲ့တာပါ”





ထိုစကားကြားသောအခါ နှစ်ယောက်သား စိတ်သက်သာရာ ရသွားကြလေသည်။

“ဒီမှော်ဝင်ကြိုးက ကျုပ်သွားလေရာ ဆောင်ထားတဲ့ကြိုးပါ၊ ကျုပ်က ခြေဦးတည့်ရာ နေရာအနှံ့ လျှောက်သွားနေတဲ့သူဆိုတော့ မိစ္ဆာတွေနဲ့ မကြာခဏ တွေ့ကြုံရလေ့ရှိတယ်၊ မှော်ဝင်ကြိုးပါတော့ သူတို့ အနှောင့်အယှက် မပေးနိုင်ကြဘူးပေါ့”

ထိုသို့ပြောပြီး သူ့ကိုယ်ပေါ်မှာ ရုံထားသော ကိုယ်ရုံအဝတ်ထည်တစ်နေရာတွင် အိတ်ဖြင့် ထည့်ချုပ်ထားသော ကြိုးခွေတစ်ချောင်းကို ထုတ်ပေးလေသည်။

ထိုကြိုးခွေမှာအပ်ချည်ကြိုးဖြင့် ပြုလုပ်ထားသော ကြိုးခွေပင် ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်လည်း မှော်ဝင်ကြိုးခွေကို လှမ်းယူလိုက်သည်။

“အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့ ကိစ္စပြီးရင် ဒီမှော်ဝင်ကြိုးကို ဦးသူတော်ကို ပြန်ပေးပါ့မယ်”

ဦးသူတော်ကြီးက ခေါင်းညိတ်ပြသည်။

ထိုအချိန်မှာပင် ဦးဗန်ကောင်းက ဝင်ပြောလေသည်။

“မောင်ထင်ကျော်တို့ ရင်ဆိုင်ရမယ့် အန္တရာယ်က မြို့လောကသားတွေနဲ့ ဆက်သွယ်နေတော့ သိပ်တော့ မလွယ်လှဘူး၊ ဒီတော့ အရေးအကြောင်း ရှိတဲ့အခါ အကူအညီပေးအောင်



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့နှစ်ယောက်လည်း လိုက်ခဲ့ပြီး အကူအညီပေးပါရစေ”

“ကောင်းတာပေါ့ အဘရာ၊ ကျွန်တော်တို့လည်း ပိုပြီး အားရှိတာပေါ့။ အရေးပေါ်တာနဲ့ ချက်ချင်းအကြောင်းကြားလိုက်ပါ့မယ်”

ဟု ပြောဆိုပြီး နှုတ်ဆက်ကာ နှစ်ယောက်သား ထိုနေရာမှ ပြန်ထွက်ခဲ့ကြလေတော့သည်။





## အခန်း(၁၄)

# မှော်ဝင်ကြိုးနှင့် ကိုယ်ပွားမိစ္ဆာ

ထိုအဖြစ်အပျက်များ ဖြစ်ပြီး မရှေးမနှောင်းမှာပင် တစ်နေ့သ၌ ဒေါက်တာမင်းထင်ကျော် ရှိရာသို့ မေရီဆွေ ရောက်လာလေသည်။

သူမ ကြည့်ရသည်မှာ မျက်နှာမကောင်းလှပေ။ ဒေါက်တာမင်းထင်ကျော်ကို မြင်သောအခါ အံ့သြပြီး မှတ်မိနေဟန်ရှိသည်။

“ကိုကျော်ဝေ”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်နာမည် ကျော်ဝေ မဟုတ်ပါဘူး. . . ဒေါက်တာမင်းထင်ကျော်ပါ"

"ဒါဖြင့် ကျွန်မကို ပြောခဲ့သလို ရုံးစာရေးတစ်ယောက်လည်း တကယ်မဟုတ်ဘူးပေါ့နော်"

"မဟုတ်ပါဘူး"

"ကိုမင်းထင်ကျော်က စုံထောက်တစ်ယောက်လားဟင်"

"စုံထောက်လည်း မဟုတ်ပါဘူး၊ ဒုက္ခရောက်နေတဲ့လူတွေ့ရင် ကယ်ပေးတဲ့လူတစ်ယောက်ပါ၊ ဒါထက် ခင်ဗျားနာမည် ဆွေဆွေဆိုတာလည်း မဟုတ်ဘူးပေါ့"

"မဟုတ်ပါဘူး. . . ကျွန်မနာမည် မေရီဆွေလို့ ခေါ်ပါတယ်"

"ဟိုညက ကျွန်တော်တို့ကို ထွက်ပေါက်ပြပေးလိုက်တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒါကြောင့် အမျိုးသမီးတစ်ယောက်ကို ကယ်ခွင့်ရခဲ့တယ်"

"ကျွန်မ အခုလာတာ ဒီအတွက်ပါပဲ၊ ကိုမင်းထင်ကျော်ကို ထွက်ပေါက်ပြပေးလိုက်တာကို သူသိသွားတယ်၊ ဒါကြောင့် ကျွန်မတို့မိသားစုသုံးယောက်ကို ဒုက္ခပေးတော့တာပါပဲ"

"မေရီဆွေတို့ ဘယ်လိုကြောင့် ဒီလိုဘဝမျိုး ရောက်ရတယ်ဆိုတာ ကျွန်တော့်ကို ပြောပြပါလား"

ထိုအခါ မေရီဆွေက သူမတို့မိသားစုသုံးယောက်တို့





ဒေါက်တာကူးပါး၏မိစ္ဆာလှောင်အိမ်ထဲမှ အကျဉ်းသားဘဝရောက်ခဲ့ရပုံ၊ သူစေခိုင်းသမျှ လုပ်ပေးခဲ့ရပုံများကို ပြောပြလေသည်။

"အခုတော့ အဖေလည်း သေသွားခဲ့ပါပြီ"

"ဘယ်လိုကြောင့် သေသွားတာလဲ"

"ဟိုညက ဒေါက်တာကူးပါးက သူ့ကိုယ်မှာ သေနတ်ကျည်ဆန်တွေ ထိပြီး အသည်းနှလုံးတွေ ပျက်စီးသွားတယ်၊ အခြားအစားထိုးစရာ မရှိတာနဲ့ အဖေ့ဆီက ယူပြီးလဲလိုက်တယ်"

"ဟင်. . . သူ့ကို ဘယ်သူက ခွဲစိတ်ပေးတာလဲဟင်"

ဒေါက်တာမင်းထင်ကျော်က တအံ့တသြဖြင့် မေးလိုက်သည်။

"သူ့ကို ကျွန်မပဲ ခွဲပေးရပါတယ်"

"ဒါဖြင့် မင်းအဖေကို မင်းကိုယ်တိုင် ပြန်သတ်ခဲ့ရတယ်ပေါ့"

"ဒီလိုလည်း မဟုတ်ပါဘူး၊ ဒေါက်တာကူးပါးက သူ့အတွက် ခွဲစိတ်ဖို့လိုရင် ကျွန်မ အိပ်ပျော်နေတဲ့အခါ ကျွန်မကိုယ်ခန္ဓာထဲကို သူ့ဝိညာဉ် ဝင်လာပြီးတော့ ခွဲတာပါ၊ ခန္ဓာကိုယ်ကတော့ ကျွန်မခန္ဓာကိုယ်ပါပဲ၊ ဒါပေမယ့် ဝိညာဉ်စိတ်ကတော့ သူ့ရဲ့ဝိညာဉ်စိတ် ဖြစ်နေတာပါ"

"အံ့သြစရာပဲ. . . ရုပ်ပြောင်းနာမ်ခွာ အတတ်ပညာ



www.burmeseclassic.com

www.burmeseclassic.com



တွေ ရှိတယ်ဆိုတာတော့ စာတွေထဲမှာ တွေ့ဖူးပါရဲ့၊ တကယ်လက်တွေ့ဖြစ်နေတာတော့ အခုမှပဲ တွေ့ရပေတော့တယ်"

"ကျွန်မတို့မိသားစုသုံးယောက်ကတော့ ဒီအဖြစ်အပျက်တွေနဲ့ နှစ်ပေါင်းများစွာ ကြုံတွေ့ခဲ့ရတာပါရှင်"

ဟု သနားစဖွယ် ပြောပြလေသည်။

"မင်းတို့ရဲ့အဖြစ်ဆိုးတွေကို ကြားရတာ ကိုယ်စိတ်မကောင်းပါဘူး၊ အခုရောက်လာတာ ဘယ်လိုအကူအညီလိုလို့လာတာလဲ"

"အဖေ သေသွားပြီးတဲ့နောက်မှာ ကျွန်မတို့သားအမိပဲကျန်ပါတော့တယ်၊ တစ်နေ့ကျရင် ကြောက်စရာကောင်းတဲ့အန္တရာယ်ဆိုးတွေဟာ ကျွန်မတို့ဆီကို မလွဲမသွေ ရောက်လာမှာအသေအချာပါပဲ၊ ဒါကြောင့် မနေဝံ့တော့ပါဘူး၊ လှောင်အိမ်ထဲမှာ ကျန်နေတဲ့ ကျွန်မအမေကို ကယ်ပေးပါရှင်"

"ကောင်းပြီလေ. . . ဒီလောက်လည်း စိတ်ပူမနေပါနဲ့ကိုယ်တို့ တတ်နိုင်သလောက် အကူအညီပေးပါ့မယ်"

"ဒါပေမယ့် မင်းရဲ့အကူအညီတော့ ပါမှဖြစ်မယ်"

"ကျွန်မ လိုအပ်တာကို ကူညီပေးပါ့မယ်"

ထိုသို့ပြောပြီးနောက် မေရီဆွေ ပြန်သွားလေတော့သည်။ ဒေါက်တာမင်းထင်ကျော်လည်း စုံထောက်ကျော်စွာဦးဝန်ကောင်း၊ ဖိုးသူတော်ကြီးတို့နှင့် တွေ့ကာ ပြုလုပ်ရမည့်အစီအစဉ်များကို တိုင်ပင်ဆွေးနွေးကြလေသည်။





"ဒီကိစ္စက အရေးကြီးတယ်၊ ကျုပ်တို့နဲ့ ရင်ဆိုင်ရမယ့်သူဟာ သာမန်မဟုတ်ဘူး၊ မိစ္ဆာဘဝကို ရောက်နေတဲ့လူတစ်ယောက်ပဲ"

"သူနဲ့ ရင်ဆိုင်ရတာက အရေးမကြီးလှဘူး၊ သူ့လက်ထဲရောက်နေတဲ့ သားအမိနှစ်ယောက်ကို ဘေးအန္တရာယ် မဖြစ်ဖို့အရေးကြီးတယ်၊ ဒါကြောင့် လျှို့ဝှက်ပြီးတော့ လုပ်ကြရမယ်"

ဟု ပြောဆိုတိုင်ပင်ကြလေသည်။

ထို့နောက် ညဉ့်ဦးပိုင်းအချိန်တွင် အဆောက်အအုံပျက်ကြီးအနီးသို့ လူတစ်ယောက် ချဉ်းကပ်လာနေသည်။

ဒေါက်တာမင်းထင်ကျော်ပင်ဖြစ်သည်။ သူသည် အဆောက်အအုံနှင့် မနီးမဝေးနေရာမှ အခြေအနေကို စောင့်ကြည့်နေလေသည်။ အတန်ကြာသောအခါ အဆောက်အအုံအတွင်းမှ လူတစ်ယောက် အပြင်သို့ ထွက်လာသည်။

လောင်းကုတ်အင်္ကျီရှည်ကြီး ဝတ်ထားပြီး သက္ကလတ်ဦးထုပ်အဝိုင်းကြီးကို ခပ်စိုက်စိုက် ဆောင်းထားသည်၊ အမှောင်ရိပ်များ ရှိနေသော်လည်း ၎င်း၏ပုံပန်းသဏ္ဌာန်ကို ကောင်းစွာလှမ်းမြင်နေရသည်။

ထိုလူက အပြင်သို့ ရောက်ပြီး အခြေအနေကို ကြည့်နေသေးသည်။ ပြီးမှ အမှောင်ရိပ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်က နေရာမှာရပ်ပြီး အတန်



www.burmeseclassic.com

www.burmeseclassic.com



ကြာသည်အထိ အခြေအနေကို ကြည့်နေသေးသည်။ ဘာမှ ထူးခြားမှု မရှိတော့မှ အိမ်အနီးသို့ ချဉ်းကပ်သွားလေသည်။

အိမ်ကြီးမှာ အမှောင်ရိပ်ထဲ၌ မကောင်းဆိုးဝါးကြီးတစ်ကောင် ထိုင်နေသကဲ့သို့ တိတ်ဆိတ် ငြိမ်သက်လျက်ရှိနေတော့သည်။ အနီးသို့သွားကာ အခြေအနေ ကြည့်လိုက်တော့ အထဲမှာ မှောင်နေသည်။

သူ့စိတ်ထဲမှာ မေရီဆွေနှင့် တွေ့ရလိမ့်မည်ဟု မျှော်လင့်ထားသော်လည်း အရိပ်အယောင်မျှ မတွေ့ရပေ။ သို့ကြောင့် မီးရောင်ကို အသုံးပြုပြီး တံခါးချပ်ကို တွန်းဖွင့်လိုက်သည်။

စေ့ရုံသာ စေ့ထားသော တံခါးချပ်က အလွယ်တကူပင် ပွင့်သွားလေသည်။

အထဲရောက်တော့ မီးရောင်ဖြင့် ထိုးကြည့်သော်လည်း တစ်စုံတစ်ယောက်မှ မတွေ့ရပေ။

အပေါ်ခန်းမှာ ဘာမှထူးခြားမှု မတွေ့ရတော့မှ မြေအောက်သို့ ဆင်းသော တံခါးချပ်ကို ဟပြီး အတွင်းသို့ ဆင်းသွားလေသည်။

မြေအောက်ခန်းမှာလည်း မည်သူမှ မတွေ့ရသဖြင့် စိတ်ထဲ အံ့သြသွားသည်။

"မေရီဆွေတို့ သားအမိ ဘယ်ရောက်သွားပါလိမ့်၊ မိစ္ဆာကောင်ကြီးကများ သတ်ပစ်လိုက်ပြီလား"

ဟု တွေးမိကာ ၎င်းတို့ ထားသောအခန်းဘက်သို့





လျှောက်လာလေသည်။

အခန်းတံခါးချပ်ကို ဖွင့်ပြီး လက်နှိပ်မီးဖြင့် ထိုးကြည့်လိုက်တော့ ခုတင်ပေါ်မှာ ပက်လက်အနေအထားဖြင့် သေဆုံးနေဟန်ရှိသော အမျိုးသမီးကြီးတစ်ယောက်ကို အရင်တွေ့ရသည်။

ကိုယ်တစ်ပိုင်းကို စောင်ကြမ်းပိုင်းဖြင့် ဖုံးထားပြီး မျက်နှာမှာ အနည်းငယ် မော့နေသည်။ အနီးသို့ လျှောက်သွားသောအခါ မျက်လုံးအပြူးသား ပါးစပ်အဟောင်းသားဖြင့် အရိုးပေါ် အရေတင်နေပြီဖြစ်သော အမျိုးသမီးကို တွေ့ရသည်။

သူမမှာ မကြာသေးခင်ကမှ သေဆုံးသွားခဲ့ဟန် ရှိလေသည်။ ဒေါက်တာမင်းထင်ကျော်က မျက်လုံးကို ပိတ်ပြီး အဝတ်စဖြင့် ဖုံးအုပ်ပေးလိုက်သည်။

"ဝူး. . . ဝူး. . . ဝူ"

ထိုအခိုက်မှာပင် အခန်းထောင့်တစ်နေရာမှ အသံလိုလို ကြားရသဖြင့် လက်နှိပ်မီးဖြင့် ထိုးကြည့်လိုက်တော့ ခြေနှင့်လက်ကို ကြိုးဖြင့်တုပ်ထားရုံမက ပါးစပ်ကိုပါ အဝတ်စည်းထားသော မေရီဆွေကို တွေ့သဖြင့် အနီးသို့လျှောက်သွားသည်။

"ဝူး. . . ဝူး. . . ဝူး. . ."

အနားရောက်တော့ မေရီဆွေက မျက်လုံးအဝိုင်းသားဖြင့် မော့ကြည့်ကာ တစ်စုံတစ်ခုကို ပြောချင်နေဟန်ရှိသည်။ သို့ကြောင့် သူမပါးစပ်မှာ စည်းထားသော အဝတ်ကို [illegible]



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းငုံ့လိုက်စဉ် နောက်ဘက်မှ ကူးပါးရောက်လာပြီး နောက်စေ့ကို ရိုက်ချလိုက်လေတော့သည်။

"ဖြောင်း. . ."

"အား. . ."

အလစ်ခံလိုက်ရသဖြင့် ဘယ်လိုမှ မခုခံနိုင်ဘဲ မေ့လဲကျသွားလေတော့သည်။

အချိန်မည်မျှကြာအောင် သတိမေ့နေသည် မသိပေ။ မျက်နှာပေါ်သို့ အေးစက်လှသော အရာတစ်ခုနှင့် ထိလိုက်တော့မှ သတိပြန်ရလာသည်။

သတိရလာချင်း အခြေအနေကို ကြည့်လိုက်တော့ တစ်ကိုယ်လုံး လှုပ်မရတော့ပေ။

ခွဲစိတ်စင်ပေါ်မှာ ခြေနှင့်လက်တို့ကို တုပ်နှောင်ထားသည့်အပြင် ဦးခေါင်းကိုပါ ကြိုးတစ်ချောင်းဖြင့် သိုင်းချည်ထားလေသည်။

အပေါ်၌ မီးအိမ်တစ်လုံး ထွန်းထားသည်။ နံဘေးအနားမှာရှိသော စင်ပေါ်မှာတော့ ခွဲစိတ်ရာမှာ အသုံးပြုသည့် ကိရိယာများကို အစီအရီ တင်ထားလေသည်။ ထိုအထဲတွင် မျက်လုံးကို ကော်ထုတ်ယူသည့် ရှေးခေတ်သုံး ကိရိယာများလည်း ပါဝင်သည်။

မနီးမဝေးမှာတော့ သာမန်ထက် အရွယ်အစား ပိုကြီးသော လောက်ကောင်ကြီးများကို ဖန်ပုလင်းဖြင့် ထည့်ထားလေ





သည်။ လောက်ကောင်ကြီးများမှာ တရွရွနှင့် လှုပ်ရှားနေကြလေသည်။

အတန်ကြာတော့ အခန်းထဲသို့ ဝင်လာသောခြေသံကြားရပြီး ခုတင်ဘေးသို့ လူတစ်ယောက် ရောက်လာသည်။ မိန္တာဘဝ ရောက်နေပြီဖြစ်သည့် ဆရာဝန်ကြီး ကူးပါးပင် ဖြစ်၏။

သူသည် မျက်နှာဖုံးစွပ်ကို ချွတ်ထားပြီး ကိုယ်ပေါ်မှ လောင်းကုတ်အင်္ကျီကြီးကိုပါ ဝတ်မထားသဖြင့် မျက်နှာနှင့် ခန္ဓာကိုယ်အပေါ်ပိုင်းကို ပကတိအခြေအနေအတိုင်း မြင်နေရသည်။

ဦးခေါင်းပေါ်မှာ ဆံပင်က အနည်းငယ်သာရှိပြီး မျက်နှာပေါ်သို့ တချို့တဝက် ကျနေသည်။ ဦးခေါင်းနှင့် မျက်နှာပေါ်မှာသာမက ကိုယ်ခန္ဓာ နေရာအနှံ့အပြားမှာ ခွဲစိပ်ဒဏ်ရာများ၊ ချုပ်ထားသောနေရာများ ရှိနေသည်။

အချို့နေရာများမှာ မကြာသေးခင်အချိန်ကမှ ခွဲစိတ်ထားဟန်ဖြင့် သွေးများ စိမ့်ထွက်နေသည်။ ထို့ထက် အခြေအနေဆိုးနေသည်ကတော့ မျက်လုံးတစ်ဖက်ပင်ဖြစ်သည်။

တလောက ဒေါက်တာမင်းထင်ကျော်တို့ ကားဖြင့်ဝင်ကြိတ်မိသဖြင့် မျက်လုံးတစ်ဖက်မှာ ပျက်စီးနေပြီး ထိုနေရာမှ နီညိုရောင်သွေးများ စီးကျနေသည်။

"မင်းက ကိုယ့်ကြမ္မာကိုယ် ဖန်တီးတာပဲ၊ ငါ့အလုပ်တွေကို ဝင်ပြီးနှောင့်ယှက်တော့ ကိုယ့်သေတွင်း ကိုယ်တူးသလိုမျိုးဖြစ်တော့တာပေါ့၊ မင်းတို့ကြောင့် ငါ့မျက်လုံးတစ်ဖက် ပျက်



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့ရတယ်၊ ဒီတော့ မင်းရဲ့မျက်လုံးတစ်လုံး ပြန်ပေးရမှာပေါ့ကွာ”

ဟု ပြောပြီး မျက်လုံးဖောက်သော ကိရိယာကြီးကို ကောက်ယူလိုက်သည်။

ဒေါက်တာမင်းထင်ကျော်က လက်နှစ်ဖက်ကို ရုန်းကြည့်သော်လည်း တစ်စက်ကလေးမှ လှုပ်မရပေ။

စိတ်ထဲမှလည်း စုံထောက်ကျော်စွာနှင့် ဦးဖန်ကောင်းတို့ အချိန်မီ ရောက်ပါ့မလားဟု တွေးပူနေမိသည်။ ယခုလက်ရှိ အခြေအနေကတော့ သူ့အနေနှင့် ဘာမှမတတ်နိုင်သော အခြေအနေမျိုး ဖြစ်နေသည်။

ကူးပါးက သူ့အနီးသို့ ကပ်လာပြီး မျက်လုံးတစ်ဖက်ကို ဖောက်ယူရန် ပြင်လိုက်သည်။ ထိုအခိုက်မှာပင် အနောက်ဘက်မှ သေနတ်သံများ ထွက်လာသည်။

“ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . ”

ကူးပါးမှာ တွန့်ခနဲ ဖြစ်သွားသည်။

ကိုယ်ပေါ်မှာ အပေါက်များ ဖြစ်သွားပြီး သွေးများ စီးကျလာသည်။ နောက်သို့ လှည့်ကြည့်လိုက်တော့ သေနတ်ကိုင်ကာ ရပ်နေသည့် ကျော်စွာကို တွေ့ရသည်။

“မင်းသေနတ်ထဲက ကျည်ဆန်ကုန်အောင်ပစ်လည်း ငါက ဘာမှဖြစ်မှာမဟုတ်ဘူး”

ဟု ပြောကာ ကျော်စွာရှိရာသို့ တိုးသွားသည်။





ကျော်စွာက ထပ်ပစ်သည်။ သို့သော် လဲကျမသွားပေ။

နောက်ဆုံး အနားရောက်လာပြီး လက်ထဲမှ ဖောက်တံဖြင့် ရိုက်ချလေရာ ကပျာကယာ ရှောင်ပေးလိုက်သော်လည်း မလွတ်မလပ်ဖြစ်ကာ ပခုံးစွန်းကို ရိုက်မိသွားသည်။

“အား. . . ”

နောက်သို့ ယိုင်သွားစဉ် ကူးပါးက ရှေ့တိုးလာပြီး ထပ်ရိုက်ပြန်သည်။

ထိုအခါမှာ ကျော်စွာက လွတ်အောင်ရှောင်ပေးပြီး အသင့်ယူလာသောဓားဖြင့် နှလုံးနေရာကို ထိုးသွင်းလိုက်သည်။ အားဖြင့် ထိုးသွင်းလိုက်သဖြင့် ဓားက အရိုးထိအောင် မြုပ်ဝင်သွားလေသည်။

ကူးပါးက အနောက်သို့ ခြေတစ်လှမ်းနှစ်လှမ်း ဆုတ်သွားလေသည်။

သူ့ရင်ဘတ်မှာ စိုက်ဝင်နေသည့် ဓားကို ငုံ့ကြည့်သည်။

“သေနတ်နဲ့ ပစ်လို့ မသေသလို ဓားနဲ့ ထိုးလည်း ငါက သေမှာ မဟုတ်ဘူး၊ ဒါပေမယ့် မကြာသေးခင်ကမှ အသစ်လဲထားတဲ့နှလုံး ပျက်စီးသွားတာတော့ နှမြောစရာပဲပေါ့၊ ဒါပေမယ့် ကိစ္စမရှိပါဘူး၊ မင်းတို့ဆီက နှလုံးယူပြီး အသစ်လဲလိုက်ရင် ပြီးသွားတာပဲ”

ဟု ပြောကာ နောက်ထပ် ရှေ့သို့ တိုးလာဟန် ပြင်လိုက်စဉ် ကျော်စွာက ဂုင်းယူလာသောပုလင်းကို ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကူးပါး အသုံးပြုသော မေ့ဆေးရည်ပုလင်းပင် ဖြစ်သည်။

"ဒီမေ့ဆေးရည်က ခင်ဗျားသုံးတဲ့ မေ့ဆေးရည် မဟုတ်လား၊ လိုရမယ်ရ ဓားကို မေ့ဆေးရည်တွေ ဆွတ်လာခဲ့တယ်၊ ဓားနဲ့ ထိုးလို့ ဘာမှမဖြစ်ပေမယ့် မေ့ဆေးဒဏ်ကိုတော့ ခင်ဗျား မခံနိုင်ပါဘူး"

ဟု ပြောလိုက်ရာ ကူးပါးမှာ တအံ့တသြ ဖြစ်သွားပြီးနောက် ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ ပစ်လဲကျသွားလေတော့သည်။

ထိုအခါမှ ဒေါက်တာမင်းထင်ကျော်ကို ကြိုးဖြေပေးရလေသည်။

"ခင်ဗျား အကြံဦးပေလို့သာ၊ မဟုတ်ရင်တော့ မလွယ်လှဘူး"

ဟု ဒေါက်တာမင်းထင်ကျော်က နေရာမှထရင်း ရေရွတ်လိုက်လေသည်။

ထို့နောက်မှာတော့ သတိမေ့နေသော ကူးပါးကို ခွဲစိတ်စင်ပေါ် မ,တင်ပြီး ခြေလက် ဦးခေါင်းတို့ကို မလှုပ်သာအောင် ခိုင်ခံ့သောကြိုးများဖြင့် တုပ်နှောင်ထားလိုက်သည်။

ပြီးမှ ကြိုးတုပ်ခံထားရသော မေရီဆွေကိုပါ ကြိုးဖြေပေးလိုက်သည်။ ထိုအချိန်မှာပင် ဦးဇန်ကောင်းနှင့် ဖိုးသူတော်ကြီးတို့ပါ ရောက်လာကြသည်။

၎င်းတို့မှာ ကူးပါး၏ပုံပန်းသဏ္ဌာန်ကို မြင်ရသောအခါ များစွာအံ့သြနေကြလေသည်။





"လူမှ မဟုတ်တော့တာ၊ လူစင်စစ်ကနေ တကယ့်မိစ္ဆာဘဝကို ရောက်နေတာပဲ"

"သူက မိစ္ဆာဘဝရောက်နေတော့ အရှင်ထားလို့ မဖြစ်ဘူး၊ သူ့ကို အရှင်ထားရင် နောက်ထပ်လူတွေကို တစ်ယောက်ပြီးတစ်ယောက် သတ်နေဦးမှာပဲ၊ ဒီတော့ တစ်ခါတည်း ရှင်းပစ်မှဖြစ်မယ်"

"ရှင်းတာကတော့ ဟုတ်ပါပြီ၊ သူက ဘယ်လိုသတ်လို့မှ အသက်မသေတာ၊ ဘယ်လိုနည်းနဲ့ ရှင်းမလဲ"

"မှော်ဝင်ကြိုးနဲ့ ရှင်းလိုက်ရင် ရပါတယ်"

ထိုသို့ပြောနေစဉ် ကူးပါးက သတိပြန်ရလာသည်။

ပါးစပ်မှ စူးစူးဝါးဝါး အော်ဟစ်ကာ ရုန်းကန်နေသည်။

"ငါ့ကို မသတ်ပါနဲ့၊ ငါက အသက်ရှည်နိုင်တဲ့နည်းကို တွေ့ထားတဲ့သူ ဖြစ်နေပြီ၊ မင်းတို့ကိုပါ တစ်သက်လုံး အသက်မသေအောင် လုပ်ပေးပါမယ်၊ ငါ့ကို ပြန်လွှတ်ပေးကြပါ"

ဟု ပြောဆိုနေလေသည်။

"ခင်ဗျားကို လွှတ်ပေးလို့ ဘယ်ဖြစ်ပါတော့မလဲ၊ လွှတ်ပေးလိုက်ရင် နောက်ထပ်လူတွေအများကြီး ထပ်သေကြရမှာပေါ့၊ ဒီတော့ မိစ္ဆာတွေနေတဲ့ ငရဲပြည်ကိုသာ သွားဖို့ပြင်ပေတော့ မိစ္ဆာကောင်ကြီးရေ"

ဟု ပြောလိုက်ရာ စူးစူးဝါးဝါး အော်ဟစ်နေပြန်သည်။

"ဒီခွဲစိတ်စင်ပေါ်မှာ ခင်ဗျားအလှည့်တုန်းက လူတွေ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပြီးတစ်ယောက် သတ်ခဲ့တာပဲ၊ ကိုယ့်အလှည့်ကျ တော့မှ သေရမှာကို ကြောက်နေပြီလား"

ထိုသို့ပြောနေစဉ် ဦးဗန်ကောင်းနှင့် ဖိုးသူတော်တို့နှစ်ယောက်က အနားရောက်လာပြီး ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာတို့ကို နောက်သို့ ဆုတ်ခိုင်းလိုက်သည်။

"ဝေးဝေးဖယ်နေကြ"

ဒေါက်တာမင်းထင်ကျော်နှင့်ကျော်စွာတို့က မလှမ်းမကမ်းသို့ ဆုတ်ပေးလိုက်သည်။

ထို့နောက်မှာတော့ ဦးဗန်ကောင်းနှင့် ဖိုးသူတော်ကြီးတို့နှစ်ယောက်က မှော်ဝင်ကြိုးကို ကိုင်ပြီး ဂါထာမန္တန်များ ရွတ်ဆိုကာ ကူးပါးကို ရစ်ပတ်ကြလေတော့သည်။

"မလုပ်ပါနဲ့. . . မလုပ်ကြပါနဲ့၊ ငါ့ကို မသတ်ပါနဲ့၊ ငါ့ကို လွှတ်ပေးကြပါ"

ဟု အသံနက်ကြီးဖြင့် အော်နေသည်။

ဦးဗန်ကောင်းက ဂါထာမန္တန်များ ရွတ်လိုက်၊ ဖိုးသူတော်ကြီးက ကြေးစည်တနောင်နောင် ထုလိုက်နှင့် ဖုတ်ဝင်နေသော မငကောင်းဆိုးဝါးကို နှင်ထုတ်သောအလုပ်မှာ ကြောက်စရာကောင်းလှသည်။

"နောင်. . ဝေဝေ. . နောင်. . ဝေဝေ"

ဖိုးသူတော်ကြီးက ကြေးစည်ထုလိုက်၊ ဦးဗန်ကောင်းက ဂါထာမန္တန်ရွတ်လိုက်၊ နှစ်ယောက်သား ကူးပါးကို မှော်ဝင်ကြိုး





များဖြင့် ပြုလုပ်နေကြရာ ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာတို့နှစ်ယောက်မှာ ပွဲကြည့်ပရိသတ်ဖြစ်နေကြသည်။

ကူးပါးမှာ ပထမတော့ အသံနက်ကြီးဖြင့် အော်ကာရုန်းကန်နေသေးသည်။

"ငါ့ကို လွှတ်ပေးကြပါ၊ ငါ့ကို လွှတ်ပေးကြပါ"

ထို့နောက်မှာတော့ တဖြည်းဖြည်းနှင့် အော်သံကတိုးလာသလို အခြေအနေကလည်း ပြောင်းလဲလာသည်။

ကူးပါးခန္ဓာကိုယ်မှာ မီးခိုးငွေ့များကဲ့သို့ အခိုးအငွေ့များထွက်လာပြီး တဖြည်းဖြည်း ပိန်ကျသွားသည်။

ကြည့်နေရင်းမှာပင် အသံပျောက်သွားပြီးနောက် ကိုယ်ပေါ်မှ အသားအရေများ တဖြည်းဖြည်း ကွယ်ပျောက် အရိုးစုအဖြစ်နှင့်သာ ကျန်ရစ်ခဲ့တော့သည်။

တစ်ကိုယ်လုံးမှာ အရိုးစုများနှင့် အသစ်လဲထားသော အသည်းနှလုံး စသည်တို့သာ ကျန်တော့သည်။

အပေါ်မှာဖုံးထားသော အသားနှင့်အရေပြားများ မရှိတော့သည့်အခါ ထိုကဲ့သို့ ကျန်ခဲ့သော ကလီစာများက အရိုးစုများကြားမှာ ကျန်ခဲ့လေတော့သည်။

ထိုအခြေအနေ ရောက်တော့မှ မှောင်ဝင်ကြိုး ရစ်ပတ်ခြင်းနှင့် မန္တန်ရွတ်ခြင်း၊ ကြေးစည်ထုခြင်းတို့ကို ရပ်တန့်လိုက်ကြသည်။

အခြေအနေအားလုံးမှာလည်း ငြိမ်သက်သွားလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"မိစ္ဆာဝိညာဉ်တော့ သူ့ကိုယ်ထဲက ထွက်သွားပြီ"

"ဒီမှာတော့ ဖုတ်ဝင်နေတာမျိုးပေါ့၊ အခုတော့လည်း သူ့ရဲ့မူလအခြေအနေအတိုင်း ကျန်ခဲ့ပြီပေါ့"

"သူသေဆုံးခဲ့တာ နှစ်ပေါင်းအတော်ကြာခဲ့ပုံပဲ၊ ဒါကြောင့် အရိုးစုပဲ ကျန်နေခဲ့တာဖြစ်မယ်"

"ပရလောကဆိုတာ အတော်ဆန်းကြယ်သလို. . . ကြောက်စရာလည်း အတော်ကောင်းတာပဲ"

"ကိစ္စလည်း ပြီးပြီဆိုတော့ ဒီအဆောက်အအုံကိုပါ မီးရှို့ဖျက်ဆီးပစ်လိုက်ရင် ကောင်းမယ်"

ဟု ပြောပြီးနောက် မှော်ဝင်ကြိုးများကို ပြန်ဖြုတ်ယူကာ အခန်းအပြင်ဘက်သို့ ထွက်လာကြသည်။

အပြင်ဘက်ရောက်တော့ မေရီဆွေကို ရှာမတွေ့တော့ပေ။ နေရာအနှံ့ လိုက်ကြည့်တော့လည်း မတွေ့ကြရတော့ပေ။

"သူဘယ်ရောက်သွားပြီလဲ"

"အပြင်များ ထွက်သွားရော့သလား"

"ကြောက်တာနဲ့ ပြေးမိပြေးရာ ပြေးသွားပြီထင်တယ်"

ဒေါက်တာမင်းထင်ကျော်တို့က အနီးတစ်ဝိုက်သို့ လိုက်ရှာကြသော်လည်း မေရီဆွေကို ရှာမတွေ့တော့သဖြင့် လက်လျှော့လိုက်ကြသည်။

ထို့နောက်. . .

အိမ်ဟောင်းကြီးတစ်ခုလုံးကို ရေနံဆီလောင်းပြီး မီးရှို့





ဖျက်ဆီးလိုက်ကြလေသည်။

မကြာမီ အမှောင်ဖုံးနေသော ပတ်ဝန်းကျင်တွင် မီးတောက်များတက်လာပြီး အလင်းရောင်များ လင်းထိန်သွားလေတော့သည်။

ယခုတော့ အရာအားလုံး ပြီးဆုံးသွားပြီဟု ဆိုနိုင်လောက်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၅)

# ကိုယ်ပွားမိစ္ဆာနိရုံး

ဒေါက်တာမင်းထင်ကျော်တို့ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များမှာ စင်စစ်တော့ အသက်ဘေးနှင့်နီးသော အန္တရာယ်များပင်ဖြစ်တော့သည်။

ဖုတ်ဝင်သည်ပဲပြောပြော. . တစ္ဆေသရဲ ပူးကပ်သည်ပဲဆိုဆို ထိတ်လန့်ကြောက်လန့်ဖွယ်ရာများပင်ဖြစ်သည်။

ထိုအဖြစ်မျိုး ယခုမှ ပေါ်ပေါက်လာခြင်းမျိုး မဟုတ်ဘဲ ရှေးနှစ်ပေါင်းများစွာကတည်းက ဖြစ်ပျက်ခဲ့ဖူးသော အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



အရာများလည်းဖြစ်ပေသည်။

မဟာဝင်ကျမ်းအချို့၌ ဖော်ပြထားသော အဖြစ်အပျက် တစ်ခုမှာ. . .

ပါတလိပုတ်ပြည်ကို စိုးစံသော စန္ဒဂုတ္တ မင်းကြီးသည် ထီးနန်းစံသက်(၂၄)နှစ်ကြာသောအခါ ရုတ်တရက် နတ်ရွာစံ ခဲ့ပြီးမှ တစ်ဖန် အသက်ပြန်ဝင်ကာ ရှေးယခင်ကအတိုင်း မူမ ပျက် နေလေသည်။

သို့စေကာမူ ပင်ကိုယ်စိတ် မရှိတော့သဖြင့် အစားအ သောက်၊ အနေအထိုင်၊ အပြောအဆိုများ အမှားမှားအယွင်း ယွင်းများ ရှိနေသည်ကို မှူးမတ်များက ရိပ်မိကြလေသည်။

သို့ကြောင့် တတ်ကျွမ်းသော ဆေးဆရာနှင့် ပညာရှိ များကို မေးမြန်းတိုင်ပင်ကြည့်သောအခါ . . .

"မင်းကြီးမှာ နတ်ရွာစံခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်ပါ သည်၊ နတ်ရွာစံစဉ်အချိန်၌ ပတ်ဝန်းကျင်မှာရှိသော ဖုတ်တစ္ဆေ မိစ္ဆာများ ဝင်ရောက်ပူးကပ်နေခြင်းကြောင့်သာ ယခုလို နေခြင်း ဖြစ်ပါသည်ဘုရား"

ဟု လျှောက်ထားကြသည်။

ထိုအကြောင်းကို အိမ်ရှေ့စံ သားတော် ဗိန္ဒုသာရ ကြား သောအခါ မင်းချင်းနှစ်ယောက်အား မင်းကြီးရှေ့တွင် ဓားလှ ဟန် ပြုစေလျက် ခါးရသောအခါ မင်းကြီးအား ခုတ်ပိုင်းသည် ဖြတ်တော့မှ နတ်ရွာစံကာ မူလရုပ် ပြန်ပေါ်လာကြောင်း ဆေး





သားဖော်ပြထားလေသည်။

ထို့ပြင် (၁၉၀၆)ခုနှစ်တွင် မန္တလေးမြို့မှ ထုတ်ဝေသော တဇတ္တဒီပဏီကျမ်း၌လည်း သေဆုံးခဲ့ပြီးမှ ဘုရင့်အမှုတော်ကို ဆက်လက်ထမ်းရွက်ခဲ့သော ဥဒိန်ကျော်ခေါင်ဘွဲ့ခံ ဘောတ် ချောင်း ဗိုလ်တစ္ဆေအကြောင်းမှာလည်း စိတ်ဝင်စားဖွယ်ရာ ဖြစ်သည်။

သက္ကရာဇ်(၁၁၁၇)ခုနှစ်၊ အလောင်းမင်းတရားကြီး လက်ထက်တော်တွင် ဘောတ်ချောင်းဗိုလ်မှာ အမှုတော် ထမ်း ရွက်ပြီး သေဆုံးသွားစဉ် တစ္ဆေဘဝနှင့်ပင် မင်းတရားကြီး စက် တော်ခေါ်နေသည်ကို ခြေထောက်ကို လှုပ်နှိုးလေသည်။

၎င်းမှာ သေဆုံးပြီး တစ္ဆေဘဝကို ရောက်နေရပါသော် လည်း အမှုတော်ကို ဆက်လက်ထမ်းရွက်လိုပါကြောင်း လျှောက် ထားလေသည်။

ထိုအခါ ဘုရင်က 'လေသာဆောင်မှာ စောင့်နေ ထမ်း ရွက်စေ' ဟု အမိန့်ပေးရာ စောင့်နေလေသည်။

တစ်ခါသော် မုတ္တမမြို့ကို ယိုးဒယားတပ်တို့ ဝင်ရောက် နှောင့်ယှက်ကြောင်း သတင်းကြားသိရသဖြင့် မြင်းသည်တော် သားနှင့်ရွှေမြင်းတို့နှစ်ယောက်ကို စေလွှတ်လိုက်လေသည်။

အချိန်တန်သော်လည်း ပြန်မရောက်လာသောကြောင့် ဘောတ်ချောင်းဗိုလ်တစ္ဆေကို ခေါ်ပြီး အကျိုးအကြောင်း သိရှိ အောင် စေလွှတ်လိုက်ရာ ခဏချင်း ပြန်ရောက်လာပြီး အကျိုးအ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ပြန်လည်လျှောက်တင်နိုင်လေသည်။

"မုတ္တမ ကင်းတပ်မှာ ထွေထူးသော အကြောင်းအရာ မရှိပါဘုရား၊ အပြန်မှာ တောင်ငူ ခပေါင်းချောင်းထိပ် မန်ကျည်းပင်အောက်မှာ မြင်းသည်ကျော်နှစ်ယောက် ထမင်းချက်နေသည်ကိုပါ တွေ့ခဲ့ရသဖြင့် သူတို့သိအောင် မန်ကျည်းကိုင်းချိုးချထားခဲ့ ပါသည်ဘုရား"

ဟု လျှောက်ထားသော်လည်း ရှင်ဘုရင်က မယုံပေ။ မြင်းသည်ကျော် ငရွမ်းနှင့်သေားတို့ ပြန်ရောက်လာသောအခါ မုတ္တမကင်းတပ်မှာ အေးချမ်းမှုရှိကြောင်း လျှောက်ထားလိုက်သော ကင်းတပ်ပိုလ်၏လျှောက်တင်စာကို မြင်တော့မှ စိတ်အေးရတော်မူသည်။

လမ်းခရီးတစ်ထောက် ခပေါင်းချောင်းထိပ် မကျည်းပင်အောက်မှာ ထမင်းချက်နေစဉ် မကျည်းကိုင်းချတဲ့ မှန်သလားဟုမေးရာ မှန်ကန်ကြောင်း လျှောက်ထားသောအခါမှ ငဘတ်ချောင်းပိုလ်တစ္ဆေ လျှောက်ထားချက် မှန်ကန်ကြောင်း သိရသဖြင့် များစွာကျေနပ်အားရတော်မူသောကြောင့် ဥဒိန်ကျော်ခေါင်ဘွဲ့ကို ချီးမြှင့်ပေးသနားလေသည်။

သို့သော် မင်းတရားကြီးက မှူးမတ်သေနာပတိများ မယုံကြည်မည်စိုးသဖြင့် ကိုယ်ထင်ပြပြီး ဘွဲ့တော်ကို လက်ခံရမည်ဟု အမိန့်ရှိသောကြောင့် အများရှေ့မှာ ကိုယ်ထင်ပြပြီး ရွှေပြားဖြင့် ပြုလုပ်ထားသော ဘွဲ့တံဆိပ်ကို လက်ခံယူကာ လေ





သာဆောင် ထုပ်တန်းကြားမှာ တင်ထားသည်ကို အားလုံးမြင်တွေ့ကြရလေသည်။

ဒီနေရာမှာတော့ ဖုတ်၊ သရဲ တစ္ဆေ ဘုတ်၊ ဥစ္စာစောင့်စသည်တို့မှာ ပရလောကသားများဖြစ်ကြစေကာမူ လူများနှင့် နီးစပ်မှု ရှိကြလေသည်။

အချို့က လူတို့ကို ကောင်းကျိုးပြုကြသော်လည်း အများအားဖြင့်ကတော့ နှောင့်ယှက်ဖျက်ဆီးမှု ပြုလုပ်သည်က များလေသည်။

ယခု ဒေါက်တာမင်းထင်ကျော်တို့ တွေ့ခဲ့ရသော ဘူးပါးကတော့ ကြောက်စရာကောင်းသော မိစ္ဆာဘဝ ရောက်နေရသူဖြစ်ပေသည်။

ၚင်းမှာ သာမန်ထက် ကမ္ဘဇိဒ္ဓိ ပိုမိုအားကောင်းသော မိစ္ဆာလည်းဖြစ်သည်။

မှော်ဝင်ကြိုးအစွမ်းကြောင့် ၚင်းကို အဆုံးသတ်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

မိစ္ဆာများထဲတွင် လူကို ပူးကပ်နိုင်သောမိစ္ဆာက ကြောက်စရာအကောင်းဆုံးဖြစ်သည်။

ကဝေထဲတွင် (၁၂)ကြိုးကဝေက ကြောက်စရာအကောင်းဆုံးဖြစ်သလို ကြိုးထဲမှာလည်း မှော်ဝင်ကြိုးက အစွမ်းအထက်ဆုံးဖြစ်သောကြောင့် ယခုကဲ့သို့ အဆုံးသတ်နိုင်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာ ထင့်နေလေသည်။

အခြားမဟုတ်ပေ။

မေရီဆွေဆိုသော အမျိုးသမီး ပျောက်ချင်းမလှ ပျောက်သွားခြင်းပင်ဖြစ်သည်။

သူမ ဘယ်ရောက်သွားပြီလဲ. . .

ဘယ်လိုဖြစ်နေပြီလဲ. . . စသောမေးခွန်းများက တစ်ခုပြီးတစ်ခု ဝင်နေတော့သည်။

ကူးပါးသေဆုံးသွားပြီဖြစ်သော်လည်း မေရီဆွေ ပျောက်နေသည်ကတော့ စိတ်မအေးစရာပင်ဖြစ်တော့သည်။

တစ်နေ့သ၌ ဦးဇန်ကောင်းတစ်ယောက်တည်း တဲအတွင်း၌ ဖိုဆွဲလျက်ရှိနေသည်။

ဖိုးသူတော်ကြီးလည်း မရှိတော့သဖြင့် တစ်ယောက်တည်း အေးအေးဆေးဆေး ဖိုထိုးနေခြင်းဖြစ်သည်။

အချိန်က ညဦးပိုင်းအချိန်ဖြစ်သည်။

ပတ်ဝန်းကျင်မှာ မှောင်ရီနေပြီး တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။

ထိုအချိန်မှာပင် အဝေးမှ ခွေးအူသံများ ပေါ်ထွက်လာသည်။ မရှေးမနှောင်းမှာပင် တဲအပြင်ဘက်မှ ခြေသံလိုလို ကြားရလေသည်။

သူ့စိတ်ထဲမှာ ဖိုးသူတော်ကြီး ပြန်လာလေသလားဟု ထင်လိုက်မိသည်။

ခြေသံက တဖြည်းဖြည်း နီးလာပြီး တဲပေါက်ဝသို့ ရောက်လာသဖြင့် လှည့်ကြည့်လိုက်သည်။

တဲပေါက်ဝမှာ ဆံပင်ဖားလျားချထားသော မိန်းမတစ်ယောက် ရပ်နေသည်။

မှောင်နေသဖြင့် မျက်နှာကို မမြင်ရပေ။

သူမလက်ထဲမှာ ဓားတစ်လက် ကိုင်ထားလေသည်။

သူမက တဲပေါက်ဝမှ တောင့်တောင့်ကြီး ရပ်ကြည့်နေပြီးမှ တဲအတွင်းသို့ ဝင်ရန် ခြေလှမ်းပြင်လိုက်သည်။

ထိုအခိုက်မှာပင် မနီးမဝေးမှ ကြေးစည်သံ ပေါ်ထွက်လာလေသည်။

"နောင်ဝေဝေ. . . နောင်ဝေဝေ"

ကြေးစည်သံ ကြားသောအခါ တဲအတွင်း ဝင်လာရန် ဟန်ပြင်နေသည့်မိန်းမမှာ ခြေလှမ်းတုံ့သွားသည်။

နောက်သို့ လှည့်ကြည့်လိုက်သည်။

သူ့နောက်ဘက် မနီးမဝေးနေရာမှ ဖိုးသူတော်ကြီး ရပ်နေပြီး ကြေးစည်ကို ထပ်ထုလိုက်ပြန်သည်။

"နောင်ဝေဝေ. . . နောင်ဝေဝေ"

ထိုမိန်းမမှာ ကြေးစည်သံကြောင့် နားမခံနိုင်သလို ဖြစ်ကာ အမှောင်ထဲသို့ ပြေးဝင်သွားလေတော့သည်။

ထိုအခါမှ ဖိုးသူတော်ကြီးက တဲအတွင်းသို့ ဝင်လာ







www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဘယ်လိုကနေဘယ်လို ပြန်ရောက်လာတာလဲ"

"သူက ကျုပ်သွားတဲ့နေရာနောက် တကောက်ကောက် လိုက်ပြီး ရန်မူဖို့ ကြိုးစားနေတာ၊ ကြေးစည်သံကြောင့် အနား မကပ်နိုင်တာနဲ့ ခင်ဗျားဆီကို လာတာ၊ ခင်ဗျားအတွက် စိတ်မချ တာနဲ့ သူ့နောက်က ပြန်လိုက်လာတာ"

ဟု ရှင်းပြလေသည်။

"ကျေးဇူးပါပဲ ဦးသူတော်ရယ်၊ ဒီအတိုင်းဆိုရင် ကျုပ်တို့ ကို ရန်မူလို့မရရင် မောင်ထင်ကျော်တို့ဆီသွားမှာ အသေအချာပဲ၊ ခင်ဗျားနဲ့ကျုပ်နဲ့ လိုက်သွားကြရင် ကောင်းမယ်ထင်တယ်"

ဟု ပြောကာ နှစ်ယောက်သား အပြင်သို့ ထွက်ခဲ့ကြလေ တော့သည်။

ထိုအချိန်တွင် ဒေါက်တာမင်းထင်ကျော်မှာ ဆရာဝန် ကြီးကူးပါးအခန်းထဲမှ ယူလာသော မှတ်တမ်းစာအုပ်များကို ကြည့်နေလေသည်။

မှတ်တမ်းအတော်များများမှာ ဆေးဝါးများဆိုင်ရာ မှတ်တမ်းများနှင့်၊ ခွဲစိတ်ကုသမှုဆိုင်ရာမှတ်တမ်းများပင် ဖြစ် သည်။

ထိုမှတ်တမ်းများမှာ ဆေးပညာလောကအတွက် အ ထောက်အကူရစေမည့် ရှေးဟောင်းမှတ်တမ်းများလည်း ဖြစ် လာနိုင်ပေသည်။





ထိုအခိုက်မှာပင် အပြင်ဘက် ပြတင်းပေါက်မှ ညိုး မည်းသဏ္ဌာန်တစ်ခု ပေါ်လာသည်။

ထိုသဏ္ဌာန်က မှန်ပြတင်းပေါက်အနီးမှ ကပ်ကာ လှမ်း ကြည့်နေသည်။

ဒေါက်တာမင်းထင်ကျော်က စိတ်ထဲမှာ မသင်္ကာသဖြင့် နောက်သို့ လှည့်ကြည့်လိုက်သောအခါ ဖျတ်ခနဲ ပျောက်သွား တော့သည်။

သေသေချာချာ မမြင်လိုက်ရသော်လည်း သူ့အတွက် အန္တရာယ်တစ်ခု ဖြစ်နိုင်သည်ဟုတော့ ယူဆလိုက်မိသည်။

သို့ကြောင့် နေရာမှထကာ စာကြည့်ခန်းအတွင်းမှ မီးကို ပိတ်လိုက်ပြီး အပြင်သို့ ထွက်လာခဲ့သည်။

ထို့နောက်မှာ အိပ်ခန်းရှိရာသို့ လာခဲ့သည်။ အခန်းထဲ ရောက်တော့ အခန်းတစ်ခုလုံး မှောင်ချထားလိုက်သည်။

သို့သော်လည်း အပြင်ဘက်မှ မီးရောင်များက မှန်ပြ တင်းပေါက်မှတစ်ဆင့် အထဲသို့ ရောက်နေရာ ဝိုးတဝါးတော့ မြင်ရသည်။

အချိန်မှာ ညဥ့်နက်ပိုင်းအချိန်ရောက်ပြီ ဖြစ်သော ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေ သည်။

အတန်ကြာသောအခါ မှန်တံခါးမှ ဖြတ်သွားသော မည်းမည်းသဏ္ဌာန်မှာ အနောက်ဘက်မှ ဖွင့်ထားသော တံခါး



www.burmeseclassic.com

www.burmeseclassic.com



ပေါက်မှ အိမ်အတွင်းသို့ ဝင်လာတော့သည်။

ဆံပင်ဖားလျားချထားပြီး လက်ထဲမှာ ဓားတစ်လက်ကိုင်ထားသည့် မိန်းမတစ်ယောက်ပင်ဖြစ်သည်။

ထိုသဏ္ဌာန်သည် ဒေါက်တာမင်းထင်ကျော် အိပ်ခန်းရှိရာသို့ လျှောက်သွားပြီး အခန်းတွင်းသို့ ဝင်သွားလေသည်။

ခုတင်ပေါ်မှာတော့ ဒေါက်တာမင်းထင်ကျော်တစ်ယောက် စောင်ခြုံလျက် အိပ်နေဟန်ရှိသည်။

ထိုအမျိုးသမီးက ခုတင်နားသို့ ခြေသံမကြားအောင်တိုးသွားပြီး အိပ်နေသူကို ဓါးဖြင့် ထိုးစိုက်ချလိုက်လေတော့သည်။

"ကိုင်းဟာ. . . သေပေတော့"

ထိုသို့ ထိုးစိုက်ရုံဖြင့် အားမရဘဲ အချက်ပေါင်းများစွာထိုးနေပြန်သည်။

"ကဲဟာ. . ကဲဟာ. . ငါ့ကို ဖျက်ဆီးခဲ့တဲ့လူ. . သေပေတော့"

ဟုလည်း ပြောနေလေသည်။

ထိုအခိုက်မှာပင် အခန်းထဲမှာ မီးလင်းလာသည်။

မီးရောင်ကြောင့် အမျိုးသမီးက နောက်လှည့်ကြည့်သည်။ အခြားသူ မဟုတ်ပေ။

မေရီဆွေပင်ဖြစ်သည်။

သို့သော် မေရီဆွေ၏မူလရုပ် မရှိတော့ဘဲ တစ္ဆေသရဲ





ပူးကပ်နေသော ပုံသဏ္ဌာန်မျိုးဖြစ်နေသည်။

မေရီဆွေက အခန်းထောင့်မှာ ရပ်နေသည့် ဒေါက်တာမင်းထင်ကျော်ကို မြင်သောအခါ ရှေ့သို့ တိုးဝင်လာသည်။

"နင်က ဒီမှာကိုး. . . သေပေတော့"

ဒေါက်တာမင်းထင်ကျော်မှာ တားချိန်ပင် မရလိုက်တော့ဘဲ ဓားက ဝင်လာသဖြင့် ရှောင်ပေးလိုက်ရသည်။

ထို့နောက် သူမလက်ထဲမှ ဓားကို လုယူလိုက်သည်။

သို့သော်လည်း အမျိုးသမီးတစ်ယောက်နှင့် မတူဘဲ သန်မာသော ယောကျာ်းတစ်ယောက်ကဲ့သို့ တိုက်ခိုက်သတ်ပုတ်နေသဖြင့် မနည်းချုပ်နှောင်ထားရလေသည်။

"မေရီဆွေ. . . မေရီဆွေ. . . သတိထားလေ"

"ငါ မေရီဆွေ မဟုတ်ဘူး၊ မင်းက ငါ့ရန်သူပဲ၊ ငါတို့ဆွေငါ့အကြွေအစည်တွေကိုပါ ပျက်စီးအောင် ဖျက်ဆီးခဲ့တယ်။ ဒါကြောင့် ငါနဲ့အတူ ငရဲကိုခေါ်သွားရမယ်"

ဟု အသံတစ်မျိုးဖြင့် ပြန်ပြောလေသည်။

ဒေါက်တာမင်းထင်ကျော်မှာ ယောကျာ်းအားနှင့် မိန်းမအားဆိုသော်လည်း မေရီဆွေမှာ သာမန်အခြေအနေ မဟုတ်သောကြောင့် အတော်ကြိုးစားပြီး ချုပ်နှောင်ထားရလေသည်။

ထိုအခိုက်မှာပင် အပြင်ဘက်မှ ကြေးစည်သံ ပေါ်လာသောတော့သည်။

"နောင်ဝေဝေ. . . နောင်ဝေဝေ"



www.burmeseclassic.com

www.burmeseclassic.com



မရှေးမနှောင်းမှာပင် ဦးဗန်ကောင်းနှင့် ဖိုးသူတော်ကြီးတို့နှစ်ယောက် ရောက်လာပြီး ကြေးစည်ထုသူကထု၊ မှော်ဝင်ကြိုးဖြင့် ပတ်သူက ပတ်လိုက်တော့မှ မေရီဆွေမှာ သတိမေ့ကာ တဖြည်းဖြည်း ငြိမ်ကျသွားလေတော့သည်။

"ဟူး . . . အဘတို့ အချိန်မီ ရောက်လာလို့သာ တော်ရော့တယ်၊ မဟုတ်ရင် မလွယ်ဘူး၊ ဒါထက် ဘယ်လိုရောက်လာကြတာလဲ"

"ကျုပ်တို့က မောင်ထင်ကျော်အတွက် စိတ်မချလို့ သူ့နောက်က လိုက်လာကြတာပါ"

"ဒါဖြင့် အဘတို့ဆီကိုလည်း ရောက်လာသေးတာပေါ့"

"ကျုပ်တို့နဲ့ အရင်တွေ့ပြီးမှ ဒီကို ရောက်လာတာပါ။ အခုတော့ မိစ္ဆာဝိညာဉ်လည်း ထွက်သွားပြီဆိုတော့ သူ့အတွက် စိတ်ချရပါပြီ"

"ကူးပါးရဲ့ဝိညာဉ်က သူ့ကိုယ်ထဲကို ဘယ်လိုကနေ ဘယ်လိုရောက်သွားတာလဲ"

"ဒီမိန်းကလေး အကြောက်လွန်ပြီး ပုံမှန်စိတ်အခြေအနေ မရှိတော့တဲ့အချိန်မှာ ဝင်နေတာ ဖြစ်မှာပေါ့"

"ဒါကြောင့် သူပျောက်သွားတာကိုး၊ ဒါဖြင့် အခုရော စိတ်ချရပါ့မလား"

"စိတ်ချရပါပြီ . . . နောက်ထပ်လာစွံတော့မယ် မထင်ပါဘူး၊ ဒါပေမယ့် စိတ်ချရအောင်တော့ မိန်းကလေးအတွက်





အကာအကွယ် လုပ်ပေးထားပါ့မယ်၊ စောင့်ရှောက်တာကတော့ မောင်ထင်ကျော်ပဲ တာဝန်ယူပေးရမယ် ထင်တယ်"

ဟု ပြောရာ ဒေါက်တာမင်းထင်ကျော်မှာ မျက်နှာပူသွားလေသည်။

ထို့နောက် ဖိုးသူတော်ကြီးက မှော်ဝင်ကြိုးအနည်းငယ်ကို ယူပြီး သတိမေ့နေသော မေရီဆွေလည်ပင်း၌ ပတ်ချည်ပေးလိုက်လေသည်။

"ကိုင်း . . . စိတ်ချရပြီဆိုတော့ ကျုပ်တို့သွားတော့မယ်"

"ဟင် . . . အချိန်မတော်ကြီး ဘယ်နေရာသွားကြမှာလဲ"

"ဒီအချိန်မျိုးမှာ ရွှေတိဂုံဘုရားရင်ပြင်တော်ပေါ် သွားပြီး အဓိဋ္ဌာန်ပုတီးစိပ်ရင် အကောင်းဆုံးအချိန်ပဲပေါ့၊ ကြုံကြိုက်တုန်း ဘုရားသွားလိုက်ဦးမယ်"

"နောင် ဝေဝေ . . . နောင် ဝေဝေ"

ဟု ကြေးစည်တနောင်နောင် ထုကာ အပြင်ဘက်သို့ ထွက်သွားကြလေတော့သည်။

အချိန်က အရုဏ်တက်ချိန် နီးလာချေပြီ။





www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၆)

# ဆယ့်နှစ်ကြိုးမှော်ရုံ

BURMESE CLASSIC .com

နောက်တစ်နေ့နံနက်ပိုင်း အချိန်ရောက်တော့မှ မေရီဆွေ အိပ်ပျော်နေရာမှ ပြန်နိုးလာလေသည်။ သူမနိုးလာသော အချိန်တွင် ခုတင်နံဘေးမှာ ကုလားထိုင်တစ်လုံးဖြင့် ထိုင်လျက် တဖတ်နေသော ဒေါက်တာမင်းထင်ကျော်ကို တွေ့ရလေသည်။

မေရီဆွေမှာ ဒေါက်တာမင်းထင်ကျော်ကို မြင်ရသော အခါ များစွာအံ့သြသွားလေသည်။

"ကျွန်မ. . ကျွန်မ ဘယ်နေရာ ရောက်နေတာလဲဟင်"

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"မင်း အခုရောက်နေတာ ကျွန်တော့်ရဲ့အိပ်ခန်းထဲမှာပါပဲ"

"ရှင်"

"အော်. . . ဒီလိုပါ။ ညက အချိန်မတော်ကြီးမှ မင်းရောက်လာပြီး ကိုယ့်ကို ဓါးနဲ့ထိုးဖို့ ကြိုးစားခဲ့တယ်၊ ဒီမှာ မင်းယူလာတဲ့ဓား"

ဒေါက်တာမင်းထင်ကျော်က စားပွဲပေါ်မှာ တင်ထားသောဓါးကို ပြလိုက်သည်။ ထိုစကားကြောင့် မေရီဆွေမှာ များစွာ အံ့သြသွားဟန် ရှိလေသည်။

"ကျွန်မ. . ကျွန်မ ဆရာကို ဓါးနဲ့ထိုးဖို့လာတယ် ဟုတ်လား၊ အဲဒါတွေ ကျွန်မလုပ်တာ မဟုတ်ပါဘူး၊ ကျွန်မ ဘာမှလည်း မသိပါဘူး ဆရာရယ်"

ဟု မျက်နှာငယ်လေးဖြင့် ပြောသည်။

ထိုအခါ ဒေါက်တာမင်းထင်ကျော်က ပြုံးနေရင်းမှ ထကာ သူမအနီးသို့ လျှောက်သွားလေသည်။

"မင်း နေကောင်းသွားပြီးလား"

ဟု မေးလိုက်သည်။ မေရီဆွေ ခေါင်းညိတ်ပြရင်း. . .

"ကျွန်မ ဘာဖြစ်တာလဲဟင်"

ဟု မေးသဖြင့် ဝိညာဉ်ပူးကပ်ခံရပြီး ဓားတစ်လက်နှင့် ရောက်လာပုံအကြောင်းများကို ပြောပြရလေသည်။

ထိုအခါမှ မေရီဆွေလည်း အခြေအနေကို သဘော





ပေါက်သွားဟန်ရှိလေသည်။

"သူ့ရဲ့ဝိညာဉ်က ကျွန်မဆီကို ပူးကပ်နေကျဆိုတော့ နောက်လည်း ရောက်လာပြီး ဝင်ပူးကပ်ခံရမှာပါ"

"အခုတော့ အားလုံးပြီးသွားပါပြီ၊ နောက်ထပ် မင်းကို မိစ္ဆာဝိညာဉ်အပူးမခံရအောင် အစီအရင်တွေ လုပ်ပေးထားပါတယ်၊ စိတ်ပူစရာ မရှိတော့ပါဘူး"

ထိုသို့ပြောတော့မှပင် မေရီဆွေက ရှိုက်ကြီးတငင် ငိုကြွေးနေတော့သည်။

အတန်ကြာအောင် ငိုကြွေးနေပြီးမှ ပြောသည်။

"အခုလို အန္တရာယ်တွေ ကင်းသွားတော့မှပဲ အဖေရော အမေပါ မရှိတော့ပါဘူး၊ သူတို့နှစ်ယောက်စလုံး လောကရဲ့ခန်းထဲက မထွက်နိုင်ခဲ့ကြဘူး. . . သနားစရာကောင်းလိုက်တာ"

"ဒီအတွက် ကိုယ်လည်း စိတ်မကောင်းပါဘူး၊ ဒါပေမယ့် နှစ်ပေါင်းများစွာ ဒုက္ခခံနေရတာနဲ့ စာရင်တော့ ဝဋ်ကျွတ်သွားတယ်လို့ ဆိုရမှာပေါ့"

"ဟုတ်တော့ ဟုတ်ပါတယ်. . . သူတို့ မရှိတော့ ကျွန်မဘဝလည်း အားကိုးစရာ မရှိတော့ပါဘူး"

"ဒါထက် မင်းဘယ်လိုစီစဉ်မလဲ"

"ကျွန်မဘဝက တစ်ယောက်ကြွက်ဘဝ ရောက်သွားပါပြီ အိန္ဒိယက ထွက်လာတာကြာတော့ ဟိုကိုလည်း ပြန်ဖို့ မလွယ်တော့ပါဘူး၊ ဘယ်လိုလုပ်ရမှန်းတောင် မသိတော့ပါဘူး ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ရယ်"

ဟု မျက်ရည်အဝဲသားဖြင့် ပြောသည်။

"ဒီလောက်လည်း တွေးပူမနေပါနဲ့၊ မင်းမှာ အားကိုးစရာ မရှိတော့မှတော့ ဒီမှာပဲ နေနိုင်ပါတယ်၊ မင်းသာ အဆင်ပြေမယ်ဆိုရင် တစ်သက်လုံး စောင့်ရှောက်ပေးထားပါမယ်"

ဟု ပြောလိုက်သောအခါ အံ့ဩသောအမူအရာဖြင့် ကြည့်သည်။

"ကိုယ်တကယ်ပြောတာပါ. . . အားကိုးရာမဲ့နေတဲ့ အချိန်မှာ အခွင့်အရေးယူတယ်လို့ မထင်ပါနဲ့၊ စိတ်ထဲမှာ ရှိတဲ့ စေတနာအတိုင်း ပြောတာပါ"

"ဒီစကားကြားရတာ ကျွန်မ တကယ်ပဲ ဝမ်းသာမိပါတယ်၊ ဆရာ့အပေါ်မှာလည်း ယုံကြည်ပါတယ်. . . ကျေးဇူးတင်ပါတယ် ဆရာရယ်"

BURMESE CLASSIC .com

ဟု တိုးတိုးပြောလိုက်လေသည်။

ဒေါက်တာမင်းထင်ကျော်က သူမလက်ကလေးတစ်ဖက်ကို ဆွဲပြီး နှစ်သိမ့်မှုပေးလိုက်လေသည်။

နောက်တစ်ပတ်ခန့်ကြာသောအခါ ဒေါက်တာမင်းထင်ကျော်ထံသို့ ဆရာဝန်ကြီးဦးမင်းဟန်က တယ်လီဖုန်းဆက်ပြီး ပြောသည်။

"ခင်ဗျားတို့တစ်တွေ အန္တရာယ်ဆိုးတစ်ခုကို ရှင်းပေးလိုက်ကြတဲ့အတွက် ဝမ်းသာပါတယ်ဗျာ၊ တကယ်လို့သာ မရှင်း





နိုင်ရင် ကျွန်တော်တို့ဆေးရုံကြီးကို ဝမ်းဗိုက်ဟောင်းလောင်းနဲ့ လူနာတွေ တစ်ယောက်ပြီးတစ်ယောက် ရောက်လာဦးမှာဗျ၊ ခုတော့ အားလုံးစိတ်ချမ်းသာသွားတာပေါ့ဗျာ"

"ဟုတ်ပါတယ် ဆရာကြီး"

"ဒါထက် ခင်ဗျားကို သတင်းတစ်ခု ပြောရဦးမယ်ဗျ"

"ဘာများလဲ ဆရာ"

"တခြားတော့ မဟုတ်ပါဘူး၊ ခင်ဗျားမိတ်ဆွေ ကိုကျော်စွာအကြောင်း ပြောမလို့ပါ"

"သူ ဘာဖြစ်လို့လဲ ဆရာကြီး"

"မစိုးရိမ်ပါနဲ့ဗျာ. . . ဝမ်းသာစရာသတင်းမျိုး ပြောမှာပါ၊ ခင်ဗျားတို့ ဆေးရုံလာပို့ပေးထားတဲ့ ခင်မေလေးဆိုတဲ့ အမျိုးသမီးလည်း အခုတော့ နေကောင်းသွားပါပြီ၊ ကိုကျော်စွာကတော့ ဆေးရုံကို နေ့တိုင်းရောက်လာပြီး သတင်းမေးနေတာ တွေ့ရတာပဲဗျ"

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်က သဘောကျစွာဖြင့် ပြုံးလိုက်သည်။

"သူတို့ချင်း အဆင်ပြေသွားကြပြီလို့တော့ ထင်ရတာပဲ၊ အဆင်ပြေပါစေဗျာ. . . ဒါမှ ကျွန်တော်တို့ မိတ်ဆွေကြီး လူပျိုဘဝက ကျွတ်မှာဗျ"

ဟု ပြောပြီး တယ်လီဖုန်း ပြန်ချသွားလေသည်။

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ သူတို့ကိုယ်စား ပျော်သလိုလို ကြည်နူးသလိုလို ခံစားရလေသည်။

တကယ်တော့ အချစ်နှင့် တွေ့ကြသူတိုင်း ထိုကဲ့သို့ ပျော်ရွှင်မှုနှင့် ကြုံတွေ့ခံစားကြရမည်မှာ ဓမ္မတာပင်ဖြစ်ပေသည်။

မိတ္တာများထဲတွင် လူကို ပူးကပ်နိုင်သည့်မိတ္တာက ကြောက်စရာအကောင်းဆုံးဖြစ်သည်။ ကဝေထဲတွင် ဆယ့်နှစ်ကြိုးကဝေက ကြောက်စရာအကောင်းဆုံးဖြစ်သည်။

ကြိုးများထဲတွင် မှော်ဝင်ကြိုးက အစွမ်းအထက်ဆုံး ဖြစ်သကဲ့သို့ မေတ္တာဖြင့် နှောင်ဖွဲ့အပ်သော 'အချစ်ကြိုး' သည်လည်း နှစ်သက်ဖွယ်ရာ အကောင်းဆုံးဖြစ်သည်ကိုတော့ ချစ်ခြင်းမေတ္တာနှင့် မကင်းနိုင်သူတိုင်း လက်ခံကြရမည်ပင် ဖြစ်ပေသည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (ဆယ့်နှစ်ကြိုးမှော်ရုံ)အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ်အဆုံးသတ်ပြီဖြစ်ပေတော့သည်။

အနီဿာဟောန္တု သုခီအတ္တာနံ ပရိဟရန္တု။

BURMESE CLASSIC .com

ပြီးပြီ

စာပြီးချိန်။ ။(၂၀၁၂)ခုနှစ်၊ ဇန်နဝါရီလ(၃၁)ရက်၊ အင်္ဂါနေ့၊ ညနေ(၃)နာရီ။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com